မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၄၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၂၅

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဘုရင်ရှိတ်ခ် ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✳

မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူများပါ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော်　ဖေဖော်ဝါရီ　၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး Mr. Ai Ping ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူများပါ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ တိုးမြှင့်အကောင်အထည်ဖော်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်နေမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက် ဖော်ဆောင်နေမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား နှစ်ဦးနှစ်ဖက်မျှတအောင် ရင်းနှီးမြှုပ်နှံနိုင်ရေးကြိုးပမ်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီးဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး Mr. Ai Ping ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရန်ကုန်ဘူတာကြီး ယာဉ်ဝင်းဖွံ့ဖြိုးမှု အဆောက်အအုံများ ဖြစ်ထွန်းလာနိုင်

သတင်း
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်　ဖေဖော်ဝါရီ　၂၄

မြန်မာနိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်များ၏ အဓိကဆုံရာဖြစ်သော ရန်ကုန်ဘူတာကြီး ဘူတာယာဉ်ဝင်းကို နိုင်ငံတကာအဆင့်မီ အဆောက်အအုံများ တည်ဆောက်ကာ စီးပွားရေးမြို့တော်၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

"နိုင်ငံတကာ စီးပွားရေးမြို့တော်တွေနဲ့ အဓိကဘူတာရုံကြီးတွေ အနီးဝန်းကျင်နဲ့ ဘူတာယာဉ်ဝင်းတွေမှာ စီးပွားရေး အဆောက်အအုံတွေ၊ အထပ်မြင့်ဟိုတယ်နဲ့ ရှော့ပင်းမောလ်တွေ တည်ဆောက်ထားလို့ ငွေကြေးလည်းများစွာ ရရှိသလို ဖွံ့ဖြိုးတိုးတက်မှုတွေလည်း ရှိလာတယ်။ ဒါကြောင့် ရန်ကုန်ဘူတာကြီးယာဉ်ဝင်းမှာလည်း အဲဒီလိုအဆောက်အအုံတွေ ဆောက်လုပ်ဖို့ အစီအစဉ်ကို ဆွေးနွေးမှုတော့ရှိနေပါတယ်"ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်ဘူတာကြီး၏ လက်ရှိတည်ဆောက်ထားသည့် ဧရိယာအပါအဝင် ဘူတာယာဉ်ဝင်းအကျယ်အဝန်းမှာ စုစုပေါင်းဧက ၆၀ ခန့်ရှိကြောင်း သိရသည်။ ထို့ကြောင့် လက်ရှိတည်ဆောက်ထားသော ရန်ကုန်ဘူတာကြီး အဆောက်အအုံကို ယခုအတိုင်း

စာမျက်နှာ ၃ ကော်လံ ၁ ✳

ရန်ကုန်ဘူတာကြီး၏ လှပမှုမြင်ကွင်းကို တွေ့ရစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပဲခူး-စစ်တောင်းတူးမြောင်းကို အခြေပြု၍ . . .

ပဲခူးတိုင်းဒေသကြီးသည် ဧရာဝတီတိုင်းဒေသကြီးပြီးလျှင် စပါးနှင့်ပဲ အများဆုံးထွက်ရှိရာ ဒေသဖြစ်သည်။ စိုက်နိုင်ပျိုးနိုင်သော မြေနိမ့်လွင်ပြင်များ အလွန်ပေါများသည့်အလျောက် စိုက်ပျိုးရေးတွင် အထူးအောင်မြင်လျက်ရှိပါသည်။ သို့သော် မိုးတွင်းကာလ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုအန္တရာယ်မှာလည်း နှစ်စဉ်ကြုံတွေ့နေရဆဲဖြစ်သည်။ ဤသဘာဝဘေးကို အထိုက်အလျောက် ကာကွယ်သွားနိုင်မည်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝသည် ပြောင်းလဲတိုးတက်လာမည် ဖြစ်ပါသည်။

ယခုအခါ တိမ်ကောနေပြီဖြစ်သော ပဲခူး-စစ်တောင်းတူးမြောင်းကို အဆင့်မြှင့်တင်တူးဖော်နေပြီဖြစ်သည်။ လာမည့် မိုးရာသီမတိုင်မီ ဤတူးမြောင်းကြီး တူးဖော်မှုပြီးစီးရန် ငွေကြေး၊ ယာဉ်ယန္တရား၊ လူအင်အားများစွာ အသုံးပြု၍ အလုံးအရင်းဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဤတူးမြောင်းကြီးသည် ကိုလိုနီခေတ်က သစ်ဖောင်များမျှောချရန် တူးဖော်ခဲ့ခြင်းဖြစ်ပြီး အရှည်အားဖြင့် ၃၇ မိုင် ၇ ဖာလုံရှိသည်။ သက်တမ်းအားဖြင့် ၁၃၆ နှစ်ပင်ရှိပြီ။ တူးမြောင်းကြီးသည် နှစ်ကြာလာသည့်အလျောက် တိမ်ကောလာပြီဖြစ်၍ နှစ်စဉ် ဝေါနှင့် သနပ်ပင်မြို့နယ်များသည် ရေကြီးမှုအန္တရာယ်နှင့် ကြုံတွေ့နေရသည်။ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုကြောင့် နှစ်စဉ် ပဲတစ်မျိုးတည်းကိုသာ အနိုင်နိုင်စိုက်ပျိုးနိုင်ကြသည်။

ဤတူးမြောင်းကြီးကို အဆင့်မြှင့် တူးဖော်ပေးလိုက်ခြင်းဖြင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်တော့မည်ဖြစ်ပါသည်။ ဒေသခံတောင်သူများ ပဲတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးနေရာမှ မိုးစပါးနှင့် နွေစပါးကိုပါ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လာနိုင်တော့မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ငွေကြေးအကျိုးအမြတ်ကို ပဓာနမထားဘဲ ပြည်သူများ၏ လိုလားတောင့်တချက်ကိုသာ အမြဲတစေ ဂရုပြုဆောင်ရွက်ပေးလေ့ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော် သမ္မတဦးသိန်းစိန်က ဤတူးမြောင်းအဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်း စတင်သည့် အခမ်းအနားတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒကို အစိုးရအဖွဲ့၏ ရည်ရွယ်ချက်အဖြစ်ခံယူပြီး ရည်မှန်းချက်၊ မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ ယခုလည်း ပြည်သူတို့၏ တောင်းဆိုမှုအရ နိုင်ငံ့ဘဏ္ဍာငွေမှကျခံကာ ဤတူးမြောင်းကို အဆင့်မြှင့်တင်တူးဖော်ပေးခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဒေသနေပြည်သူများအနေဖြင့် ဤတူးမြောင်းကြီး ပြန်လည်တူးဖော်နိုင်မှုအပေါ် အကြောင်းပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်အောင်မြင်မြင်ဖြစ်အောင် ကြိုးစားအားထုတ်ရန် အရေးကြီးပါသည်။ စိုက်ပျိုးရေးကိုလည်း သုံးသီးစားဖြစ်အောင် စိုက်ပျိုးလုပ်ကိုင်သင့်သလို ကြက်၊ ဘဲ၊ ဝက်၊ ငါး စသော မွေးမြူရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် လုပ်ကိုင်သွားသင့်ပါသည်။ သို့မှသာ တူးမြောင်းကြီး ပြန်လည်တူးဖော်ရခြင်း အကျိုးကျေးဇူးတိုးပွားလာမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို မြေလွတ်မြေရိုင်း အကြားအလပ်မရှိ ဆယ့်နှစ်လရာသီကာလပတ်လုံး စိုက်ပျိုးထုတ်လုပ်သွားသင့်ပါသည်။ သို့မှသာ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာမည်သာမက ပဲခူးတိုင်းဒေသကြီးတစ်ခုလုံး အမျိုးသားအသားတင်ထုတ်လုပ်မှု (ဂျီဒီပီ)တန်ဖိုးမှာလည်း မြင့်မားလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ဤတူးမြောင်းကြီး ပြန်လည်တူးဖော်ခြင်းကို အခြေပြု၍ ဒေသနေပြည်သူတို့၏ အကျိုးစီးပွားများကို တိုးပွားသည်ထက် တိုးပွားအောင် အားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးတင်ပြချက်များအား အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့နှင့် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းခရိုင်အတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)မှ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်း (Town Plan) များရေးဆွဲပြီး ပြည်သူများ နေထိုင်ရေးအတွက် အိမ်ရာစီမံကိန်းများ၊ ဝန်ထမ်းအိမ်ရာများ၊ တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုးသင့်အိမ်ရာများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆပ်ကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ်ပေါင်း ၁၈၈ မြို့ရှိ ပြည်သူ့ကိုယ်စားလှယ် ၄၃၂ ဦးမှ မေးခွန်းပေါင်း ၁၂၈၆ ခု မေးမြန်းခဲ့ခြင်းများကို ဖြေရှင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးတင်ပြချက်များကို အတတ်နိုင်ဆုံး အကောင်းဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများအတွက် For the People, By the People, Of the People စသည်ဖြင့် ပြည်သူကို ဗဟိုပြုမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးဝင်းသန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦးတို့ ဆွေးနွေးကြသည်။

၎င်းနောက် တက်ရောက်လာကြသော ကိုယ်စားလှယ် ၁၁ ဦးက မေးခွန်း ၁၆ ခုကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မတီဝင်များက ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက ချက်ချင်းဖြေရှင်း ဆောင်ရွက်ပေးခြင်း ၁၀ ချက်၊ ဆက်လက်ဆောင်ရွက်ရန် ၆ ချက် ဖြေကြားခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုဘဝစီးပွားများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ဝိုင်းဝန်း၍ ကြိုးစားဆောင်ရွက်ကြပါရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်လေးပင်မြို့မ(၅) ရပ်ကွက် မီးအချိန်ပြည့်မရ၍ မီးအားနိုင်သည့် ထရန်စဖော်မာ တပ်ဆင်ပေးစေလို

ထင်သာမြင်သာ ပြုပြင်စရာ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက် မြေညီလမ်းထိပ်ရှိ ထရန်စဖော်မာမှာ မီးအားမနိုင်၍ ရပ်ကွက်အတွင်းရှိ ရွှေဟင်္သာလမ်း၊ သုခမိန်လမ်း၊ ဘောဂလမ်းနှင့် မြေညီလမ်းတို့မှာ မီးအချိန်ပြည့်မရရှိခဲ့သည် မှာ သုံးလကျော်ကြာမြင့်ခဲ့ပါသည်။ တစ်မြို့နယ်လုံးအနေဖြင့် ကြည့်မည်ဆိုလျှင် အခြားရပ်ကွက်များ၌ ထရန်စဖော်မာကောင်းမွန်၍ အချိန်ပြည့်မီးသုံးစွဲခွင့်ရရှိနေပါသည်။ ရပ်ကွက်အတွင်းရှိ ပြည်သူတစ်ဦးကလည်း အခြားရပ်ကွက်များတွင် မီးအချိန်ပြည့်လင်းလာပြီး မိမိတို့ မြို့မ(၅) ရပ်ကွက် တစ်ခုတည်းသာ အချိန်ပြည့်မီးမရရှိခဲ့သည် ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာလျှပ်စစ်ရုံးမှ ဝန်ထမ်းတစ်ဦးကို မေးမြန်းကြည့်ရာ ထရန်စဖော်မာ မီးအားမနိုင်သဖြင့် အထက်ဖော်ပြပါလမ်းများကို အလှည့်ဖြင့်ပေးနေရ၍ မီးမလာရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်ရုံးသို့ မေးမြန်းကြည့်ရာ ဇန်နဝါရီလကုန်လောက်တွင် မီးအားနိုင်သော ထရန်စဖော်မာအသစ်နှင့် လဲပေးမည်ဟု ရှင်းပြခဲ့သော်လည်း ဖေဖော်ဝါရီ ၂၂ ရက်တိုင်အောင် လျှပ်စစ်မီးရရှိမှုမှာ နဂိုအတိုင်းပင်ဖြစ်သည်။ ရပ်ကွက်အတွင်း နေပြည်သူများ အထူးသဖြင့် ဖေဖော်ဝါရီလကုန်တွင် ဖြေဆိုမည့် အခြေခံပညာ ကျောင်းသား ကျောင်းသူများနှင့် မတ်လ ၁၂ ရက်တွင် ဖြေဆိုကြမည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ မီးမမှန်သည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။

မကြာမီကာလအတွင်း ကျင်းပမည့် အတန်းတင်စာမေးပွဲတွင် စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် သက်ဆိုင်ရာမှ အမြန်ဆုံးဆောင်ရွက်ပေးသင့်ကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

ခင်အောင်လှိုင်(ညောင်လေးပင်)

ကွင်းဆင်းဆောင်ရွက်

ပင်းတယ ဖေဖော်ဝါရီ ၂၄

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရုံးရှိ ဦးစီးမှူးနှင့် ဝန်ထမ်းများလိုက်ပါ၍ ဖေဖော်ဝါရီလအတွင်း၌ ပင်းတယ အထက (၁) သစ်အယ်ပင်ကျေးရွာ၊ သရက်ပြားကျေးရွာ၊ အင်းပလက်ကျေးရွာနှင့် ရှားပြားကျေးရွာ၊ တမဲကျေးရွာရှိ အမက၊ အမက(မူလွန်)ကျောင်းများသို့ သွားရောက်၍ နံရံကပ်စာစောင်၊ စာအုပ်စာစောင်များနှင့် ဟောပြောပွဲများကျင်းပပေးခဲ့ရာ ပြသထားသော မူးယစ်ဆေးဝါးပပျောက်ရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် လူကုန်ကူးခံရသည့်အကြောင်းအရာ နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကို စိတ်ဝင်စားစွာ ကြည့်ရှုမှတ်သားကြကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

ကံထူးရှင်များ "ရဲသီဟ" ထီးဆိုင်ကို အမြန်ဆက်သွယ်ပါ။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးဌာနမှကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးဌာန ဒုတိယဝန်ကြီး H.E.Mr. Ai Ping ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး

အစည်းအဝေးတက်ရောက်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

(၁၂) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အကောင်အထည်ဖော်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၁၉ ရက်က ရောက်ရှိလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပင်လယ်သမုဒ္ဒရာနှင့် နယ်စပ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ အိုယန်ယွိကျင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မှ ပြန်လည်ထွက်ခွာသွားသည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့်ရန်ကုန်မြို့ တရုတ်သံရုံးမှ သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၁၂)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ဒေသများစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အကောင်အထည်ဖော်ရေးဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိ မြတ်မင်္ဂလာဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပင်လယ်သမုဒ္ဒရာနှင့် နယ်စပ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ အိုယန်ယွိကျင်း တို့က ပူးတွဲသဘာပတိအဖြစ်ပြုလုပ်ပြီး နယ်နိမိတ်နှင့် နှစ်နိုင်ငံနယ်စပ်ဒေသများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ

(Delivery Unit)မှ ပြည်တွင်းလုပ်ငန်းရှင်များသို့ အသိပေးခြင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီ (Delivery Unit)၏ စီစဉ်ကြီးကြပ်မှုဖြင့် ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ Joint Venture စနစ်ဖြင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်လိုသော မြန်မာလုပ်ငန်းရှင်များအနေဖြင့် အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်း စာရင်းပေးထားနိုင်ပါကြောင်းနှင့် လာရောက်ဆက်သွယ်သော မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ၏ အခြေအနေ၊ ဆောင်ရွက်လိုသော လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းလိပ်စာ၊ ဆက်သွယ်ရမည့် လိပ်စာများကို စုစည်း၍ ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ ပေးပို့လျက် ယင်းနိုင်ငံများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစေခြင်း (Business Matching) ပြုလုပ်ပွဲ ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (စက်မှုဝန်ကြီးဌာန) အမှတ် (၃၅ဘီ/၁၅) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ဖုန်း-၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ ဖက်စ်-၀၁-၅၄၆၀၅၁၊ e-mail-smecentre 35b@ gmail.com

ဦးအောင်မျိုးခိုင်
ဒုတိယညွှန်ကြားရေးမှူး
ဖုန်း-၀၉-၅၁၅၃၉၄၆
ဒေါက်တာအိရွှေစင်ထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
ဖုန်း-၀၉-၅၄၀၇၇၁၅

ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်မြို့တို့မှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လိုသည်ဟု ညှိနှိုင်းဆွေးနွေးထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဆက်လက်ထားရှိပြီး ကျန်ရှိနေသည့် ဘူတာယာဒ်ဝင်းအတွင်း စီးပွားရေးဆိုင်ရာ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရန် ရည်မှန်းနေခြင်းဖြစ်သည်။

ရန်ကုန်ဘူတာကြီး ယာဒ်ဝင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက်အအုံများ နိုင်ငံတကာအဆင့်မီ တည်ဆောက်ပါက ပြည်တွင်းကုမ္ပဏီများရော ပြည်ပမှကုမ္ပဏီများကိုပါ တင်ဒါခေါ်ယူသင့်၊ မသင့်ကိုလည်း တာဝန်ရှိသူများ သုံးသပ်လျက်ရှိသည်။ နည်းပညာ၊ ငွေကြေးစသည့်အချက်များအပြင် တည်ဆောက်မှု အရည်အသွေးပိုင်းလည်း ရှိနေသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင်တည်ရှိသော ရန်ကုန်ဘူတာကြီးကို ဗြိတိသျှတို့က ၁၈၇၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၄၃ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ခဲ့သည်။ ၁၉၄၃ ခုနှစ်ကုန်တွင် ပြန်လည်တည်ဆောက်မှုလုပ်ရန် ကြိုးစားခဲ့ရာ ၁၉၄၆ ခုနှစ် မေ ၇ ရက်တွင် မီးရထားအာဏာပိုင်အဖွဲ့က ပြန်လည်တည်ဆောက်ရန် ခွင့်ပြုခဲ့သည်။

ထိုသို့ခွင့်ပြုခဲ့သဖြင့် မြန်မာဒီဇိုင်းဗိသုကာပညာရှင် ဦးလှသွင်နှင့် မြန်မာအင်ဂျင်နီယာ ဦးတင်တို့က ရန်ကုန်ဘူတာကြီးကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယနေ့တွေ့မြင်ရသော ရန်ကုန်ဘူတာကြီးကို ၁၉၅၄ ခုနှစ် မေလတွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ရန်ကုန်ဘူတာကြီး တည်ဆောက်ခဲ့မှု ကုန်ကျစရိတ်မှာ မြန်မာငွေကျပ် ၄ ဒသမ ၇၅ သန်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

✳ ရှေ့ဖုံးမှ

အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ခ် ဂျာဘား မူဘာရက် အယ်လ် ဟာမက် အယ်လ် ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကူဝိတ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင်ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ် ဆာဘား အယ်လ် ခါလစ် အယ်လ် ဟာမက် အယ်လ် ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လမ်းညွှန်မှာကြားခဲ့သည့် တရားစီရင်ရေး၊ စစ်ဆေးရေး၊ စီမံရေးရာနှင့် ထောက်ပံ့ရေးရာကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၃-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

၂၀၁၃-၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၈ ဒသမ ၈၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၁ ဒသမ ၅၁ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၀ ဒသမ ၃၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁၇ ဒသမ ၂၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၇၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၆ ဒသမ ၉၅ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၈၁၆ ဒသမ ၆၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၁၃၈ ဒသမ ၀၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၆၁ ဒသမ ၈၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၉၉ ဒသမ ၉၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၀၃ ဒသမ ၃၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၄၁ ဒသမ ၆၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၄၅ ဒသမ ၀၁ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၆၄၅ ဒသမ ၀၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ယူကရိန်းဆိုင်ရာသံအမတ်ကြီးအား ရုရှားကပြန်လည်ခေါ်ယူ

မော်စကို ဖေဖော်ဝါရီ ၂၄

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ၌ ဖြစ်ပွားနေသော နိုင်ငံရေးအခြေအနေအရ ၄င်း၏သံအမတ်ကို ပြန်လည်ခေါ်ယူလိုက်သည်။

မော်စကိုသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လွှတ်တော်အမတ်များက သမ္မတ ဗစ်တာယာနုကိုဗစ်ချ်အား ဖယ်ရှားလိုက်ခြင်းအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ ယူကရိန်းနိုင်ငံအနေဖြင့် အီးယူနှင့်အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း ကြားဖြတ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သော အိုလက်စန္ဒားတာချီနော့ဗ်က ပြောကြားသည်။

မစ္စတာယာနုကိုဗစ်ချ်၏ အီးယူ-ယူကရိန်းကုန်သွယ်ရေးစာချုပ် ကန့်ကွက်ခဲ့မှုသည် ၄င်းအားဖြုတ်ချနိုင်ခဲ့သည်အထိ ဖြစ်ခဲ့ရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အမေရိကန်အနေဖြင့် ယူကရိန်းပါလီမန်၏ လုပ်ဆောင်မှုများကို အပြည့်အဝ ထောက်ခံကြောင်း ပြောဆိုလိုက်သည်။

အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ကက်သရင်းအက်ရှ်တန်က ဖေဖော်ဝါရီ ၂၄ ရက်က ကီယက်ဗ်မြို့သို့ အလည်အပတ်ရောက်ရှိစဉ် အီးယူအနေဖြင့် ယူကရိန်းနိုင်ငံရေးအကျပ်အတည်းဖြေရှင်းပြီး စီးပွားရေး တည်ငြိမ်အောင် အစီအမံများ ချမှတ်ဆောင်ရွက်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

ယူကရိန်း အကျပ်အတည်းအပေါ် ရုရှားနှင့်အမေရိကန်တို့သည် ဆန့်ကျင်ဘက်အမြင် ရှိနေသည်။ အမေရိကန်က အီးယူနှင့်ပူးပေါင်းပြီး အတိုက်အခံတို့အား ထောက်ခံသည်။ ရုရှားက ယူကရိန်းဆိုင်ရာ သံအမတ်မီးခေးလ်ဇူရာဘော့ဗ်အား ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြန်လည်ခေါ်ယူလိုက်သည်။ **(ဘီဘီစီ)**

ကမ္ဘာ့ရွှေအများဆုံးထုတ်လုပ်သုံးစွဲမှု တရုတ်ထိပ်ဆုံးရောက်

ပေကျင်း ဖေဖော်ဝါရီ ၂၄

ကမ္ဘာ့ရွှေအများဆုံး ဝယ်ယူသုံးစွဲမှုကို ၂၀၁၃ ခုနှစ်အတွင်း တရုတ်က အိန္ဒိယထံမှ ပထမဆုံးအကြိမ်အဖြစ် လွှဲပြောင်းရယူလိုက်ပြီဖြစ်ကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ရွှေဝယ်ယူသုံးစွဲမှုသည် ၂၀၁၃ ခုနှစ်အတွင်း ၁၁၇၆ တန်အထိ ရှိခဲ့ကြောင်း၊ ရွှေဈေးနှုန်းကျဆင်းမှုအပေါ် ဝယ်ယူသုံးစွဲမှုမှာ ၄၁ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ပြန်ကြားရေးနှင့် နည်းပညာဝန်ကြီးဌာန (အမ်အိုင်အိုင်တီ)က ထုတ်ပြန်သောစာရင်းဇယားများတွင် ဖော်ပြသည်။

ရွှေဈေးမှာ ပြီးခဲ့သည့်နှစ်က ယခင်နှစ်ကထက် ၂၆ ရာခိုင်နှုန်း ဈေးကျခဲ့သည်ဟု ဆိုသည်။ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၇၀ ရှိရာမှ ၁၂၄၃ ဒေါ်လာသို့ ကျဆင်းသွားခဲ့သည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့နံပါတ်တစ် ရွှေအများဆုံးထုတ်လုပ်သည့် နိုင်ငံအဖြစ် ခုနစ်နှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့သည်။ ယခင်နှစ်အတွင်း တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှု ၆ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၄၂၈ တန်အထိ ထုတ်လုပ်ခဲ့ရာ ကမ္ဘာတစ်ဝန်းရွှေထုတ်လုပ်နိုင်မှု၏ ၁၅ ရာခိုင်နှုန်း နီးပါးရှိသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

တန်ဖိုးနည်း စမတ်ဖုန်း မော်ဇီလာထုတ်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၄

မော်ဇီလာကုမ္ပဏီက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ရည်ရွယ်လျက် အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာတန်ဖိုးရှိ စမတ်ဖုန်းကို ထုတ်လုပ်ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။

ကမ္ဘာကျော် Firefox browser ကုမ္ပဏီက တရုတ်ချစ်ပ်ပြားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုနှင့်ပူးပေါင်းကာ အဆိုပါစမတ်ဖုန်းကို ထုတ်လုပ်သွားမည်ဟု ဆိုသည်။ ယင်းစမတ်ဖုန်းသည် အပလီကေးရှင်းများထည့်သွင်းပြီး မိုဘိုင်းအင်တာနက်ပါ သုံးနိုင်လိမ့်မည်ဟု ဆိုသည်။

အဆိုပါစမတ်ဖုန်းကို ဈေးနှုန်းသက်သာစွာ ဝယ်ယူလိုသော ပြည်သူများအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း မော်ဇီလာက ပြောသည်။ ယင်းကုမ္ပဏီက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဈေးကွက်ကို ဦးဆောင်သွားနိုင်ရန် တန်ဖိုးနည်းစမတ်ဖုန်းများ ထုတ်လုပ်သွားမည်ဟု ဆိုသည်။

(ဘီဘီစီ)

ကမ္ဘောဒီးယားနိုင်ငံ၌ အမျိုးသမီးများ ပညာတတ်မြောက်မှု နည်းပါးနေဆဲ

ဖနောင်ပင် ဖေဖော်ဝါရီ ၂၄

ကမ္ဘောဒီးယားနိုင်ငံရှိ အမျိုးသမီးများသည် အထည်ချုပ်စက်ရုံများ၌ အလုပ်သမားများအဖြစ် ဘဝနစ်မွန်းနေခြင်း၊ ဘဝရပ်တည်မှုချို့တဲ့ခြင်းတို့ကြောင့် အဆင့်မြင့်ပညာသင်ကျောင်းများမှ ဘွဲ့ရပညာတတ်မြောက်မှု နည်းပါးနေရကြောင်း အမျိုးသမီးရေးရာဝန်ကြီး Ing Kantha Phavi က ဖေဖော်ဝါရီ ၂၄ ရက်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နှစ်အတွင်းကလည်း တက္ကသိုလ်များမှ ပါရဂူဘွဲ့ရရှိသူ တစ်ဦး၊ မဟာဘွဲ့ရရှိသူ ၄၆၉ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၆၈၇ ဦး သာရှိကြောင်း ၄င်းက အမျိုးသမီးညီလာခံနှစ်ပတ်လည်ပွဲ၌ ပြောကြားသည်။ အထည်ချုပ်စက်ရုံများ၌ အလုပ်လုပ်ကိုင်နေခြင်း၊ မိသားစုများဆင်းရဲနွမ်းပါးခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးဆုပေးရာတွင် ကန့်သတ်ထားမှုရှိနေခြင်းတို့သည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးများပင်ဖြစ်ကြောင်း၊ ၄င်းတက္ကသိုလ်များရှိ အဆောင်ထားရှိနိုင်မှု အရေအတွက်မှာလည်း လိုအပ်နေသေးကြောင်း ၄င်းက ဆက်လက်ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်များစွာကတည်းကစကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ဆောင်ခဲ့ရာ ၂၀၀၄ ခုနှစ်က ဆင်းရဲမှုနှုန်း ၅၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်အရောက်တွင် ၂၀ ဒသမ ၅ ရာခိုင်နှုန်းအထိ သိသိသာသာကျဆင်းသွားခဲ့ကြောင်း ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်ကမ္ဘာ့ဘဏ်မှတ်တမ်းများအရ သိရသည်။ **(ဆင်ဟွာ)**

ထိုင်းအကျပ်အတည်း စစ်တပ်ကြားဝင်မည်မဟုတ်

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

ဗန်ကောက်မြို့ ပေါက်ကွဲမှုတွင် သေဆုံးသူသုံးဦးအထိ မြင့်တက်လာချိန် ထိုင်းအကျပ်အတည်းအတွင်း စစ်တပ်က ကြားဝင်မည်မဟုတ်ကြောင်း စစ်တပ်အကြီးအကဲက ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံရေး အကျပ်အတည်းသည် နိုဝင်ဘာလဆန္ဒပြကတည်းက အကြမ်းဖက်မှုများ မြင့်တက်လာသည်။ တနင်္ဂနွေနေ့က အစိုးရဆန့်ကျင်ဆန္ဒပြသည့်နေရာတစ်ခုအနီး ဗုံးပေါက်ကွဲခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် လေးနှစ်အရွယ် ယောကျာ်းလေးတစ်ဦး သေဆုံးသွားသည်။ ၄င်း၏ အစ်မဖြစ်သူမှာလည်း ဦးနှောက်ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း ဆရာဝန်များက တနင်္လာနေ့တွင် ပြောသည်။ **(ဘီဘီစီ)**

ပိုလီယိုနှင့်တူသောရောဂါ အမေရိကန်၌ဖြစ်

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ ပိုလီယိုနှင့်တူသောရောဂါဖြစ်ပွားလျက်ရှိရာ ရောဂါကူးစက်ခံရသူ လူ ၂၀ အထိရှိသွားပြီဖြစ်ကြောင်း အမေရိကန် ဆရာဝန်များက သတိပေးပြောကြားသည်။

ရောဂါကူးစက်ခံရသူ အချို့သည် ကုသ၍မရနိုင်သော ခြေလက်အားလုံး အကြောသေသကဲ့သို့ဖြစ်ရကြောင်း အမေရိကန်အာရုံကြောဆိုင်ရာ အကယ်ဒမီအစည်းအဝေး၌ ပြောကြားသည်။ အမေရိကန်နိုင်ငံသည် ပိုလီယိုရောဂါကင်းစင်နိုင်ငံဖြစ်သော်လည်း ယင်းဗိုင်းရပ်စ်သည် အာရုံကြောစနစ်ကို တိုက်ခိုက်ခံရပြီး အကြောသေရောဂါဖြစ်နိုင်သည်ဟုဆိုသည်။

အဆိုပါ ပိုလီယိုနှင့်တူသောရောဂါကူးစက်မှုမှာ အမေရိကန်၌ လွန်ခဲ့သော ၁၈ လအတွင်းဖြစ်ခဲ့ပြီး ကလေးများတွင် အဖြစ်များဆုံးဖြစ်ကြောင်း သိရသည်။ **(ဘီဘီစီ)**

အမေရိကန်နှင့်တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

ကြည်း၊ ရေ၊ လေနှင့် ကွန်ပျူတာအခြေခံပြုလုပ်ချက်များပါဝင်

ဆိုးလ် ဖေဖော်ဝါရီ ၂၄

ဆယ်စုနှစ်များစွာကြာအောင် ကွဲကွာနေသော တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံရှိ မိသားစု၊ ဆွေမျိုးများ ပြန်လည်ပေါင်းစည်းရေးပြုလုပ်နေဆဲကာလအတွင်း တောင်ကိုရီးယားနှင့် အမေရိကန်ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် စတင်လိုက်ပြီဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ နှစ်နိုင်ငံနှစ်ပတ်လည်စစ်ရေးလေ့ကျင့်မှုသည် လာမည့် ဧပြီ ၁၈ ရက်အထိ ကြာမည်ဖြစ်သည်။ ၄င်းတို့၏ လေ့ကျင့်ရေးတွင် ကွန်ပျူတာအခြေခံပြုလုပ်ဖန်တီးမှုများ ပါဝင်မည်ဖြစ်ပြီး ကြည်း၊ ရေ၊ လေ စစ်ရေးလေ့ကျင့်မှုများ ပါဝင်မည်ဖြစ်သည်။

၄င်းစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်နှင့်စစ်ရေးလေ့ကျင့်မှု လုပ်ဆောင်ပါက ကွဲကွာဆွေမျိုးများ ပြန်လည်ပေါင်းစည်းရေးအစီအစဉ်ကို ဖျက်သိမ်းမည်ဆိုသော ပြုံယမ်း၏ အစောပိုင်းခြိမ်းခြောက်မှုအား ဆန့်ကျင်လိုက်ခြင်းဖြစ်သည်။

ယခုစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်စစ်သား ၁၂၅၀၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့က ယခုလေ့ကျင့်မှုကို ကာကွယ်ရေးဆိုင်ရာ သက်သက်အတွက်သာဖြစ်သည်ဟု ဖော်ပြကြပြီး ပြုံယမ်းဘက်ကမူ ၄င်းလေ့ကျင့်မှုကို စစ်ဖြစ်ရန်စိန်ခေါ်လိုက်သော လေ့ကျင့်မှုအဖြစ် ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့က "ယခုလောလောဆယ် မြောက်ကိုရီးယားဘက်က မသင်္ကာဖွယ်လှုပ်ရှားမှုတစ်စုံတစ်ရာ မတွေ့ရသေးပါဘူး။ အကယ်၍ ၄င်းတို့ဘက်က စွပ်စွဲရှုတ်ချမှုတွေ၊ တမင်တကာရန်စမှုတွေ လုပ်လာရင်တော့ ကျွန်တော်တို့လည်း တုံ့ပြန်အရေးယူရပါလိမ့်မယ်"ဟု ဆိုသည်။

ယင်းနေ့မှာပင်၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲကာလကတည်းက စတင်ကာ ကွဲကွာနေခဲ့ရသော တောင်နှင့်မြောက်ဆွေမျိုးများ ပထမအကြိမ်တွေ့ဆုံမှုအဖြစ် တောင်ကိုရီးယားနိုင်ငံသား ၃၆၀ တို့ တက်ရောက်ခဲ့ကြသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တောင်သူပညာပေးစိုက်ကွင်းများအတွင်း တာဝန်ထမ်းဆောင်နေကြသည့် စိုက်ပျိုးရေးပညာရှင်များအား တွေ့ဆုံ၍ လယ်ယာကဏ္ဍဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စီးပွားဖြစ် သီးနှံအမယ်စုံစိုက်ပျိုး ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို သိရှိကျွမ်းဝင်နားလည်ရေးပညာပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ်ရှိ တစ်ဆက်တစ်စပ်တည်းဧက ၉၀၀ စိုက်ကွင်း ရှင်းလင်းဆောင်၌ တောင်သူပညာပေး စိုက်ကွင်းများအတွင်း တာဝန်ထမ်းဆောင်နေကြသည့် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်း ၂၉ ဦးအား စိုက်ကွင်းအတွင်းတွေ့ဆုံ၍ လယ်ယာကဏ္ဍဆိုင်ရာများကို အသေးစိတ်ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပညာရှင်များသည် စိုက်ခင်းရှင်းလင်းဆောင်အနီးရှိ အောင်မြင်ဖြစ်ထွန်းနေသော ၁၁၄ ရက်သား သက်တမ်းရှိ တစ်ဆက်တစ်စပ်တည်း ကညွတ်သီးနှံစိုက်ခင်းများ၊ သက်တမ်း ၈၀ ရက်သားရှိ အပွင့်များ သီးပွင့်၍အသီးစတင်သီးနေသော စင်တင်သီးနှံ ဂျပန်မှုရင်းမျိုးရွှေဖရုံသီးစိုက်ခင်းများ၊ ၇၉ ရက်သားသက်တမ်းရှိ ရွှေသခွားမွှေးစိုက်ခင်းများ၊ ကျောက်စိမ်းသခွားမွှေးစိုက်ခင်းများနှင့် တစ်ဆက်တစ်စပ်တည်း ခရမ်းသီးစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ဂျပန်စပ်မျိုးဖရဲစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများအား ဆွေးနွေးမှာကြားရာတွင် တောင်သူပညာပေးစိုက်ကွင်းများ၌ တောင်သူများ လက်တွေ့အမှန်တကယ် အကျိုးကျေးဇူး ရရှိခံစားနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အပါအဝင် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို တောင်သူများ လက်ဝယ်အရောက်ပေးပို့နိုင်ရန် စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်ကို လက်တွေ့ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် စိုက်ပျိုးရေးပညာရှင်များက မြေတစ်ဧက၏ အသုံးချနိုင်မှုအပေါ် မူတည်၍ တောင်သူများ မည်သည့်သီးနှံရွေးချယ်စိုက်ပျိုးခြင်းအားဖြင့် လက်တွေ့ဝင်ငွေတိုးတက်ရရှိနိုင်မှု အလားအလာများကို ကိုယ်တိုင် စီမံတွက်ချက်တတ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ယခင်က ရပ်ဝေး၊ ရွာဝေးများအရ အိမ်နောက်ဖေးဈေးဆိုင်တည်ဆိုသည့် တစ်ပိုင်တစ်နိုင်အလေ့အထအဆင့်ကို ပြုပြင်ပြောင်းလဲပေးပြီး ဈေးကွက်ဝင် သီးနှံအမယ်များ ရွေးချယ်၍ စီးပွားဖြစ်စိုက်ကွင်းများ ထူထောင် အကောင်အထည်ဖော်လာသည့်အလေ့အထကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village, One Product) စနစ်ဖြင့် စီးပွားဖြစ် သီးနှံအမယ်စုံစိုက်ပျိုးပြီး ဈေးကွက်သို့ အရောက်(From Farm to Market) တင်ပို့ရောင်းချသည့် အဆင့်ထိ ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ကြောင်း။ ဈေးကွက်၏အရေးပါမှု အခန်းကဏ္ဍကို တောင်သူများသိရှိသဘောပေါက်လာရန်နှင့် လက်တွေ့ကိုယ်တိုင် ပါဝင်လုပ်ဆောင်တတ်လာကြစေရန် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များ (Market Information) ကို သိရှိကျွမ်းဝင် နားလည်စေရေး ပညာပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံသော သီးနှံအမယ်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပဈေးကွက် လိုအပ်ချက် အရည်အသွေးနှင့် ထုတ်လုပ်မှုအရေအတွက်၊ ထုထည်ပမာဏ လိုအပ်ချက်တို့ကို တစ်ပြိုင်တည်း အချိန်ကိုက်စိုက်ပျိုးထုတ်လုပ်ပေးနိုင်ရေးအလေ့အကျင့်ကောင်းများကို ၎င်းစိုက်ကွင်းများမှ စံနမူနာပြသ အကောင်အထည်ဖော်သွားကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သံဃဝိနိစ္ဆယဖြင့် ဆုံးဖြတ်ထားရှိသည့် ကျူးကျော်ဘုန်းကြီးကျောင်းများအား ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇/၁၁ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်များတွင်ရှိ သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်ဘုန်းကြီးကျောင်းများအား နေပြည်တော်သာသနာရေးမှူး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် တာဝန်ရှိသူများက ၁၀-၆-၂၀၁၂ ရက်တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျူးကျော်ဘုန်းကြီးကျောင်း ၃၇ကျောင်း စိစစ်တွေ့ရှိရပြီး ယင်းကျောင်းများရှိ သံဃာတော်များသည် သာသနာ့ဝင်မှတ်တမ်းမရှိခြင်း၊ သက်ဆိုင်ရာသံဃနာယကအဖွဲ့အဆင့်ဆင့်၏ခွင့်ပြုချက်မရှိခြင်း၊ တရားဝင်ဆောက်လုပ်ရန် ခွင့်ပြုချက်များမရှိခြင်းတို့ကြောင့် တာဝန်ရှိသူများက ကျူးကျော်ဘုန်းကြီးကျောင်းများရှိ သံဃာတော်များပင့်ဖိတ်၍ ဆွေးနွေးမှုများပြုလုပ်ကာ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ ကူညီပံ့ပိုးဆက်ကပ်ခဲ့သဖြင့် ၃-၇-၂၀၁၂ ရက်တွင် ကျူးကျော်ကျောင်း(၁၃)ကျောင်းမှာ ထွက်ခွာသွားခဲ့သည်။

ကျန်ရှိသည့် ကျူးကျော် ၂၄ ကျောင်းနှင့်ပတ်သက်၍ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်များ၊ နေပြည်တော်သာသနာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများဖြင့် ထပ်မံညှိနှိုင်းရာ ကျန်ရှိကျူးကျော်ကျောင်းများက လက်မခံသဖြင့် ဆရာတော်များအား သက်ဆိုင်ရာ သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်များက ပထမအကြိမ်၊ ဒုတိယအကြိမ် သတိပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ဆက်လက်တင်ပြခဲ့သည်။

၂၈-၇-၂၀၁၂ ရက်တွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် နိုင်ငံတော်သံဃနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေးတွင် **"နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျူးကျော်ဆောက်လုပ်ထားသော ဘုန်းကြီးကျောင်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့မှတင်ပြလာခြင်းအပေါ် ကျူးကျော်ကျောင်း ၂၄ ကျောင်းကို ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုရန်"** ဆုံးဖြတ်ခဲ့သည်။ ထပ်မံ၍ တိုင်းသံဃနာယကအဖွဲ့ကလည်း နိုင်ငံတော်သံဃနာယကအဖွဲ့၏ စိစစ်ဆောင်ရွက်ခဲ့မှုကို ပြန်လည်တင်ပြခဲ့ရာ ၃၀-၁၂-၂၀၁၃ ရက်တွင် နိုင်ငံတော်သံဃနာယကအဖွဲ့က ထပ်မံအတည်ပြုကာ ကျူးကျော်ကျောင်း ၂၄ ကျောင်းအဖြစ် ဒုတိယအကြိမ် သတ်မှတ်ဆုံးဖြတ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

နေပြည်တော်သံဃနာယကအဖွဲ့ကလည်း ကျူးကျော်ကျောင်း ၂၄ ကျောင်းအား ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာ အမှတ် (၇၅) ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ရန် ထပ်မံအကြောင်းကြားလာခဲ့သဖြင့် နေပြည်တော်သာသနာရေးမှူးက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇/၁၁ ဖြင့် အရေးယူဆောင်ရွက်နိုင်ရေး ၂၀-၂-၂၀၁၄ ရက်တွင် သက်ဆိုင်ရာမြို့နယ် တရားရုံးများ၌ ဦးတိုက်လျှောက်ထား ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ကောင်စီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ချင်းပြည်နယ် ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	ချင်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ပြည်နယ်မြေစာရင်းဦးစီးဌာန	၀၇၀-၂၁၀၄၆
၂	ဟားခါးခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းဦးစီးဌာန	၀၇၀-၂၁၁၀၃
၃	ဖလမ်းခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းဦးစီးဌာန	၀၇၀-၄၀၁၀၂
၄	မင်းတပ်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းဦးစီးဌာန	၀၇၀-၇၀၀၆၉
၅	ဟားခါးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၇၀-၂၁၁၀၃
၆	ထန်တလန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၇၀-၆၀၀၀၉
၇	တီးတိန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၇၀-၅၀၀၂၂
၈	တွန်းဇံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၉-၄၇၁၇၅၀၇၅
၉	ဖလမ်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၇၀-၄၀၀၀၆
၁၀	ကန်ပက်လက်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၉-၆၆၀၀၁၆၄
၁၁	ပလက်ဝမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၉-၄၉၆၇၉၀၆၅
၁၂	မတူပီမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၇၀-၈၀၂၅၂
၁၃	မင်းတပ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၇၀-၇၀၀၂၉

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဘင်းမ်စတက်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု

စွမ်းဦး

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် သိသာသည့် တိုးတက်မှုများနှင့်အတူ မိမိတို့မြန်မာနိုင်ငံအပေါ် ကမ္ဘာ့နိုင်ငံများက ယုံကြည်ကိုးစားပြီး ဒေသတွင်း၊ အဖွဲ့အစည်းများအတွင်း ဦးဆောင်ဦးရွက်ပြုရေး အခွင့်အလမ်းကောင်းများ ရရှိလျက်ရှိသည်။ ၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသည့်နှစ်ဖြစ်သည်နှင့်အညီ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတို့ကို မကြာမီကာလအတွင်း လက်ခံကျင်းပမည်ဖြစ်သည်။ အဆိုပါတတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ ပထမဆုံးဘင်းမ်စတက်အထွေထွေအတွင်းရေးမှူးချုပ်အား ခန့်အပ်ခြင်းစသည့် ကိစ္စရပ်များပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဘင်းမ်စတက်အဖွဲ့သို့ ဝင်ရောက်ခဲ့သည့်အချိန်မှစ၍ စွမ်းအင်ကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍတို့၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး စွမ်းအင်ကဏ္ဍအတွက် စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ဝန်ကြီးဌာန (Focal Ministry) အဖြစ် ဆောင်ရွက်ရသဖြင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် စွမ်းအင်နှင့်ဆက်နွှယ်သော ဝန်ကြီးဌာနများဖြစ်ကြသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့အပြင် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက် "ဘင်းမ်စတက်အဖွဲ့စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီ" ကို ၂၃-၇-၁၉၉၉ ရက်စွဲဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ယင်းအဖွဲ့၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသည် ဘင်းမ်စတက်အဖွဲ့တွင် စွမ်းအင်ကဏ္ဍဦးဆောင်နိုင်ငံအဖြစ် ၁၉၉၉ ခုနှစ်မှစတင်၍ သုံးနှစ်တာကာလ သုံးကြိမ်တာဝန်ယူဆောင်ရွက်ခဲ့ပြီးသည့်အချိန်၌ စွမ်းအင်ကဏ္ဍ၏ဦးဆောင်နိုင်ငံအဖြစ် အလှည့်ကျသည့် သီရိလင်္ကာနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သော်လည်း မြန်မာနိုင်ငံမှပင် ဦးဆောင်နိုင်ငံအဖြစ် ဆက်လက်တာဝန်ယူပေးပါရန် မေတ္တာရပ်ခံခဲ့သောကြောင့် မြန်မာနိုင်ငံမှစွမ်းအင်ကဏ္ဍ၌ ယနေ့အထိ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိရာ စွမ်းအင်ကဏ္ဍ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်စဉ်အတွင်း အဆင့်မြင့်အရာရှိများ/ကျွမ်းကျင်သူများ အစည်းအဝေးများကို ၂၀၀၄ ခုနှစ်မှအပ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ ငါးကြိမ်တိုင်တိုင်နှစ်စဉ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျေးလက်ဒေသတွင် နေရောင်ခြည်စွမ်းအင်ဖြင့် အသေးစားလျှပ်စစ်ဓာတ်အားပေးခြင်းလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပညာအထောက်အပံ့အကူအညီ ပံ့ပိုးပေးခြင်းနှင့် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် အမျိုးသမီးများ၏ အခွင့်အလမ်းများမြှင့်တင်ဆောင်ရွက်သွားရန်တို့ကို လှုပ်ရှားဆောင်ရွက်သွားရန် သဘောတူခဲ့ကြပါသည်။

ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်၌ ကျင်းပပြုလုပ်ခဲ့ပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ဟိုက်ဒရိုကာဗွန်နှင့် ရေအားလျှပ်စစ်စီမံကိန်းအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်အသုံးချမှု စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်သွားရန်နှင့် လျှပ်စစ်နှင့်သဘာဝ ဓာတ်ငွေ့ ကွန်ရက်များ၊ စွမ်းအင်နည်းပညာများကို အပြန်အလှန်ဆက်သွယ် ဆောင်ရွက်သွားရန် ဘင်းမ်စတက်အဖွဲ့ကြီးက သဘောတူခဲ့ကြပါသည်။

၂၀၀၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၁၄) ရပ်၌ ပါဝင်သည့် စွမ်းအင်ကဏ္ဍ၌ အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြဋ္ဌာန်းချမှတ်ခဲ့ပါသည်။

(က) နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားရောင်းဝယ်ရေး စီမံချက်-ဘင်းမ်စတက်ဒေသတွင်း လျှပ်စစ်ဓာတ်အားကွန်ရက် တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အားစီမံကိန်းတည်ဆောက်ထုတ်လုပ်သည့်နိုင်ငံများမှ အခြားတစ်နိုင်ငံသို့ လိုလောက်သော လျှပ်စစ်ဓာတ်အားပေးပို့နိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်သွားနိုင်စေရန်၊

(ခ) နိုင်ငံဖြတ်ကျော်ဓာတ်ငွေ့ပိုက်လိုင်းစီမံချက်-ဘင်းမ်စတက်ဒေသတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရာတွင် ဒေသ၏ စွမ်းအင်လုံခြုံရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရေး တူညီသောရည်မှန်းချက်ဖြင့် ဆောင်ရွက်သွားရန်၊

(ဂ) ဒေသတွင်းရေစွမ်းအင်အရင်းအမြစ်ဖွံ့ဖြိုးရေးစီမံချက်-ဒေသတွင်းရှိ ရေအားအရင်းအမြစ်များကို ဖော်ထုတ်အသုံးပြုရာ၌ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာ ထုတ်လုပ်သုံးစွဲသွားရန်နှင့်ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရာ၌ အဖွဲ့ဝင်နိုင်ငံများအတွင်း တည်ဆောက်မှု၊ လည်ပတ်မှု၊ ပြုပြင်ထိန်းသိမ်းမှုအသိပညာ၊ အတတ်ပညာများဖလှယ်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်သွားရန်၊

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဘင်းမ်စတက်အဖွဲ့သို့ ဝင်ရောက်ခဲ့သည့်အချိန်မှစ၍ စွမ်းအင်ကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိ

(ဃ) သမားရိုးကျမဟုတ်သော စွမ်းအင်အရင်းအမြစ်တို့ကို အသုံးချရေးစီမံချက်-ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်း၊ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဟိုက်ဒရိုကာဗွန်ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သမားရိုးကျမဟုတ်သော စွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ နိုင်ငံအချင်းချင်း ကျွမ်းကျင်မှုများဖလှယ်၍ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး ပူးပေါင်းဆောင်ရွက်ရန်၊

(င) စွမ်းအင်ထိရောက်စွာအသုံးချမှု အတွေ့အကြုံဖလှယ်ရေးစီမံချက်-ဒေသတွင်း အဖွဲ့ဝင်နိုင်ငံအချင်းချင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ စွမ်းအင်ကို အကျိုးရှိရှိထိထိရောက်ရောက် သုံးစွဲနိုင်မည့် အတွေ့အကြုံများ ဖလှယ်သွားရန်၊

(စ) စွမ်းအင်ဖူလုံစိတ်ချမှု အတွေ့အကြုံဖလှယ်ရေးစီမံချက်တို့ဖြစ်ပါသည်။

နိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားရောင်းဝယ်ရေး စီမံချက် (BIMSTEC Trans Power Exchange and Development Project) နှင့် စပ်လျဉ်း၍ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေး၊ ရေအားလျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်းနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားသွယ်တန်းရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံဖြတ်ကျော်ဓာတ်ငွေ့ပိုက်လိုင်းစီမံချက် (Trans BIMSTEC Gas Pipeline Project) နှင့်စပ်လျဉ်း၍ တနင်္သာရီကမ်းလွန်ဒေသရှိ ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို ၁၉၉၈ ခုနှစ်မှစ၍လည်းကောင်း၊ မုတ္တမကမ်းလွန်ဒေသရှိ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို ၂၀၀၀ ပြည့်နှစ်မှစ၍လည်းကောင်း ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချလျက်ရှိသည်။

သမားရိုးကျမဟုတ်သော စွမ်းအင်အရင်းအမြစ်တို့ကို အသုံးချရေးစီမံချက် (Non-Conventional Source of Energy Project) နှင့် စပ်လျဉ်းပြီး အိန္ဒိယနိုင်ငံ စွမ်းအင်အရင်းအမြစ်သိပ္ပံ (The Energy and Resources Institute-TERI)၏ စက်ပစ္စည်း၊ နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီအပေါ် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၃ ခုနှစ်တွင် ဇီဝဒြပ်ထုမှဓာတ်ငွေ့လောင်စာ၏ ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သောကိရိယာ အသုံးပြု၍ ဆေးရွက်ကြီး အခြောက်ခံခြင်းလုပ်ငန်း သရုပ်ပြစီမံကိန်းအဆင့်(၁)ကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေများကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးမှုစီမံကိန်း အစီအစဉ် ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပုဂံ-ညောင်ဦးမြို့တွင် ကျင်းပခဲ့ပြီး စီမံကိန်းတည်ရှိရာ မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာသို့ သွားရောက်၍ ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သောကိရိယာအသုံးပြု၍ ဆေးရွက်ကြီးအခြောက်ခံခြင်းလုပ်ငန်း သရုပ်ပြစီမံကိန်း လက်တွေ့ဆောင်ရွက်မှုကို သွားရောက်လေ့လာခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

ဆည်ကြီးချောင်းရေတိုက်စားမှုကာကွယ်နိုင်ရန် ရေကာဆောက်လုပ်

ကလေး ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သည် ချင်းတောင်ခြေရင်းတွင် တည်ရှိ၍ မိုးရာသီဆိုလျှင် ချောင်းများက တောင်ပေါ်ဒေသများမှနေပြီး အရှိန်ပြင်းစွာဖြင့် ဝါးလုံးထိုး စီးဆင်းလာမှုကြောင့် ချောင်းကမ်းပါးများ ရေတိုက်စားကာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှုကို ကာကွယ်နိုင်ရန်အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုကိုခံယူကာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်အထောက်အကူပြု အဖွဲ့များနှင့် ပူးပေါင်းကာ မျှောကရစ်တန်းကျောက်ဖြည့်ပိုင်ရိုက်သည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကြိုးကြပ်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆည်ကြီးချောင်းရေတိုက်စားမှုကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်က သီးသန့်ရန်ပုံငွေကျပ်သိန်း ၁၂၀ ကိုခွင့်ပြုပေးခဲ့ပြီး အရှည်ပေ (၅၀၀×၄×၄)ရေကာများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရေကာများ ဆောက်လုပ်ပြီးပါက ညောင်တောကျေးရွာ ရေတိုက်စားမှုကို ကာကွယ်နိုင်မည့်အပြင် ဆည်ကြီးတံတားနှင့် အနောက်မြောက်လမ်း ကမ်းပါးပြိုကျမှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

ကျေးရွာပေါင်း ၁၂ ရွာ အကျိုးပြုတံတားတည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာမှ ပြည်သူ ၁၂၀၀၀ ကျော်ခန့် ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကောင်းစံဝင်းကုမ္ပဏီတို့ပူးပေါင်း၍ တံတား-ပုတ္တလုတ်-မရမ်းဘေးလမ်းပေါ်ရှိ ပုတ္တလုတ်တံတားတစ်စင်း တည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

တံတားပြီးစီးမှုအခြေအနေကို ခရိုင်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းသန်းနှင့် မြို့နယ်မှတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ပြီး တံတားကြီးရေရှည်အသုံးပြုနိုင်ရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ (၀၄၂)

ဓားမြှောင်ကိုင် ရမ်းကားသူ အရေးယူ

မင်းဘူး ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲက ရွှေစက်တော်ဘုရားပွဲတော်အတွင်း လုံခြုံရေးနှင့် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ရွှေစက်တော်ဘုရားပွဲတော် အောက်သောင်ပြင်သို့ရောက်ရှိချိန် အရက်သေစာသောက်စားပြီး အရိုးအသွားတစ်ပေခန့်ရှိ ဓားမြှောင်ကိုကိုင်၍ ရမ်းကားနေသော မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်နေ အောင်နိုင်ဝင်း(၂၂ နှစ်)ကို တွေ့ရှိသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ကိုင်ဆောင်ထားသော ဓားမြှောင်ကို သက်သေများရှေ့တွင် သိမ်းဆည်းကာ လက်နက်ကိုင်ဆောင်၍ မူးယစ်ရမ်းကားနေသူ အောင်နိုင်ဝင်းကို မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

ချေးငွေသတ်မှတ်ချက်များနှင့်ကိုက်ညီသော လုပ်ငန်းရှင်များအား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပခဲ့ပြီး မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး၏ **မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်များအတွက် စက်မှုဘဏ်မှ ချေးငွေများ ရရှိနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သည် ငွေကျပ် ၁၀ ဘီလီယံအား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အချိန်ကာလ သုံးနှစ်အထိ စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းမွန်သော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းရှင် ၆၂ ဦးအား ထုတ်ချေးပေးခဲ့ပါကြောင်း၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေများထုတ်ချေးရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ချေးငွေထုတ်ချေးပေးသည့် ဦးရေကန့်သတ်ထားခြင်းမရှိဘဲ ချေးငွေထုတ်ချေးပေးနိုင်ရေး သတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ထုတ်ချေးပေးသည့် လယ်ယာအမတော်ကြေးကဲ့သို့ ငွေကျပ် ၁၀ ဘီလီယံကိုသာမက ဘဏ်၏အစုရှယ်ယာငွေများကိုလည်း ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တန်းတူညီမျှထုတ်ချေးပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းစဉ်။ (သတင်းစဉ်)

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၏ **အမျိုးသမီးများကို အထူးအခွင့်အရေးပေးစနစ်ကျင့်သုံး၍ နှစ်ရှည် လရှည် ရပ်တည်နိုင်ရန်အတွက် အမျိုးသမီးဝန်ကြီးဌာနတစ်ခု ထားပေးသင့်ကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က မြန်မာ့အသိုင်းအဝိုင်းတွင် ထုံးတမ်းစဉ်လာယဉ်ကျေးမှုအရ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုမရှိသလောက်ဖြစ်ပြီး အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သာလွန်ကောင်းမွန်နေကြောင်းကို တွေ့ရမှာဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းယဉ်ကျေးမှုအရ မြန်မာအမျိုးသမီးများအခွင့်အရေး စံချိန်မီရရှိနေပြီး အခြားဘာသာနိုင်ငံများတွင် မရသည့် အခွင့်အရေးများ ရထားနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများထက် ပိုမိုလွတ်လပ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နိုင်ငံတာဝန်ထမ်းဆောင်ခြင်းနှင့် အခြားကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခဲ့သော မြန်မာအမျိုးသမီးများကို ခေတ်အဆက်ဆက် မြင်တွေ့နိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားပြည်တွင်း ဥပဒေများပါ“ကျား၊ မ” ခွဲခြားခြင်းမရှိဘဲ တန်းတူရည်တူ နေရာပေးဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများအတွက် အခွင့်အရေးအားဖြင့် အခန်း(၁) ပုဒ်မ ၃၂ အပိုဒ်ခွဲ(က)၌ **“နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်”** ဟုလည်းကောင်း၊ အခန်း(၈)ပုဒ်မ ၃၅၀ တွင် **“အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်”** ဟုလည်းကောင်း၊ ပုဒ်မ ၃၅၁ ပြဋ္ဌာန်းချက်တွင်**“မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်”** ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ပြင် ပုဒ်မ ၃၅၂ တွင် **“နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤဥပဒေအရ အဟန့်အတားမဖြစ်စေရ”** ဟုပြဋ္ဌာန်းထားပါကြောင်း။

အဆိုပါ ပြဋ္ဌာန်းချက်များသည် မြန်မာအမျိုးသမီးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသော အခွင့်အရေးများဖြစ်ပြီး ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာနသည် Gender Equality Network နှင့် ပူးပေါင်း၍ **မြန်မာအမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေတစ်ရပ်**ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လွှတ်တော်ကိုယ်စားလှယ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်အဖြစ် ဥပဒေရေးဆွဲရေး လမ်းပြမြေပုံချမှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းထားသည့်ဥပဒေပါ အခွင့်အရေးများကို အမျိုးသမီးများ လက်တွေ့ခံစားနိုင်ရန် အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အမျိုးသမီးထုကြီးကိုယ်တိုင် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ ၅၁ ရာခိုင်နှုန်းဝန်းကျင်သည် အမျိုးသမီးများဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ ၄ ပုံ ၁ ပုံသည် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်အပိုင်းအခြားတွင်ရှိနေသော အမျိုးသမီးများဖြစ်၍ လူဦးရေဖွဲ့စည်းမှုပုံစံ (demographic) အရ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်မှာ ထင်ရှားနေပါကြောင်း။

နိုင်ငံ့ဝန်ထမ်းအဖြစ် အစိုးရဌာနအသီးသီးတွင် အမျိုးသမီးများလက်ရှိ တာဝန်ထမ်းဆောင်မှုအခြေအနေကို ထုတ်နုတ်တင်ပြရလျှင် ပြန်ကြားရေးဝန်ကြီးဌာနတွင် အမျိုးသမီးဝန်ထမ်း ၅၀ ဒသမ ၄ ရာခိုင်နှုန်း၊ စက်မှုဝန်ကြီးဌာနတွင် အမျိုးသမီးဝန်ထမ်း ၅၉ ဒသမ ၇ ရာခိုင်နှုန်း၊ အလုပ်သမားဝန်ကြီးဌာနတွင် အမျိုးသမီးဝန်ထမ်း ၆၇ ဒသမ ၄ ရာခိုင်နှုန်း၊ ကျန်းမာရေးဝန်ကြီးဌာနတွင် ဘွဲ့၊ ဒီပလိုမာရထားသူ အမျိုးသမီးဝန်ထမ်း ၈၂ ဒသမ ၇ ရာခိုင်နှုန်း၊ ပညာရေးဝန်ကြီးဌာနတွင် ဆရာမ ၈၃ ဒသမ ၉၂ ရာခိုင်နှုန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် နယ်တရားစီရင်ရေးဌာနများတွင် အမျိုးသမီး ၄၅ ဒသမ ၇ ရာခိုင်နှုန်း၊ ရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေသူ အမျိုးသမီး ၄၈ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်လုံးတွင် အမျိုးသမီးများပါဝင်မှု အချိုးအစားအနေဖြင့် ၂၀၀၈-၂၀၀၉ အမျိုးသမီးများ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၅၁ ဒသမ ၄၂ ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ၅၁ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ပြီး၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ၅၂ ဒသမ ၃၉ ရာခိုင်နှုန်းထိ မြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများအတွင်း ဒုတိယညွှန်ကြားရေးမှူးနှင့် အထက်အရာရှိကြီးများအဆင့်တွင် အမျိုးသမီးများပါဝင်မှုအချိုးအစားမှာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၃၂ ဒသမ ၅၂ ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၃၆ ဒသမ ဝ၃ ရာခိုင်နှုန်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၃၆ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ပြီး ပါဝင်မှုအချိုးအစား ရာခိုင်နှုန်းများအရ မြန်မာအမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှုမှာ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတကာအတွေ့အကြုံများလေ့လာရယူပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **“ဆင်းရဲမှုအကြောင်း (Poverty Line) ဖော်ပြခြင်း၊ ဆင်းရဲမှုသံသရာ (Poverty Circle) မှ လွတ်ရန် ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာ အတွေ့အကြုံများဖြင့် စီမံဆောင်ရွက်နေခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းက မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအကြောင်း (Poverty Line)ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် UNDP နှင့်ပူးပေါင်းပြီး UNICEF၊ SIDA (Sweden International Development Agency)နှင့်သက်ဆိုင်ရာဌာနများ၏ ပါဝင်ကူညီမှုဖြင့် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် “အိမ်ထောင်စုစားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း” (Integrated Household Living Condition Assessment Survey-IHLCA) ကောက်ယူခဲ့ပါကြောင်း။

ပထမအဆင့် (IHLCA-I)ကို ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း နှစ်ကြိမ်စာရင်းကောက်ယူခဲ့ပါကြောင်း၊ ဤစစ်တမ်းမှ အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ၊ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အချက်အလက်များကို ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ဒုတိယအဆင့်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၀ ခုနှစ် မေလအတွင်း ကောက်ယူခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေ၊ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အချက်အလက်များကို လွန်ခဲ့သည့် ငါးနှစ်နှင့် နှိုင်းယှဉ်နိုင်ခဲ့ပြီး MDG ညွှန်းကိန်း ၄၈ ခုအနက် ၂၃ ခုကို ကောက်ယူနိုင်ခဲ့ပါကြောင်း။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် UNDP နှင့် ပူးပေါင်းပြီး IHLCA စစ်တမ်းကို ၂၀၁၅ ခုနှစ်တွင် ထပ်မံကောက်ယူရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုမျဉ်းကို အဆင့်သုံးဆင့်ဖြင့် ရှာဖွေရယူပါကြောင်း၊ ရည်ညွှန်းအိမ်ထောင်စုအတွက် အစားအစာနှင့် အစားအစာအတွက်မဟုတ်သော စားသုံးမှုအသုံးစရိတ်များ၏ ဘတ်ဂျက်ဝေစုများကို ခန့်မှန်းခြင်း၊ စံပြုထားသည့်အနည်းဆုံး အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်များ ခန့်မှန်းခြင်းနှင့် ဆင်းရဲနွမ်းပါးမှုမျဉ်းကို တွက်ချက်ခြင်းတို့ ဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးမှုအနေဖြင့်ကြည့်လျှင် ၂၀၀၅ ခုနှစ်တွင် ၃၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး မြို့ပြဆင်းရဲနွမ်းပါးမှုမှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကျေးလက်ဆင်းရဲနွမ်းပါးမှုမှာ ၃၅ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ၂၅ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပြီး မြို့ပြဆင်းရဲနွမ်းပါးမှုမှာ ၁၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ကျေးလက်ဆင်းရဲနွမ်းပါးမှုမှာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း။

အစားအစာဆင်းရဲမှုနှင့် ဆင်းရဲနွမ်းပါးမှုအခြေအနေ နှစ်ရပ်လုံးတွင် မြို့ပြနှင့်ကျေးလက် ဆင်းရဲမှုကွာဟချက် နှစ်ဆခန့်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးသည် ပြည်ထောင်စုအစိုးရ၏ ပထမအဆင့် ဦးစားပေးလုပ်ငန်းများထဲတွင် ပါဝင်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ခဲ့ပြီး လယ်ယာကုန်ထုတ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ မူဝါဒများချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဆင်းရဲမှုသံသရာမှ လွတ်မြောက်အောင် ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတကာအတွေ့အကြုံများ၊ အကူအညီများကို လေ့လာရယူပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်း ဖြေကြားစဉ်။ (သတင်းစဉ်)

မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏ်စိုး၏ **“၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု ပြီးစီးသည့်အခါ အစဉ်အဆက်အတည်ပြုထားခဲ့သည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၏စာရင်းကို ပြန်လည်ပြုပြင်သွားရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ၁၉၇၃ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင်လည်းကောင်း၊ ၁၉၈၃ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် လည်းကောင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကိုအခြေခံ၍ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိအချိန်အခါအထိ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးအား တရားဝင်ပြင်ဆင်၊ ပယ်ဖျက်၊ ထပ်မံအတည်ပြုထားခဲ့ခြင်း မရှိသေးသော်လည်း ဤစာရင်းသည်သာ မှန်ကန်သည်ဟု တရားသေစွဲကိုင်အတည်ပြု ဆောင်ရွက်နေခြင်း မဟုတ်ပါကြောင်း။

လက်ရှိမြေပြင်အခြေအနေနှင့် အမှန်တကယ် မှန်ကန်၊ ကိုက်ညီမှု ရှိ/မရှိ ပြန်လည်စိစစ်နိုင်ရန်အတွက် လက်ရှိ ရှိပြီးကိန်းဂဏန်းအပေါ်အခြေခံ၍ ကနဦးအဆင့် စတင်ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည့်အခါ ကောက်ယူရရှိမှုအပေါ် မူတည်၍ လက်ရှိအခြေအနေတွင် လျော့နည်း၊ ကွယ်ပျောက်၊ တိုးပွားလာသည့် လူမျိုးစုများ ရှိ/မရှိ၊ အမည်သတ်မှတ်ချက် သတ်ပုံသတ်ညွှန်းမှအစ မှန်ကန်၊ ကိုက်ညီမှု ရှိ/မရှိ စသည်တို့ကို ပြန်လည် အတည်ပြုသွားနိုင်မည် ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် တရားဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ နိုင်ငံတကာစံနှုန်းများနှင့်လူ့အခွင့်အရေးဆိုသည့်အချက်(၂)ချက်အပေါ် အလေးထားအခြေခံ၍ နိုင်ငံ့လူဦးရေနှင့်ဖွဲ့စည်းမှုကို ပုံဖော်သွားနိုင်ရန် စီမံထားရှိပါကြောင်း။

ဤသန်းခေါင်စာရင်းသည် နိုင်ငံလူဦးရေစုစုပေါင်းအား ဖော်ထုတ်နိုင်ရုံသာမက လူဦးရေ ပေါင်းစပ်ဖွဲ့စည်းမှုဟုခေါ်ဆိုနိုင်သော မတူကွဲပြားခြားနားသည့် လူမျိုးစုငယ်အရေအတွက်ကိုပါ သိရှိနိုင်မည်ဖြစ်၍ မတူကွဲပြားခြားနားသည့် လိုအပ်ချက်များအပေါ် အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လူမျိုးစုတစ်ခုလုံးအား အမည်တစ်မျိုးတည်းအဖြစ် စုပေါင်းဖော်ပြလိုသည်ဖြစ်စေ၊ ၎င်းလူမျိုးစုတွင် ပါဝင်နေသောလူမျိုးစုငယ်များက ၎င်းတို့၏ လူမျိုးစုငယ်အရေအတွက်ကို သီးခြားစီသိရှိဖော်ပြလိုသည်ဖြစ်စေ လူတစ်ဦးချင်းစီ၏ ပင်ကိုဆန္ဒအရ လွတ်လပ်စွာ ပြောဆိုသည့်အတိုင်း ရေးသွင်းပေးသွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာသည့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လွှတ်တော်ကိုယ်စားလှယ်များ၏ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းတာဝန်များနှင့် ပြည်ပအတွေ့အကြုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် တော်ဝင်ကုမုဒြာဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသော FNF (Friedrich Naumann Foundation For Freedom)၏ လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဂျာမနီနိုင်ငံ၏ အတွေ့အကြုံများအား ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် FNF ဖောင်ဒေးရှင်းမှ Mr.Manfred Richter က ဂျာမနီနိုင်ငံ၏ လွှတ်တော်ရေးရာကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ၅၀၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာစမ်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် FNF ဖောင်ဒေးရှင်းမှ Mr. Manfred Richter နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယနေ့ မိုးလေဝသ

၂၄-၂-၂၀၁၄

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အား စနစ်တကျအကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရခိုင်ပြည်နယ် ကျောက်ဖြူဒေသသည် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်း၏ မဟာဗျူဟာကျသည့် အချက်အချာ နေရာဒေသတွင် တည်ရှိသောအကောင်းဆုံး ရေနက်ဆိပ်ကမ်းဒေသတစ်ခုဖြစ်သည်။ ထို အလားအလာကောင်းများကို ရေရှည် စီမံကိန်းများချမှတ်ကာ ရေနက်ဆိပ်ကမ်းနှင့်ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိပြီး ဖြစ်ထွန်းပေါ်ပေါက်လာပါက ကျောက်ဖြူ ဒေသသာမက ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ယခုအခါ ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် ရင်းနှီးတည်ဆောက်သူ (Developer) အား နိုင်ငံတကာ တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်အတိုင်း ခေါ်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်များတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အရည်အသွေးထိန်းကွပ်မှုများ လုပ်ဆောင်ရာတွင် အကြံပေးနိုင်မည့် အကြံပေးကုမ္ပဏီအား ရွေးချယ်လျက်ရှိရာ ရွေးချယ်မှု နောက်ဆုံးအခြေအနေတွင် ရောက်ရှိနေပြီဖြစ်သည်။

ယင်းနောက်ဆုံး အခြေအနေတွင် ပထမဦးစားပေးအဖြစ် ရွေးချယ်ထားသည့် အကြံပေးကုမ္ပဏီအုပ်စုအား တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) ဒုတိယဥက္ကဋ္ဌဖြစ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိန်း ဦးဆောင်သော ကော်မတီအဖွဲ့ဝင်များသည် ရန်ကုန် ဘူတာကြီး စခန်းသာရိပ်သာရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခွဲ၌ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နောက်ဆုံးအဆင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် နေပြည်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လည်း တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ဆက်လက်ညှိနှိုင်းရွေးချယ်ခဲ့ရာ ရွေးချယ်ညှိနှိုင်းမှုရလဒ်များ ရရှိနေပြီဖြစ်ကြောင်းနှင့် မကြာမီရက်ပိုင်းအတွင်း တင်ဒါအောင်မြင်သည့် အကြံပေးကုမ္ပဏီအုပ်စုကို ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်မှ

နိုင်ငံတော်၏ ကြီးလေးသော တာဝန်ပိုင်းများတွင် မြန်မာအမျိုးသမီးများ၏ ပါဝင်မှုအချိုးအစားအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များတွင် အမျိုးသမီးအမတ်ဦးရေငါးဆယ်ကျော်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအနေဖြင့် နိုင်ငံတကာ အမျိုးသမီးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်များကို ရှေ့တန်းမှပါဝင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၁၉၅၄ ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများ နိုင်ငံရေးအခွင့်အရေး သဘောတူ စာချုပ်အပါအဝင် နိုင်ငံတကာစာချုပ်များကို လေးစားလိုက်နာခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (CEDAW) ကို ၁၉၉၇ခုနှစ် ဇူလိုင်လတွင် သဘောတူလက်မှတ် ရေးထိုးခဲ့ပါကြောင်း၊ သဘောတူစာချုပ်ပါ အမျိုးသမီးအခွင့်အရေးများကို နိုင်ငံတော်အနေဖြင့် လုပ်ဆောင်ပေးနိုင်သမျှ အကောင်းဆုံး ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၃-၂၀၂၂ ၁၀ နှစ်တာကာလ အတွက် **အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်း**ကို ရေးဆွဲ၍ မိတ်ဆက်ဖြန့်ချိခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်မှာ Beijing Platform for Action နှင့် UNCEDAW အပေါ်အခြေခံပြီး လုပ်ငန်းနယ်ပယ် ၁၂ ခု သတ်မှတ်ထည့်သွင်းထားပါကြောင်း၊ လုပ်ငန်းအစီအစဉ်၏ အခြေခံရည်ရွယ်ချက်မှာ **ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး** ဖြစ်ပါကြောင်း၊ မိတ်ဆက်ဖြန့်ချိခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းမှာ အမျိုးသမီးနှင့် ဆုံးဖြတ်ချက်ချမှု၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး စသည့်လုပ်ငန်းဧရိယာနှစ်ခုဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ ပါဝင်မှု တိုက်ရိုက်ပတ်သက်သော လုပ်ငန်းဧရိယာများ ပါဝင်ပါကြောင်း။

မြန်မာအမျိုးသမီးများအတွက် အဆိုပါဥပဒေများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း ယဉ်ကျေးမှုဓလေ့ထုံးစံအရ အမျိုးသမီးအများစုသည် မိမိတို့ကိုယ်တိုင် ပြင်ပရေးရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ဦးစီးဦးဆောင်ပြုနိုင်ရေးတို့အတွက် ဆန္ဒနည်းပါးကြ၍ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာစေရန်အတွက် ၂၀၁၀ ပြည့်နှစ်မှစပြီး အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာ ဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ ထို့ပြင် **အမျိုးသမီးများ စွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့**ကို ဖွဲ့စည်းပြီး နိုင်ငံတကာအလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/မ တန်းတူညီမျှရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ညွှန်ကြားရေးမှူးများဦးဆောင်သော ဌာနခွဲများနှင့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းရုံးများဖွင့်လှစ်ပြီး ကာကွယ်စောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်သော **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား/မ တန်းတူညီမျှရေးဌာနခွဲ** တစ်ခု သီးခြားတိုးချဲ့ဖွင့်လှစ်ရန် တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများ၏ အသက်ရှင်သန်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဦးစားပေးဆောင်ရွက်ရာ၌ **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်**တို့က မြို့နယ်၊ ကျေးရွာအဆင့်ဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှမှု ရရှိရေးအတွက် အသိပညာပေးအစီအစဉ်များကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိခြင်း၊ မိမိတို့နိုင်ငံတွင် မိသားစုအတွင်းတွင် သော်လည်းကောင်း၊ လုပ်ငန်းခွင် အတွင်းသော်လည်းကောင်း အမျိုးသား/ အမျိုးသမီး ခွဲခြားဆက်ဆံမှုမရှိခြင်း၊ မိခင်သဖွယ်၊ နှမသားချင်းသဖွယ် အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ရင်းနှီးရိုင်းပင်းမှုများရှိခြင်း၊ ပညာရေးကဏ္ဍတွင်လည်း အမျိုးသမီးများအနေဖြင့် ပညာသင်ကြားမှု အခွင့်အလမ်းများ အပြည့်အဝရရှိခြင်း အစရှိသည့် လူမှုဘဝလုံခြုံပြည့်ဝစွာ ရရှိနေခြင်းတို့ကြောင့် အရည်အချင်းသာရှိပါက ဝန်ကြီးဌာန တစ်ခုထက်သာမက အမျိုးသမီးဝန်ကြီးများ များစွာ ပေါ်ပေါက်လာမည်ဖြစ်သည့်အပြင် သီးခြားအနေဖြင့် အမျိုးသမီးကိုသာ ခန့်အပ်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိပါ၍ အမျိုးသမီးရေးရာဝန်ကြီးဌာန တစ်ခု သတ်မှတ်ထားရှိပေးရန် မဖြစ်နိုင်သေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် **“အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူခဲ့ပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

လက်ရှိကောက်ယူသည့်ပုံစံအရ လူမျိုးစုတစ်ခုလုံး၏ အရေအတွက်အား သိရှိနိုင်သကဲ့သို့ ၎င်းလူမျိုးစုတစ်ခုအတွင်းရှိ လူမျိုးစုငယ်တစ်ခုချင်း၏ အရေအတွက်ကိုပါ သိရှိခွင့်ရနိုင်မည်ဖြစ်ပါကြောင်း၊ လူမျိုးစုငယ်တစ်ခုချင်းကို စုပေါင်းရေတွက်ပါကလည်း ပင်မလူမျိုးစုတစ်ခုလုံး၏ အရေအတွက်ကို ပြန်လည်ရရှိမည်ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းတစ်ခု၊ လူအုပ်စုတစ်ခုခု၏ ထုတ်ပြန်ကြေညာချက်၊ ပြောဆိုချက်များသည် သက်ဆိုင်ရာလူမျိုးစုတစ်ခုလုံး၏ တူညီဆန္ဒအဖြစ် ကိုယ်စားပြု/မပြု ဆိုသည့်အချက်သည်သာ အရေးကြီးပါကြောင်း။

တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးသည် နှစ်ပေါင်းများစွာပြန်လည်စိစစ်မှုမပြုနိုင်သည့်အတွက် ကာယကံရှင်တစ်ဦးချင်းက မိမိဆန္ဒအတိုင်း၊ မိမိခံယူလိုသည့်အတိုင်း ပြောကြားခွင့်ရှိနေပြီဖြစ်၍ မည်သည့်လူမျိုးစုသည် မြေပြင်တွင် အမှန်တကယ်ရှိနေသည်၊ မည်သည့်လူမျိုးစုများ ပျောက်ကွယ်သွားသည်၊ မည်သည့်လူမျိုးစုအသစ်များ ထပ်မံတွေ့ရှိသည်တို့ကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ၎င်းအပေါ်မူတည်၍ ပြန်လည်ပြင်ဆင်အတည်ပြုရန် တွေ့ရှိပါက စာရင်းကောက်ယူ ပြီးစီးချိန်တွင် ဒုတိယအဆင့်အဖြစ် လိုအပ်သော အဖွဲ့အစည်းများ စုံညီစွာပေါင်းစပ်၍ ပြန်လည်သုံးသပ်ညှိနှိုင်းပြီး ပြင်ဆင်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မကြာမီ ဆောင်ရွက်တော့မည့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်သည် အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်ပြီး ကောက်ယူခြင်းခံရသည့် ပြည်သူများအကျိုးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းသာဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ဤတစ်ကြိမ် ပါဝင်ခွင့်မရရှိခဲ့ပါက နောင်အနည်းဆုံး ၁၀ နှစ်ကြာအထိ ဤအခွင့်အရေးမျိုးထပ်မံရရှိနိုင်ရန် စောင့်ဆိုင်းရမည်ဖြစ်ပါကြောင်း။

ဤကာလသည် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ရန် အချိန်နီးကပ်လာပြီဖြစ်၍ တိုင်းရင်းသားလုပ်သားပြည်သူအားလုံးမှ မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ နောင်မျိုးဆက်များ၏အကျိုးနှင့် နိုင်ငံတော် အကျိုးငှာ စီမံချက်အောင်မြင်ရေး အပြည့်အဝပူးပေါင်းပါဝင်ကြပါရန်နှင့် ဤအစီအမံမှာ နှောင့်နှေး၊ ကြန့်ကြာ၊ ရပ်တန့်မှုမရှိသင့်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ် တတိယ (၃)လပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**ကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ ဝင်းမြင့်အောင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့်တို့က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ကြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❊ *ကျောဖုံးမှ*

ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ပြီး အဖွဲ့ဖွဲ့၍ စတင်တွေ့ဆုံဆွေးနွေးစေခဲ့ပါကြောင်း။

သို့သော် နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့သည့် ပဋိပက္ခ၊ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးသောပဋိပက္ခ၊ ကမ္ဘာ့နိုင်ငံများအနက် မည်သည့်နိုင်ငံတွင်မှ မရှိသည့် ဤမျှလောက် များပြားသော လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့နှင့် ဖြစ်ပွားသည့် ပဋိပက္ခကို ငြိမ်းအေးသွားအောင်၊ ဆောင်ရွက်ကြရာတွင် ပါဝင်သင့်သည့်သူများ ပါဝင်နိုင်အောင် စနစ်တကျ စီမံခန့်ခွဲကွပ်ကဲနိုင်အောင် ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် ၂၀၁၂ ခုနှစ် မေလအတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ သက်တမ်းသည် ယခုဆိုလျှင် ၃၅ လရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၃၅ လတာ ကာလအတွင်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည့်အချိန်သည် လပေါင်း ၃၀ ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လွယ်ကူသည့် လုပ်ငန်းစဉ်တော့ မဟုတ်ပါကြောင်း၊ ပျမ်းမျှ လူ့သက်တမ်းတစ်သက်စာမျှ ရှည်ကြာခဲ့သည့် ဤလက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားပြည်သူများ၏ အသက်သွေးချွေးပေါင်းများစွာ စတေးပေးဆပ်ခဲ့ရသကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မယုံကြည်မှုသည် ကြီးမားလွန်းသည့်အတွက် အခက်အခဲမျိုးစုံကြားမှ တွေ့ဆုံဆွေးနွေးနိုင်အောင် နည်းလမ်းပေါင်းစုံကို အသုံးပြုခဲ့ရပါကြောင်း။

တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုနှင့် မျက်နှာချင်းဆိုင် စကားပြောနိုင်အောင်၊ တစ်ရက်ဆွေးနွေး၊ တစ်ရက်နောက်ဆုတ်သွားသောဆွေးနွေးမှုမျိုး ရှောင်ရှားနိုင်အောင် မည်မျှအထိ အနစ်နာခံ လုပ်ခဲ့ကြရသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြည်နယ်၊ ပြည်ထောင်စု၊ ဗဟိုစသည်ဖြင့်အဆင့်များခွဲပြီးဆွေးနွေးခဲ့ကြရာ မကြာမီကာလအတွင်း အပြီးသတ်ဆွေးနွေးနိုင်မည့်အလားအလာများမြင်နေရပြီ မြေစာပင်ဖြစ်သည့် ဒေသခံပြည်သူလူထုအတွက် တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကြီးတစ်ခုပင်ဖြစ်ပါကြောင်း။

ဒေသအားလုံးမဟုတ်သေးသော်လည်း ဤပဋိပက္ခကိုအကြောင်းပြုပြီး သွားရေးလာရေး ကန့်သတ်ခဲ့သည့် နေရာဒေသအတော်များများသို့ ယခု လွတ်လွတ်လပ်လပ် အချိန်အခါမရွေး ဝင်ထွက်သွားလာနိုင်ကြပြီ ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာကြည့်လျှင်လည်း နှစ်ဖက်တပ်များ၏

လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရပြီဟု အားပါးတရ အမည်နာမတပ်ပြီး ခေါ်ဆိုနိုင်သည့်အဆင့် မရောက်ရှိသေးသော်လည်း ယခုအခါ လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နှင့် ပဏာမ အပစ်အခတ်ရပ်စဲမှုရှိနေခြင်းသည်လက်နက်ကိုင် ပဋိပက္ခများအကြားတွင် အဓိက ထိတွေ့တိုက်ခိုက်မှုများသည် အနည်းငယ်မျှသာရှိတော့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိထားသည့် ဤယာယီအပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ရေရှည်အပစ်အခတ်ရပ်စဲရေး၊ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးအဖြစ် ဆက်လက်ပြောင်းလဲဖြစ်ပေါ်လာနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။

အပစ်အခတ် ရပ်စဲရေးသည် တကယ်တွင် ငြိမ်းချမ်းရေးမဟုတ်သေးပါကြောင်း၊ ငြိမ်းချမ်းရေးဆီသို့ ဦးတည်သွားနေသည့် လမ်းစ၊ ငြိမ်းချမ်းရေးဖြစ်စဉ်၏အစဟုသာ ဆိုနိုင်ပါကြောင်း ယခုရရှိပြီဖြစ်သည့် အခြေအနေများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးပေါ်ပေါက်လာနိုင်အောင် ဆောင်ရွက်ကြရန်သည် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် မိမိတို့အားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်ကြီးများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးအကြံပြုခြင်းသည်လည်း ပြည်သူလူထု၏ လိုလားချက်ကို ထင်ဟပ်စေသည်ဟု မှတ်ယူပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်ဦးရွက်မှုဖြင့် အရှိန်အဟုန်ပြင်းသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် ကမ္ဘာက အံ့သြလောက်အောင် မြန်မာနိုင်ငံ၏ နိုင်ငံရေးကအစ အောင်မြင်မှုများစွာရရှိနေသော်လည်း စီးပွားရေး အောင်မြင်မှုနှေးကွေးနေဆဲဖြစ်ရသည့်အကြောင်းရင်းထဲတွင် ပြည်တွင်းပဋိပက္ခကြောင့် ငြိမ်းချမ်းရေး အပြည့်အဝမရရှိသေးသည့် အချက်တစ်ချက်လည်း ပါဝင်နေပါကြောင်း။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် KNU, RCSS, CNF အဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့ တွေ့ဆုံဆွေးနွေးခဲ့ရာ အစည်းအဝေးတွင် တင်ပြကြသည်များမှာ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခ၏ မြစ်ဖျားခံရာသည် နိုင်ငံရေးပြဿနာသာဖြစ်ကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းလိုသည့်အတွက်၊ မဖြေရှင်းနိုင်ခဲ့သည့်အတွက် လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်နေရခြင်းဖြစ်ကြောင်း၊ ထို့အပြင် မတရားအသင်းအက်ဥပဒေကိစ္စသည်လည်း နှစ်ဖက်အဖွဲ့များ နီးနီးကပ်ကပ် ဆက်ဆံဆောင်ရွက်ရန် အဓိကအဟန့်အတားဖြစ်စေသည်ဟုလည်း ဆွေးနွေးတင်ပြကြပါကြောင်း။

အပြီးမသတ်နိုင်သေးသည့် ပန်းချီကားတစ်ချပ်ကဲ့သို့ ဤမပြီးဆုံးနိုင်သေးသည့် ပဋိပက္ခများကြောင့် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှုနည်းပါးနေမည်၊ ဖွံ့ဖြိုးမှုနှေးကွေးနေမည်၊ ဖွံ့ဖြိုးမှုရပ်တန့်နေမည် သို့မဟုတ် ဖွံ့ဖြိုးမှုနောက်ပြန်ဆုတ်နေမည်ဆိုလျှင် မိမိတို့ထက် အင်အားကြီးသည့် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလက်အောက်ခံဘဝကို တစ်စတစ်စမသိမသာ ပြန်ရောက်ရှိသွားမည့် အန္တရာယ်ရှိလာနိုင်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယနေ့ မိမိတို့မြန်မာနိုင်ငံ၏ ရှေ့ရေး၊ ဒီမိုကရေစီရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိမှု၊ မရရှိမှုအပေါ် မူတည်နေသည့်အခြေအနေနှင့် ရွေးချယ်ဖို့ရာ လမ်းဆုံလမ်းခွပေါ် ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အားလုံး ပါဝင်ဆောင်ရွက်နေကြသည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုနှင့်အတူ နိုင်ငံတော်၏အဘက်ဘက်သော ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ပြီးဆုံးစေရေး၊ လက်တစ်ကမ်းလောက်တွင် ရောက်ရှိနေသည့် ထာဝရငြိမ်းချမ်းရေး အောင်မြင်အောင် တက်ရောက်လာကြသူ ကော်မတီဝင် ပုဂ္ဂိုလ်များအားလုံး တတ်စွမ်းသည့်ဘက်က အကြံဉာဏ်ပေး ပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့က လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အောင်မြင်မှုအခြေအနေများနှင့် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားရမည့် အစီအမံများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများ၊ သိရှိရန်လိုအပ်သည့် အချက်အလက်များ၊ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆိုင်ရာများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စရပ်များနှင့် ကဏ္ဍအလိုက်ဆောင်ရွက်သွားကြရမည့် အထွေထွေကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

(သတင်းစဉ်)

ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်နေမှုနှင့် လှိုင်သာယာမြို့နယ်ရှိ အိမ်ရာစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အထူးစီမံကိန်းကြီး အဖွဲ့(၅)မှ တည်ဆောက်နေသော ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်မှ ပင်မတံတား သံပေါင်တပ်ဆင်ရန် Temporary Support ဆောင်ရွက်နေမှု၊ ရေလယ်တိုင် RP3 နှင့် RP4 တို့တွင် Cross Beam ကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ ဘုရင့်နောင်ဘက်ကမ်း ချဉ်းကပ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတား ကတ္တရာကွန်ကရစ် (AC) ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လှိုင်သာယာဘက်ကမ်းသို့ရောက်ရှိပြီး ချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှု၊ ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းထားရှိမှု၊ လူသွားလမ်း လက်ရန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သော အိမ်ရာစီမံကိန်း လုပ်ငန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ကျင်းပသွားမည့် အာဆီယံဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေးများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာဦး၊ အရင်းအနှီးဈေးကွက်ဆိုင်ရာဥပဒေ စည်းမျဉ်းများ ကြီးကြပ်ကွပ်ကဲသော အဆင့်မြင့်အရာရှိများတက်ရောက်ခဲ့ပြီး အာဆီယံ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုအခြေအနေကို သုံးသပ်ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံငွေတိုက်စာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ အာဆီယံအရင်းအနှီးဈေးကွက်များအတွက် အခြေခံအဆောက်အအုံ ထူထောင်ခြင်းဆိုင်ရာ ပဏာမအစီအစဉ်၊ အာဆီယံ အရင်းအနှီးဈေးကွက်နှင့် ပေါင်းစည်းရေးဆိုင်ရာ ဆန်းစစ်လေ့လာချက်အစီရင်ခံစာမူကြမ်း (KMPG) နှင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ သတ်မှတ်တာဝန်၊ လုပ်ပိုင်ခွင့်တို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါ ပဏာမအစီအစဉ်နှင့်အစီရင်ခံစာမူကြမ်းတို့ကို (၁၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တင်သွင်းသွားမည်ဖြစ်ကာ ငွေလုံးငွေရင်း စာရင်းလွတ်လပ်ခွင့်ပြုရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်းကောင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်တွင်လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❀ *ကျောဖုံးမှ*

ကုမ္ပဏီများ ကျောက်တူးဖော်မှုကို ရပ်ဆိုင်းထားသည်မှာ နှစ်နှစ်ကျော်ပြီဖြစ်ပြီး ရေမဆေးကျောက်ရှာဖွေသူတို့ဖြင့် ကျောက်စိမ်းမော်များ စီးပွားရေးပြန်လည်လည်ပတ်လျက်ရှိရာဝေခါမော်တွင် ကျောက်စိမ်းတုံးကြီး စတင်တွေ့ရှိပြီးချိန်မှ ယနေ့အထိ ရေမဆေးရှာခြင်း၊ သံတိုင်ဖြင့်တူးခြင်းတို့ကို တားမြစ်ထားသည့်အတွက် ဈေးရောင်းဈေးဝယ်ပါးလျက်ရှိပြီး ကျောက်ရှာသူများ နေရပ်ဒေသပြန်ခြင်း၊ မော်ပြောင်းခြင်းတို့ကြောင့် ဝေခါမော်သည် စီးပွားရေးအေးစက်လာနေပြီဖြစ်ကြောင်း ဒေသခံတို့ ပြောကြားသည်။

အဆိုပါ မော်ကြားမှ ထွက်ရှိသော ကျောက်စိမ်းတုံးကို ဝေခါရွာ ရပ်ကွက်(၇)တွင် နေထိုင်သော လောပန်း ဦးအောင်နိုင်ဝင်း၏ ကျင်းသား ၁၆ ဦးက ခေါင်းပေါင်းစကျင်းရာမှ စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဝေခါမော်သည် တန်ချိကျောက်များထွက်ရှိသည့်အပြင် အာလူးအရွယ် ကျောက်တစ်လုံးဖြင့် သိန်းထောင်ချီတန်သော ကျောက်ထွက်ရှိသည့်အတွက် ဖားကန့်ကျောက်စိမ်းဒေသတွင် နတ်မော်ကျောက်၊ ဝေခါကျောက်သည် နာမည်ကြီးပြီး ကျောက်စိမ်းတုံးကြီးကို ဖေဖော်ဝါရီ ၂၂ ရက်က သယ်ဆောင်သွားပြီဖြစ်ကြောင်း ဒေသခံတို့၏ ပြောကြားချက်အရ သိရသည်။

(၁၆၄)

အာမခံအမျိုးအစားများ လာမည့်ဘဏ္ဍာနှစ်အတွင်း တိုးချဲ့ခွင့်ပြုမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယခုအချိန်ထိ အာမခံအမျိုးအစားပေါင်း ၄၆ မျိုးကို ခွင့်ပြုထားခဲ့ပြီးဖြစ်ကာ လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးအာမခံ၊ တောင်သူလယ်သမားအာမခံ၊ မထားမနေရမီးအာမခံနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာပေါ်လစီအာမခံတို့ ဖြစ်ပြီး ယင်းအာမခံလေးမျိုးကို တစ်နှစ်တာကာလခန့် စမ်းသပ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

“အာမခံစနစ်ဆိုတာ နိုင်ငံတကာမှာ အမြစ်တွယ် ရှင်သန်နေပြီးသား စနစ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း စီးပွားရေး ပိုမိုဖွံ့ဖြိုးလာတာနဲ့အပြိုင် အာမခံစနစ်လည်း စိတ်ဝင်စားမှု မြင့်တက်လာတာကို တွေ့ရပါတယ်။ အဲဒီတော့ နိုင်ငံတကာဈေးကွက်နဲ့ စီးပွားရေးနယ်ပယ်မှာ ဝင်ရောက်ပူးပေါင်းတော့မယ်ဆိုရင် အာမခံစနစ်ကိုလည်း စနစ်တကျနဲ့ မွေးမြူအကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ တိုးချဲ့စမ်းသပ်ခွင့်ပြုမယ့် အာမခံလုပ်ငန်းတွေက နိုင်ငံတကာမှာလည်း မဖြစ်မနေထားရှိတဲ့ အာမခံအမျိုးအစားတွေမှာ ပါဝင်ပါတယ်။ ဥပမာပြောရရင် ကျန်းမာရေးအာမခံဆိုတာ အလွန်အရေးကြီးပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လူတိုင်းနီးပါး အာမခံထားတဲ့အမျိုးအစားဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ကျန်းမာရေးအာမခံဆိုတာ ဖြစ်ပေါ်လာဖို့ ကဏ္ဍအသီးသီးက ပညာရှင်တွေ တွန်းအားပေးနေခဲ့တာ နှစ်နှစ်လောက်ရှိနေပါပြီ။ သို့သော်လည်း ကျွန်တော်တို့တိုင်းပြည်နဲ့ ကိုက်ညီပြီး စနစ်ကျတဲ့အာမခံစနစ်ဖြစ်လာအောင် ပြည်တွင်းပြည်ပက အာမခံဆိုင်ရာလုပ်ငန်းကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ရပါတယ်။ ပြီးတော့မှ စမ်းသပ်ကာလအနေနဲ့ တစ်နှစ်သတ်မှတ်ထားပြီး စတင်အာမခံ ပြုလုပ်လို့ရအောင် စီစဉ်ထားပါတယ်” ဟု ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ကရှင်းပြသည်။

အာမခံ အမျိုးအစားများ သတ်မှတ်ခြင်း၊ လျော်ကြေးစနစ်နှင့် စံနှုန်းများ သတ်မှတ်ရာတွင် နိုင်ငံတကာ အာမခံလုပ်ငန်းကျွမ်းကျင်သူများထံမှ နည်းစနစ်များကို အခြေခံကာ ရေးဆွဲရယူကြောင်း သိရသည်။ အာမခံအသစ်လေးမျိုးကို ဖေဖော်ဝါရီလအတွင်း စတင်အကောင်အထည်ဖော်နိုင်ရန် စီစဉ်လျက်ရှိပြီး နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများတွင် လိုအပ်လျက်ရှိသည့် အာမခံအမျိုးအစားများ ဖြစ်ခြင်းကြောင့် အာမခံပေါ်လစီများ အပြီးသတ်ချမှတ်လျက်ရှိကြောင်း သိရသည်။

ခင်ရတနာ

ငဖဲ-ရွှေစက်တော်ကျောက်ချောခင်းလမ်း ပြုပြင်ဆောင်ရွက်

ငဖဲ ဖေဖော်ဝါရီ ၂၄

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ငဖဲ-ရွှေစက်တော်ဘုရားကားလမ်းအား ကျောက်ချောခင်းလမ်းပြုပြင်ဆောင်ရွက်ရန် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ပေးအပ်ခဲ့သည့် ငွေကျပ်သိန်း ၁၀၀ ကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီကကြီးမှူးပြီး ငဖဲ-ရွှေစက်တော်ကျောက်ချောခင်းလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြောင်းသိရသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါကျောက်ချောခင်းလမ်းကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ပြည်တွင်းသတင်း

ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် လုပ်ငန်းများအောင်မြင်လာမည်

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်က ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီက ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့တော်ခန်းမ၌ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီအကြံပေးအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအထောက်အကူပြု ကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားရာ၌ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့အတွက် အုပ်ချုပ်ရေးစနစ် ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို မတ်လအတွင်း အပြီးရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဆွေးနွေးညှိနှိုင်း တိုင်ပင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ပိုမိုလျင်မြန်လာသဖြင့် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များကို အထူးကျေးဇူးတင်ရှိပါကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၅၅ စုမှ အဆင့်ဆင့်သော စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၏ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြမှုအပေါ် မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်တို့က ရှင်းလင်းပြောကြားသည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

(၅၄) မီနီဘတ်စ်လိုင်းသစ်စတင်ပြေးဆွဲပြီ

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

ဖေဖော်ဝါရီ ၂၂ ရက်ကစတင်၍ ခရီးသည်တင် (၅၄) မီနီဘတ်စ်လိုင်းသစ်တစ်ခု ဝင်ရောက်ပြေးဆွဲလာသည်ကို တွေ့ရသည်။ ကိုရီးယားနိုင်ငံထုတ် ဟွန်ဒိုင်းအမျိုးအစား ဘတ်စ်ကားများဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မထသအောက် ဌာနခွဲ(၂) လက်အောက်ခံဖြစ်သည်။ ခရီးစဉ်အားဖြင့် အလုံ(ဗဟိုအမျိုးသမီးဆေးရုံအနီး) ဂိတ်မှ အောက်ကြည့်မြင်တိုင်လမ်း၊ ဗားကရာလမ်း၊ မြေနီကုန်း၊ ရွှေတိဂုံဘုရား၊ (မြောက်ဘက်၊ အရှေ့ဘက်၊ တောင်ဘက်)၊ ရွှေတိဂုံဘုရားလမ်းဆောက်လုပ်ရေး၊ ထိုမှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ချုပ်ဈေး၊ ဆူးလေဘုရားလမ်း၊ ကုန်သည်ကြီးများဟိုတယ်အနီး၊ ဆူးလေဘုရားကိုကျော်၍ ကုန်သည်လမ်း၊ ထိုမှ ဆူးလေဘုရားလမ်းကိုပြန်ဝင်၍ လာလမ်းအတိုင်းဖြစ်သည်။

လိုင်းသစ်ဖွင့်ပွဲအနေဖြင့် ယင်းနေ့နံနက် ၅ နာရီမှ ည ၉ နာရီအထိ ခရီးသွားပြည်သူတို့အား ယာဉ်စီးခ အခမဲ့ဖြင့် ပို့ဆောင်ပြေးဆွဲပေးခဲ့သည်။ ၎င်းလိုင်းသစ်တွင် အဲကွန်းမီနီဘတ်စ် ၁၀ စီး၊ ရိုးရိုးမီနီဘတ်စ်လေးစီးဖြင့် စတင်ပြေးဆွဲပေးလျက်ရှိသည်ကို တွေ့ရသည်။

ယာဉ်များပိုင်ရှင်မှာ တစ်ဦးတည်းဖြစ်သည်။ မူလယာဉ်ငယ်အမှတ်(၃) လိုင်းမှ အုပ်စုယာဉ်ငယ် ၂၅ စီး ပိုင်ဆိုင်သူ ဦးနော်မိုင်ဆိုသူဖြစ်သည်။ ထိုယာဉ်ငယ်များ ပြန်ရောင်းပြီး ခေတ်စနစ်နှင့်ကိုက်ညီသော မီနီဘတ်စ် ၁၀ စီးကိုဝယ်ယူ၍ အစားထိုးပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

မီနီဘတ်စ်အသစ်များတွင် အဲကွန်း၊ CCTV ရုပ်မြင်သံကြား စက်တပ်ဆင်ထားပြီး မူလထိုင်ခုံများ အတိုင်း ထားရှိပေးထားသည်ကိုတွေ့ရသည်။ ပို၍ထူးခြားသည်မှာ ယာဉ်ပိုင်ရှင်မှာ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သော်လည်း ၎င်း၏ယာဉ်များအားလုံးတွင် သံဃာတော်များ အခမဲ့စီးနင်းခွင့်ကို ထင်ရှားစွာရေးထိုးထားသည်ကိုတွေ့ရသည်။

ယာဉ်ပိုင်ရှင် ဦးနော်မိုင်က "ကျွန်တော်ဒီ ၅၄ လိုင်းသစ်ကိုပြေးဆွဲရတာ အများကြီးဝမ်းသာတယ်။ ကျွန်တော့်ယာဉ်တွေ၊ ကျွန်တော့်ယာဉ်လုပ်သားတွေ ရွှေတိဂုံဘုရားကြီးအနားက အခေါက်ခေါက် အခါခါ မောင်းနှင်နေရတဲ့အတွက်ရယ်၊ ဘုရားကြီးကို ခရီးသည်တွေပို့ပေးနေရတဲ့အတွက်ရယ်ကြောင့် နေ့စဉ်နဲ့အမျှ ကုသိုလ်တွေရနေလို့ပါ" ဟုဆိုခဲ့သည်။

ကားသစ်တိုင်း၏နောက်ကျော လေကာမှန်ကြီးတွင် LED ရောင်စုံမီးလုံးငယ်များဖြင့် "မင်္ဂလာပါ" "သံဃာတော်များ အခမဲ့စီးနင်းခြင်းကို လှူဒါန်းပါသည်။" "၅၄ မထသယာဉ်လိုင်းမှ နွေးထွေးစွာကြိုဆိုပါသည်"၊ "တိုင်ကြားရန် ဖုန်းနံပါတ်များ၊ လမ်းကြောင်းခရီးစဉ်တို့အား အလှည့်ကျဖော်ပြသွားသည်။

ဦးနော်မိုင်က "ဒီသကြင်္န်မတိုင်မီ နောက်ထပ် မီနီဘတ်စ်တွေ ဝယ်ပြီးဖြည့်သွားဦးမှာပါဆို၍ ကားတိုင်းမှာ ကျွန်တော့်ဖုန်းနံပါတ်တွေ ဖော်ပြပေးထားပါတယ်။ မီဒီယာတွေအနေနဲ့ရော၊ ခရီးသည်တွေအနေနဲ့ အကြံဉာဏ်တွေပေးကြပါ။ လိုအပ်တာရှိရင် ဖြည့်ဆည်းနိုင်ဖို့အတွက် ဖိတ်ခေါ်ပါတယ်။ ကြိုလည်းကြိုဆိုပါတယ်" ဟု ဖွင့်ဟပေးခဲ့သည်။

မီဒီယာတစ်ယောက်အနေဖြင့် ခရီးစဉ်အစအဆုံး လိုက်လံကြည့်ပေးပါ။ အကြံပေးပါ။ အလုံဂိတ်မှသည် မြို့ထဲအထိ လိုက်လံလေ့လာမိခဲ့သည်။ ခရီးစဉ်အစအဆုံးအားဖြင့် ငွေကျပ် ၂၀၀ ကောက်ခံသည်ကိုတွေ့ရသည်။ လမ်းတစ်လျှောက်လုံး တီဗွီနှင့်အဲကွန်း ဖွင့်ပေးထားသည့်အလယ်၌ အတင်အချပြုနိုင်သည့် ထိုင်ခုံများပါသည့်အတွက် မတ်တတ်ရပ်ခရီးသည်မပါလာသည်ကို ဆန်းစစ်မိခဲ့သည်။ အပြန်လမ်းမှ ပြန်လာသော ၅၄ မီနီဘတ်စ်များကို ၁၀ မိနစ်ခြားတစ်စီးစီ တွေ့လာရသည်။ စာရေးသူကဲ့သို့ပင် ၅၄ ယာဉ်လိုင်းသစ်အား လေ့လာသူတစ်ဦးနှင့် စကားပြောဖြစ်သည်။

"ခရီးစဉ်အစအဆုံး ၂၀၀ နဲ့ဆိုတော့ မဆိုးဘူးဗျ။ တန်တယ်။ အဲကွန်းပါတယ်။ ထိုင်ခုံကောင်းတယ်။ အရေးကြုံလို့ ခါးပိုက်နှိုက်ပါလာရင်လည်း ပြန်ကြည့်လို့ရတဲ့ (CCTV) လည်းပါတယ်။ တီဗွီလည်းပါတယ်ဆိုတော့ စီးရတဲ့ခရီးသည်တွေအတွက် အဆင့်မြင့်တာပေါ့။ ဒါပေမယ့် ဒီအရည်အသွေးကို ရေရှည်ထိန်းထားဖို့လိုတယ်။ ကောက်ရိုးမီးလို မဖြစ်ဖို့လိုတယ်" ဟု သုံးသပ်ပြောကြားလာမှုကို ခရီးသွားပြည်သူတစ်ဦး၏ အကြံပြုမှုအဖြစ် ယာဉ်ပိုင်ရှင်အား ကြားသိစေချင်ခဲ့မိသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့၏ ရင်တွင်းစကားကို လေ့လာမိသည်။ "လိုင်းအသစ်မို့လားတော့ မသိဘူး။ ခရီးသည်တွေက စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေကြတယ်။ သိပ်မသိကြသေးဘူး။ နောက်တဖြည်းဖြည်းနဲ့ သိလာရင်တော့ ဒီထက်ပိုအဆင်ပြေသွားမှာပါ" ဟု ဆိုခဲ့သည်။

လမ်းတစ်လျှောက်ခရီးသည် အတက်အဆင်း မဆိုးလှဟု တွေးမိသည်။ ဟိုင်းလပ်ယာဉ်များစီးရခြင်းထက် များစွာသော သက်သောင့်သက်သာရှိလှသည်။ အဓိက ခရီးသည်များအဖို့ လုံခြုံမှုပိုရှိသည်ကိုတွေ့ရသည်။ ဤသို့သော ခေတ်မီယာဉ်ငယ်များ အစားထိုးဝင်လာနိုင်သည်နှင့်အမျှ ရန်ကုန်မြို့တော်၏ ခရီးသွားလာမှု ပိုမိုလျင်မြန်ချောမွေ့လာတော့မည်ဟု မျှော်မှန်းမိပါသည်။

စက်ရုံအလုပ်သမတစ်ဦးအား လိမ်လည်ခေါ်ဆောင်ကာ သားမယားပြုကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

လှိုင်သာယာမြို့နယ်တွင် နေထိုင်သည့် စက်ရုံအလုပ်သမတစ်ဦးကို လိမ်လည်ခေါ်ဆောင်ကာ သားမယားပြုကျင့်ခဲ့သောဖြစ်စဉ် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ်တွင်နေထိုင်သည့် အထည်ချုပ်စက်ရုံ အလုပ်သမ မ. . (၁၇ နှစ်)သည် မိဘများထံသို့ပြန်ရန် ကားဂိတ်သို့ တစ်ဦးတည်းထွက်လာစဉ် ဆိုင်ကယ်စီးလာသည့် အမျိုးသားတစ်ဦးက မိတ်ဆက်စကားပြောပြီး ဆိုင်ကယ်ဖြင့်လိုက်ခဲ့ရန်နှင့် ၎င်းအား ကယ်ရီခပေးစရာမလိုကြောင်း ပြောသဖြင့် လိုက်ပါသွားခဲ့ကြောင်း၊ ထန်းတပင်မြို့နယ် သီတာအေးလမ်းဆုံသို့အရောက်တွင် ၎င်းအမျိုးသားမှ ပိုက်ဆံအိတ်ကျန်ခဲ့ကြောင်းပြောကာ ဆိုင်ကယ်အားပြန်လှည့်၍ လှိုင်သာယာမြို့နယ် (၅)ရပ်ကွက်ရှိ တည်းခိုခန်းသို့ ရောက်ရှိဝင်ရောက်သွားခဲ့ကြောင်း၊ ခဏအကြာ မ. . အား ပြစရာရှိသည်ဟု ပြောဆိုခေါ်ကာ အခန်းထဲသို့အရောက်တွင် တံခါးဂျက်ထိုးပြီး အလိုမတူဘဲသားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း၊ ပြီးနောက် မ. . ကို ဆိုင်ကယ်ဖြင့် တင်ဆောင်ကာ ရန်ကုန်-ပုသိမ်လမ်းအတိုင်း လိုက်ပို့ခဲ့ရာ ရွာထိပ်သို့အရောက်တွင် ရပ်မပေးဘဲ ဆက်လက်မောင်းနှင်ပြေးခဲ့သဖြင့် မ. . မှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျခဲ့၍ ဒဏ်ရာရရှိခဲ့ကြောင်း၊ အနီးရှိ ဆိုင်ကယ်ကယ်ရီသမားများက ဝိုင်းဝန်းဖမ်းဆီးပြီး ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်းသို့ ပို့အပ်ပေးခဲ့သဖြင့် စစ်ဆေးခဲ့ရာ ၎င်းအမျိုးသားမှာ ဖော်ဖော်အောင်(ခ)ကျော်ထက်နိုင် (၃၀ နှစ်) (၇)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြစ်မှုကျူးလွန်ခဲ့သူ ဖော်ဖော်အောင်(ခ) ကျော်ထက်နိုင်ကို အရေးယူပေးပါရန် အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်ခံခဲ့ရသည့် အထည်ချုပ်စက်ရုံမှ အလုပ်သမဖြစ်သူ မ. . . က တိုင်တန်းခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါပြစ်မှုကို ကျူးလွန်ခဲ့သည့် ဖော်ဖော်အောင်(ခ) ကျော်ထက်နိုင်သည် တွံတေးမြို့နယ် ပန်းလှိုင်တံတား ကျူးကျော်တဲများ ဖယ်ရှားစဉ်က အကွက်ချပုံစံများ ပြုလုပ်ရောင်းချခြင်း၊ နေထိုင်ရန်အတွက် အိမ်ထောင်စုစာရင်းစာရွက်များအား ၎င်းအပါအဝင်လေးဦးတို့မှ အတုပြုလုပ် လက်မှတ်ရေးထိုးထုတ်ပေးထားကြောင်း အထောက်အထားများကို သိမ်းဆည်းရမိခဲ့၍ ခလောက်ချိုက်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူခြင်း ခံထားရသူဖြစ်သောကြောင့် ဤအမှုဖြင့်လည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။ **စိုးဝင်း(SP)**

လယ်နှင့်ဒေသငါးမျိုး တွဲဖက်စိုက်မွေး မျိုးငါးတစ်သား၊ စပါးနှစ်သီးအကောင်အထည်ဖော်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဖေဖော်ဝါရီ ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အောင်ချမ်းသာကျေးရွာ ကွင်းအမှတ် (၈၇၄)ရှိ လယ်နှင့်ဒေသငါးမျိုးများ တွဲဖက်မွေးမြူလျက်ရှိသည့် ဦးကျော်သန်းနှင့် ဦးအောင်မောင်းတို့၏ စိုက်ပျိုးမြေအတွင်း ဒေသငါးမျိုးများဖြစ်သည့် ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးဖယ်၊ ဘီလား၊ တီလားပီးယားမျိုးငါးများကို ကြည့်ရှုပြီး မိုးရာသီ ရေကြီးနစ်မြုပ်မှုမှကာကွယ်၍ စပါးနှစ်သီးစိုက်ပျိုးရန်အတွက်လည်းကောင်း၊ ဒေသငါးမျိုးများအား မျိုးကန်ထဲတွင် သားပေါက်ပွားစေပြီး လယ်ကွင်းများအတွင်း လွှတ်ပေးကာ ရေကျချိန်၊ စပါးရိတ်ချိန်တွင် မျိုးငါးကန်အတွင်းသို့ ငါးများအားလုံး ပြန်လည်ရောက်ရှိဖမ်းယူသည့်စနစ် ကျင့်သုံးနေမှုကို ဒေသရှိ ငါး/စပါးလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယခုစပါးတစ်သီး၊ ငါးတစ်သားသာ ထုတ်လုပ်နေမှုမှ တာပေါင်မြှင့်၍ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ကာ လယ်ကြားမြောင်းများ၊ ငါးတက်/ဆင်းလမ်းများအဖြစ် ဖော်ဆောင်၍ မိုးစပါးစိုက်ပျိုးခြင်းဖြင့် မျိုးငါးတစ်သား၊ စပါးနှစ်သီးအား လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ကုန်တက်နှင့် ဝင်ငွေသုံးဆခန့်တိုးတက်လာနိုင်သဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ စီမံချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ကြီးကို ခေတ်မီမြို့ကြီးအဖြစ် တည်ဆောက်ရာတွင် အထပ်မြင့်အဆောက်အအုံဇုန်ကန့်သတ်မှုများ ဖြေလျှော့ပေးရန်လိုအပ်

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ကြီးကို ခေတ်မီမြို့ကြီးအဖြစ် တည်ဆောက်ရာတွင် လူနေထူထပ်ပြီး အချက်အချာကျသည့် သာကေတ၊ တောင်ဥက္ကလာပနှင့် မြောက်ဥက္ကလာပ မြို့နယ်များတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပေးရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးသာဌေးက ပြောကြားသည်။

"ရန်ကုန်မြို့ရဲ့ အဓိက မျက်နှာစာမြို့ကြီးတွေဖြစ်တဲ့ သာကေတ၊ တောင်ဥက္ကလာပနဲ့ မြောက်ဥက္ကလာပမြို့တွေဟာ ရန်ကုန်မြို့တော်ကြီးကို ခေတ်မီမြို့တော်ကြီးအဖြစ် တည်ဆောက်ရာမှာ အခြားမြို့တွေနဲ့အပြိုင် တိုးတက်လာရမှာဖြစ်ပါတယ်။ ဒီမြို့တွေဟာ လူဦးရေလည်းထူထပ်တယ်။ အချက်အချာကျတဲ့ အနေအထားလည်းရှိနေတာကြောင့် အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်ခွင့်ပေးဖို့လိုပါတယ်။ မြို့သစ်တွေမှာ အထပ်မြင့် အဆောက်အအုံတွေ ဆောက်လုပ်လိုက်ပါက မြို့တော်ရဲ့ လူဦးရေ သိပ်သည်းမှုကိုလည်း လျှော့ချ ပေးနိုင်တဲ့အတွက်ကြောင့် ကန့်သတ်ချက်တွေ ဖြေလျှော့ပေးဖို့ လိုပါတယ်" ဟု ဦးသာဌေးက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည်။

အဆိုပါ မြို့နယ်များတွင် ယခင်က ၂၅ ထပ်အထိ ဆောက်လုပ်ခွင့်ပေးခဲ့သော်လည်း မကြာမီ အထပ်မြင့်အဆောက်အအုံဇုန် သတ်မှတ်မည်ဖြစ်၍ အမြင့်ဆုံး ၁၂ ထပ်၊ ၁၃ ထပ်သာ ဆောက်လုပ်ခွင့်ရတော့မည်ဖြစ်ကြောင်း ကြားသိရသည်။

လွန်ခဲ့သည့်နှစ်အတွင်း အိမ်ဈေး၊ မြေဈေးနှင့် တိုက်ခန်းဈေးများမြင့်တက်လာမှုကြောင့် စီးပွားရေးလုပ်ငန်းရှင်များက အထပ်မြင့်အဆောက်အအုံများဆောက်လုပ်ရန် ကျန်ရှိနေသေးသော အဆိုပါမြို့နယ်များတွင် အထပ်မြင့်တိုက်တာများ တိုးချဲ့ဆောက်လုပ်လာသည်ကို တွေ့ရသည်။

လက်ရှိအခြေအနေတွင် အဆိုပါမြို့နယ်များ၌ အထပ်မြင့် ဆောက်လုပ်ခွင့်ပေးသည် ဆိုသော်လည်း အများစုမှာ လေးထပ်နှင့် ရှစ်ထပ်အထိသာ ဆောက်လုပ်နေကြသည်။ သာကေတတွင် ပေ (၂၀×၆၀) မြေပေါ်တွင် ဆောက်လုပ်ရေးကုမ္ပဏီနှင့် ပိုင်ရှင်တို့ နှစ်ခန်းပေး၊ နှစ်ခန်းယူစနစ်ဖြင့် လေးထပ်သာ ဆောက်လုပ်လျက်ရှိသည်ကို တွေ့ရသည်။ အချို့နေရာများတွင်လည်း ရှစ်ထပ်အထိ ဆောက်သည်။ ၁၂ ထပ်၊ ၁၃ ထပ်၊ ဆောက်သောနေရာသည် အလွန်ပင်တွေ့ရခဲသည်။ လမ်းမတန်းများတွင် ရှစ်ထပ်အထိ ဆောက်လုပ်လာသည်။ လမ်းသွယ်လမ်းကြားများ၌လေးထပ်အများဆုံး ဆောက်ကြသည်။

ရန်ကုန်မြို့၏ အချက်အချာကျပြီး လူနေထူထပ်သည့် အဆိုပါမြို့များကို အထပ်မြင့်များ ပိုမိုတိုးချဲ့ဆောက်လုပ်လာခြင်းဖြင့် လူဦးရေသိပ်သည်းမှုကို လျှော့ချနိုင်မည့်အပြင် အမြန်ဆုံး မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုကိုလည်း ဖြစ်စေနိုင်မည်ဖြစ်သည်။

အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်လျှင် လှပလာမည့် ရေပတ်လည်ဝိုင်းရံနေသော သာကေတ၊ ဒေါပုံမြင်ကွင်းကို တွေ့ရစဉ်။

ဆင်သေရေလွှဲဆည် လက်ဝဲတူးမြောင်းပြန်လည်ပြုပြင်ပြီးစီး နွေစပါးစိုက်တောင်သူများအတွက် ရေများလုံလောက်စွာလွှတ်ပေးနေ

သတင်းနှင့် ဓာတ်ပုံ – တင်မောင်လွင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့၏ အဓိက အသက်သွေးကြောတစ်ခုဖြစ်သော ဆင်သေရေလွှဲဆည်မှ လက်ဝဲတူးမြောင်းကို ယခုနှစ် နွေစပါးစိုက်ပျိုးရေကောင်းစွာပေးနိုင်ရန်အတွက် မိုးတွင်းကာလက ရာသီဥတုဒဏ်ကြောင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် နေရာများတွင် မြေသားနံရံမှ ကျောက်စီနံရံအဖြစ် ပြန်လည်ပြုပြင် တည်ဆောက်မှု ပြီးစီးသဖြင့် နွေစပါးစိုက်ပျိုးမည့် ဒေသခံတောင်သူများထံ စိုက်ပျိုးရေများ လုံလောက်စွာ လွှတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ဆင်သေရေလွှဲဆည်၏ လက်ဝဲတူးမြောင်းနှင့် လက်ယာတူးမြောင်းများမှနေ၍ ကျေးရွာအုပ်စုပေါင်း ၁၅ အုပ်စုရှိ နွေစပါးစိုက်ပျိုးမည့် တောင်သူများအတွက် အစောပိုင်း လျာထားသတ်မှတ်ချက်အတိုင်း တစ်ကွင်း တစ်စပ်တည်းရှိ စိုက်ပျိုးမြေဧက ၅၀၀၀ ကို ရေများ လုံလောက်စွာ လွှတ်ပေးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုမောင်ကျော်က ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ ရေမြောင်းတွေကို အခုလို ကောင်းအောင် ပြုပြင် ပေးလိုက်တော့ နွေစပါး စိုက်တဲ့ တောင် သူ တွေ အတွက် အတော် အဆင်ပြေကြ ပါတယ်။ လယ်ကွက်တွေထဲ မှာလည်း လယ် သ မား တွေ ပျိုးထောင်ကြ၊ ထယ်ရေးခွဲကြနဲ့ စည်ကားနေပါပြီ။ ပျိုးသက်ရလို့ သမန်းပုပ်တာနဲ့ စိုက်ကြတော့မှာပါ။ အခုလို ပျိုးထောင်နေချိန်မှာ အထူးစပါးအထွက်တိုးတဲ့ ပုလဲသွယ်မျိုးတွေကို စိုက်ပျိုးရေးဌာနက တစ်ရွာဝင် တစ်ရွာထွက် ထုတ်ပေးပြီး အချိန်မီ ပျိုးထောင်ကာ မိုးမကျမီ ပြန်လည် ရိတ်သိမ်းနိုင်အောင် ကြိုးစား ဆောင်ရွက်နေပါတယ်။ တောင်သူတွေအနေနဲ့ ရေလည်း လုံလုံလောက်လောက် ရရှိတော့ စောစောကွင်းပိတ်မှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရွှေဥမင်သဘာဝလိုဏ်ဂူ ဘုရားပွဲကျင်းပမည်

ပင်းတယ ဖေဖော်ဝါရီ ၂၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မှ ရှေးဟောင်းသမိုင်းဝင် သဘာဝလိုဏ်ဂူဘုရား၏ တပေါင်းလ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ခြောက်ရက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပေါင်းပွဲတော်ကြီးအတွင်းတွင် တပေါင်းလဆန်း ၁၄ ရက် (မတ် ၁၄ ရက်) ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲကို ဓနုတိုင်းရင်းသားများ ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပင်းတယမြို့နှင့် ရွာင်မြို့များမှ ဓနုတိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာအကများဖြင့် ဖျော်ဖြေမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲများအနေဖြင့် ကျွန်တော်တို့ဇာတ်ပွဲ မြန်မာဇာတ်သဘင်အပြင် ခြင်းခတ်ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများနှင့် အခြားအားကစားပြိုင်ပွဲများလည်း ပါဝင်ကြမည်ဖြစ်ပြီး ဒေသထွက်အစားအစာများနှင့် ကုန်ပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

စာပေဟောပြောပွဲနှင့် ကာတွန်းပြပွဲကျင်းပ

မြဝတီ ဖေဖော်ဝါရီ ၂၄

(၆၉)ကြိမ်မြောက်စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားနှင့် ကာတွန်းပြပွဲအခမ်းအနားကို မြဝတီခရိုင် မြဝတီမြို့နယ် သောင်ရင်းခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်က ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်က အမှာစကားပြောကြားပြီး မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်ဦးနိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် သတင်းစာဆရာအသင်း အတွင်းရေးမှူး သတင်းထောက် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီးနောက် စာရေးဆရာ ချစ်ဦးညို၊ ဆရာလင်းသိုက်ညွန့်၊ စာရေးဆရာမောင်ငြိမ်းသူ၊သောင်းဝေဦး(အငြိမ်းစား)တို့က စာပေဗဟုသုတ ရသစာပေများကို ဟောပြောခဲ့ကြကြောင်းသိရသည်။

နဒီမြင့်မိုရ်(မြဝတီ)

စမတ်ဖုန်းများက မျက်စိကို ကွယ်စေနိုင်

အမှောင်ထဲ၌ နာရီပေါင်းများစွာ စမတ်ဖုန်းစိုက်ကြည့် အသုံးပြုသည့် တရုတ်နိုင်ငံအရှေ့ပိုင်း စီကျန်းပြည်နယ်မှ လျူဟုအမည်ရသူ အမျိုးသမီးတစ်ဦးသည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း၌ ၎င်း၏ညာဘက်မျက်စိအမြင်အာရုံခံလွှာ ကွာသွားသည်ကို သိရှိသည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နေ့စဉ် သုံးနာရီကြာ စမတ်ဖုန်းစိုက်ကြည့်အသုံးပြုလေ့ရှိသူ လျူသည် ပြီးခဲ့သည့် အပတ်မှစ၍ ၎င်း၏ညာဘက်မျက်လုံးကို ဇာပဝါဖုံးထားသလို ခံစားရသည်ဟု သိရှိရသည်။

ဆရာဝန်က ကျွန်မရဲ့ ဘယ်ဘက်မျက်လုံးကို အုပ်လိုက်တဲ့အခါ ညာဘက်မျက်စိဖြင့် မြင်သမျှအရာအားလုံးမှာ နဂိုအတိုင်းမဟုတ် ပုံပျက်ခဲ့ပြီး ထောင့်မှန်စတုဂံပုံအရာဝတ္ထုများကို ဘဲဥပုံသဏ္ဌာန်ဖြင့် မြင်ခဲ့ရကြောင်း လျူကပြောကြားသည်။

၎င်းအား ကုသပေးသူ ဆရာဝန်က ၎င်းသည်မျက်စိအမြင်အာရုံခံလွှာ တစ်စိတ်တစ်ပိုင်း ကွာသွားခြင်း ဝေဒနာခံစားရသည်ဟု ပြောကြားပြီး ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ အမှောင်ထဲ၌ စမတ်ဖုန်းစိုက်ကြည့် အသုံးပြုခြင်းကြောင့်ဖြစ်သည်ဟု ကောက်ချက်ချသည်။

အမှောင်ထဲ၌တောက်ပသော ဖန်သားပြင်ကို နာရီပေါင်းများစွာ စူးစိုက်ကြည့်ခြင်းသည် မျက်စိအာရုံကြောကို ကျုံ့စေနိုင်ပြီး အဝေးရှိ အမျိုးမျိုးသော အရာဝတ္ထုများ ကြည့်ရှုသည့်အခါ မျက်တွင်းမှန်ဘီလူးအတွင်းရှိ အပြောင်းအလဲများ အလိုက်သင့်မြင်နိုင်စွမ်းကို ထိခိုက်စေသည်ဟု မျက်စိအထူးကုဆရာဝန် ဇောင်းဘင်ကွန်က ပြောကြားသည်။

မျက်စိအမြင်အာရုံခံလွှာကွာသွားခြင်းသည် မျက်စိကိုကွယ်စေနိုင်ပြီး ကွန်ပျူတာနှင့်ဟန်းဆက်ဖန်သားပြင်များကို အချိန်ကြာညောင်းစွာ စူးစိုက်ကြည့်ခြင်းကြောင့် ယင်းကဲ့သို့အခြေအနေနှင့်ကြုံတွေ့ရသူ လူနာရှင်ဦးရေ တိုးပွားလာနေသည်ဟု မျက်စိအထူးကု ဆရာဝန်များက ရှုမြင်ကြသည်။

Tao Tao com အွန်လိုင်းဈေးကွက်ဆိုင်တစ်ဆိုင်၌ နေ့စဉ် ဆယ်နာရီကြာ အလုပ်လုပ်ကိုင်သည့် တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျင်းပြည်နယ်မှ အမျိုးသားတစ်ဦးသည် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ၎င်း၏ညာဘက်မျက်လုံး အမြင်အာရုံဆုံးရှုံးသွားခဲ့ကြောင်း သိရှိရသည်။

ထန်နိုး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကချင်ပြည်နယ် လူငယ်ဖိုရမ်ဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ်ရှိ လူငယ်များ၏ အမြင်သဘောထားများကို ထုတ်ဖော်ရန်၊ လူငယ်များအချင်းချင်းလေးစားနားလည်မှု ပိုမိုမြင့်မားလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်ရန်၊ ပြည်နယ်အရေးသာမက မြန်မာနိုင်ငံအရေးများတွင် လူငယ်များပါဝင်မှု အခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရန်၊ ပြည်နယ်အတွင်း အားကောင်းသောလူငယ်ကွန်ရက်ကိုအခြေပြု၍ နိုင်ငံအတွင်းနှင့် နိုင်ငံတကာ လူငယ်ကွန်ရက်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊ ပြည်နယ်အတွင်းရှိ လူငယ်များအခွင့်အရေး ပိုမိုရရှိစေရန်နှင့် ပညာရေး၊ ကျန်းမာရေး စသည့် အခန်းကဏ္ဍများတွင် တိုးတက်လာစေရန်၊ လူငယ်ပေါ်လစီများ ချမှတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကချင်ပြည်နယ် လူငယ်ဖိုရမ်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်က မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက် ကချင်နှစ်ခြင်းဇုန်နယ် ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက လူငယ်များအနေနှင့် နိုင်ငံတာဝန်ကို လက်လွှဲထမ်းဆောင်ရမည်ဖြစ်သဖြင့် အသိပညာ၊ ဗဟုသုတတိုးပွားရေးအတွက် ပညာကို တစိုက်မတ်မတ် ကြိုးစားသင်ယူသင့်ပါကြောင်း၊ ယခုကဲ့သို့ လူငယ်များစုစည်းပြီး ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်သင့်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ရရှိလာသည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်နှင့်မြို့နယ်များမှ လူငယ်ကွန်ရက်အဖွဲ့များအား ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲ တက်ရောက်လာသူ လူငယ်များက သန်းခေါင်စာရင်းတွင် လူမျိုးအမည်သတ်မှတ်ရေး၊ လယ်ယာမြေဆိုင်ရာနှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယခုဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး လူငယ်နှင့် ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါးကိစ္စရပ်များကို အဓိကထား၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရွှေပြည်သာ မီးသတ်ဌာနသို့ မီးသတ်ယာဉ်ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ခွဲတမ်းများအရ ပေးအပ်သော တရုတ်နိုင်ငံထုတ် ဂါလန် ၈၈၀ ဆံ့ Dong feng မီးသတ်ယာဉ်အသစ်တစ်စီးရရှိမှု အထိမ်းအမှတ်ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၁ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် တပ်ဖွဲ့

ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး မီးသတ်ယာဉ်ကို အမွှေးနံ့သာများပက်ဖျန်းကာ ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။

(အပေါ်ပုံ)
(၁၆၆)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၆၀၀၀	
ရန်ကုန်ရွှေဈေး	၁၅ ပဲရည်	တစ်ကျပ်သား	၆၄၅၇၀၀	
မန္တလေးရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၆၀၀၀	

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၈၂-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၀. ၆၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၆. ၁	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၁၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၂၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၂၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၆၀
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၄၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၂၁၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၆၄၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၇၀၀-၂၈၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၇၀၀-၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဆေးဝါးတက္ကသိုလ် မန္တလေးဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးဆေးဝါးတက္ကသိုလ် ဒွိဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေး ဆေးဝါးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်၊ ပညာရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဘွဲ့ရမောင်မယ်များနှင့်၎င်းတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်မောင်ဟန်က ဆေးဝါးသိပ္ပံ ပညာရပ်များကို လေးနှစ်တိုင်တိုင် ကောင်းစွာသင်ယူအောင်မြင်ခဲ့ကြသော မောင်မယ် ၇၈ ဦးတို့ကို တစ်ဦးချင်းဆေးဝါးသိပ္ပံဘွဲ့လက်မှတ်များပေးအပ်ပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ရွှေနှင်းဆီလမ်းသွယ် ၆၊ မြေကွက်အမှတ် ၅၄၊ အကျယ်အဝန်း (၃၈×၅၈)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဆွေ GBK-၀၈၇၉၅၄ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်း)ကိုပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	**ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, D.M.L**	**ဒေါ်ရတနာဆွေ LL.B,D.B.L**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**	**(စဉ်-၃၈၄၉၇)**

အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀၊ ၀၉-၇၃၁၆၉၃၀၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ လူနေရပ်ကွက်အမှတ် ၂၆၅၊ ရဲသူရိန်လမ်း၊ (၃၆)ရပ်ကွက်၊ မြေအကျယ်စတုရန်းပေ ၂၄၀၀၊ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးနေမျိုးဝင်းထံမှ အပြီးအပိုင်ဝယ်ယူရန် ဒေါ်ခင်မာလွင်က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်မာလွင်
အမှတ် ၆၃၈၊ အသာက ၂၁ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ထိုင်း-မြန်မာ ချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ဖွင့်

မြဝတီ ဖေဖော်ဝါရီ ၂၄

ထိုင်း-မြန်မာ ချစ်ကြည်ရေး စက်ဘီးစီးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က မဲဆောက်-မြဝတီ ချစ်ကြည်ရေး တံတားပေါ်တွင်ကျင်းပရာ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ဆက်လက်၍ ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ကျောင်းသား ကျောင်းသူများ စက်ဘီး ၉၀၀ ကျော်နှင့် မြဝတီမြို့နယ်မှ ကျောင်းသား ကျောင်းသူ စက်ဘီး ၃၀၀ ကျော် တို့စုပေါင်း၍ မြဝတီချစ်ကြည်ရေး တံတားထိပ်မှ ဌေးရှမ်းအလယ်တန်း ကျောင်းဝင်းအတွင်း ရပ်နား၍ အကပဒေသာများဖြင့် ပျော်ပွဲရွှင်ပွဲ ပြုလုပ်ပြီး ကျောင်းသား ကျောင်းသူ များအား ကံစမ်းမဲများ ဖောက်ပေးကာ ဌေးရှမ်းအလယ်တန်းကျောင်းမှ ချစ်ကြည်ရေးတံတားကို ဖြတ်ကာ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ထွန်းထွန်းဦး(မြဝတီ)

ချုပ်နှောင်ခံရသော မြန်မာအမျိုးသားလေးဦးအား မလေးရှားရဲတပ်ဖွဲ့မှ ကယ်ဆယ်

ဆွန်ဂိုင်ပတနီ ဖေဖော်ဝါရီ ၂၄

မလေးရှားနိုင်ငံတွင် ပင်လယ်ငါးဖမ်းစက်လှေများ အများဆုံး ဝင်ထွက်သွားလာနေသော ငါးဖမ်းလုပ်ကိုင်ကြသော နေရာဒေသတစ်ခု ဖြစ်သည့် Kedah ပြည်နယ် ဆွန်ဂိုင်ပတနီတွင် ပြီးခဲ့သောကိုးရက်ခန့်က မြန်မာနိုင်ငံမှ မလေးရှားသို့ ထိုင်းနိုင်ငံမှတစ်ဆင့်ဝင်ရောက်ကာ ကျေးကျွန် သဖွယ် ချုပ်နှောင်ခြင်းခံရသော မြန်မာအမျိုးသား လေးဦးအား မလေးရှားနိုင်ငံရဲတပ်ဖွဲ့က ကယ်တင်လိုက်နိုင်ပြီကြောင်း ဖေဖော်ဝါရီ ၂၁ ရက် မလေးရှားနိုင်ငံနေ့စဉ်ထုတ် China Press သတင်းဌာနမှ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ အမျိုးသားလေးဦး၏ အမည်ကို ဖော်ပြထားခြင်းမရှိဘဲ ၎င်းတို့သည် လုပ်ကိုင်စားသောက် အသက်မွေးဝမ်းကျောင်း ပြုရန်အတွက် ရောက်လာခြင်းဖြစ်သော်လည်း ပွဲစား၏တောင်းခံသည့် ငွေကြေးပမာဏကို ပေးဆောင်နိုင်ခြင်းမရှိသောကြောင့် သုံးရက်အစာရေစာကျွေးမွေးခြင်းမရှိဘဲ အခန်းအတွင်း လှောင်ပိတ်ထားခံရခြင်း ဖြစ်သည်ဟု ဆိုသည်။

မလေးရှားနိုင်ငံရဲတပ်ဖွဲ့မှ အဆိုပါ သတင်းကိုရရှိသဖြင့် Lao Cai Hut Hotel ၏မီးဖိုချောင်သို့ ဖေဖော်ဝါရီ ၁၉ ရက် မလေးရှားနိုင်ငံ စံတော်ချိန် ည ၁၀ နာရီက ဝင်ရောက်စီးနင်းရှာဖွေရာ အဆိုပါ မြန်မာအမျိုးသား လေးဦးအား လက်နှင့်ခြေထောက်များတွင် သံကြိုးများဖြင့်တုပ်နှောင်ထားသည်ကို တွေ့ရှိရကြောင်းသိရပြီး ပြန်ပေးဆွဲသူအား ယခုအချိန်ထိ ဖမ်းဆီးရမိခြင်း မရှိသေးကြောင်း ဆက်လက်သိရှိရသည်။

စိုးဝင်း(sp)

ပေါက်-ပခုက္ကူကားလမ်း၌ အရှိန်လွန်ယာဉ်တိမ်းမှောက် ခရီးသည်သုံးဦးဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က မကွေးတိုင်းဒေသကြီး ပေါက်-ပခုက္ကူကားလမ်း မိုင်တိုင်အမှတ်(၂၃/၅) မကျီးသုံးပင်ကျေးရွာအနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ ကမ္မနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ပေါက်မှ ပခုက္ကူသို့ ပေါက်မြို့နယ် အိုင်ကိုင်းကျေးရွာအုပ်စု မုန့်ကုန်းကျေးရွာနေ ဇင်ကိုဝင်း (၁၈ နှစ်)မောင်းနှင်လာသော ၃က/--- MITSUBISHI CANTER အဖြူရောင် ခြောက်ဘီးယာဉ်မှာ လမ်းယာဘက်ရှိ မကျီးသုံးပင်ရေလှောင်တမံသို့ ဆိုင်းဘုတ်ကို ဝင်ရောက်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် မုန့်ကုန်းကျေးရွာနေ ဒေါ်သန်းကြည်(၅၅ နှစ်)၊ မင်းကောင်းရွာနေ ဦးကြည်ဝင်း (၄၉နှစ်)၊ ကျူးတောကျေးရွာနေ ဦးမြင့်မောင်(၅၃ နှစ်)တို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇင်ကိုဝင်းကို ကမ္မနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူကြောင်း သိရသည်။

ကိုရဲ

မလေးရှား-ထိုင်းနယ်စပ်၌ တရားမဝင်နိုင်ငံခြားသားများအား 6P စီမံချက်ဖြင့် ဖမ်းဆီးရမိ

ကလင်တန် ဖေဖော်ဝါရီ ၂၄

မလေးရှားနိုင်ငံ၏ မလေးရှား-ထိုင်းနယ်စပ်ဒေသဖြစ်သော ကလင်တန်ပြည်နယ်၌ တရားမဝင်ပါမစ်မရှိသည့် နိုင်ငံခြားသားများအား 6P စီမံချက်ဖြင့် ဖေဖော်ဝါရီ ၂၂ ရက် ညကဖမ်းဆီးခဲ့ရာ အမျိုးသမီးလေးဦး အပါအဝင် ၁၈ ဦး ဖမ်းဆီးရမိကြောင်း မလေးရှားနိုင်ငံ ရုပ်/သံ သတင်းဌာနဖြစ်သော ntv7 ၏ ဖော်ပြချက်အရ မလေးရှားရောက် ကိုတွောင်ပူစီယင် က ဖေဖော်ဝါရီ ၂၃ ရက်ညပိုင်းက ဆက်သွယ်ပြောကြားသည်။

အဆိုပါ ဖမ်းဆီးရသူများမှာ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဖြစ်ကြောင်း သိရပြီး Kuala Krai ဒေသတွင် ခရီးသည်တင် ဘတ်စ်ကားဖြင့် နယ်စပ်ဒေသသို့သွားသော အပြန်လမ်းတွင် ပိတ်ဆို့ဖမ်းဆီးခဲ့ရခြင်း ဖြစ်သည်။ မြို့နယ် ကွာလာလမ်ပူနှင့် နယ်စပ်ဒေသများဖြစ်ကြသော Rantau Panjang၊ Kota Bharu တို့မှလာသော ခရီးသည်တင် ဘတ်စ်ကား ၂၅ စီးတွင် နိုင်ငံခြားသား လူဦးရေ ၂၅၀ အား အမျိုးသားမှတ်ပုံတင်ဌာနနှင့် မူးယစ်နှိမ်နင်းရေးဌာနမှ မူးယစ်ဆေးဝါး သယ်ဆောင်ခြင်း ရှိမရှိနှင့် နိုင်ငံသားကတ်များအား စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ဖမ်းဆီးရမိသူများအား မလေးရှား-ထိုင်းနယ်စပ်မြို့နယ်ဖြစ်သော Tanah Merah သို့ ယာယီပို့ဆောင်ခဲ့ကြောင်းနှင့် ဆက်လက်စစ်ဆေးမည် ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(sp)

ကျိုက်ထီးရိုး (နေ့စဉ်)
ရှောင်းသာ (နေ့စဉ်)
Ph: 209077, 209388, 09-731 67000

Ph : 09450044494, 09450044496, 377821

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်အောင်ငွေ ၈/မမန(နိုင်) ၀၅၅၂၁၀၏သား မောင်တင်လင်းအောင် (ခ) အောင်အောင် ၁၃/တကန(နိုင်)၁၉၉၅၈၈ သည် မိဘ၏စကားကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ကျွန်မ၏သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အောင်ငွေ

မိခင်အမည်မှန်

ရွှေပြည်သာမြို့နယ် အထက(၁) သတ္တမတန်း(A)မှ မဝတ်ရည်ဖြိုး၏ မိခင်အမည်မှန်မှာ မမိုးမိုးစံ ၁၂/ရပသ(နိုင်)၀၃၆၇၁၁ ဖြစ်ပါသည်။

မမိုးမိုးစံ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့၊ ငွေဆောင်မြို့နယ်ခွဲ၊ သဇင်ကျေးရွာနေ ဦးအောင်ထွန်းဦး၏သမီးကြီး မဝါဖြူ ၁၄/ပသန(နိုင်)၁၂၃၁၅၄သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် ဖခင်ကြီးအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားတာဝန်မယူပါ။

ဦးအောင်ထွန်းဦး(ပုသိမ်)၊ ဖုန်း-၀၉-၃၆၂၅၉၃၁၆

UNIQUE STAR TRAVELS & TOURS

ဥရောပ (9) နိုင်ငံ + အင်္ဂလန် (TG) (16) Days Apr: 9, 12 (5,000,000)
အမေရိက [S.F, L.V, Honolulu, L.A, N.Y, W.D.C, Niagara Fall] (KE) (20)D Apr: 6 (8,000,000)
သြစတြေးလျ [Sydney, Melbourne, Brisbane, Gold Coast, Blue Mountain] (TG) (10)D Apr: 9,11 (4,200,000)
တောင်အာဖရိက [Johannesburg, Sun City, Pretoria, Cape Town] (TG) (10)D Apr: 11 (4,000,000)
ဂျပန် + ကိုရီးယား (10)D Apr: 12,13 (3,500,000) ဂျပန် (ANA) (9)D Apr: 9,10,13,14 (3,100,000)
ကိုရီးယား (KE) (9)D Apr: 12 (2,200,000) ဒူဘိုင်း (TG) (6)D Apr: 12 (2,500,000)
(8)D Apr: 12 (1,800,000) (9)D Apr: 11,12,13 (1,700,000)
(9)D Apr: 13 (1,800,000) (9)D Apr: 12 (1,650,000)
(6)D (250,000), (4)D (250,000), (6)D (350,000)

(5), Asia Plaza 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
(70/A), Kabaaye Pagoda Rd, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နန်းသီတာလမ်း၊ ယခင်အမှတ် ၃၅၅၊ ယခုအမှတ် ၅၀/၇နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှောက်အေး ၁၃/တကန(နိုင်)၁၂၅၉၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ အထက်ဖော်ပြပါလိပ်စာ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နန်းသီတာလမ်း၊ ယခင်အမှတ် ၃၅၅၊ ယခုအမှတ် ၅၀/ရ ရှိ ဦးပိုင်အမှတ် ၇၇-က၊ အကွက်အမှတ် ၄၊ အကွက်အမည် ရေအေးကွင်းမြောက်ရပ်၊ မြေကွက်အမှတ် ၁၀၁၊ ဧရိယာ ၀ဒသမ ၆၆၇ဧကရှိ ဒေါ်ရှောက်အေးနှင့် ဒေါ်ကြွင်းကြူတို့နှစ်ဦးအမည်ပေါက် နှစ်၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး၏ပစ္စည်းကို ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရှောက်အေး၏ အကြီးဆုံးသားဖြစ်သူ (ဦးချစ်တင်)၊ ဒေါ်ကြွင်းကြူ၏ခင်ပွန်းဖြစ်သူက (ဦးစိုးခ)၏ဇနီး ရန်ကုန်မြို့နေသူ ဒေါ်သန်းမြင့်ထံမှ အပြီးအပိုင်ဝယ်ယူခဲ့ပြီး မိခင်ဒေါ်ရှောက်အေးအား နာမည်ငှားနှင့် ခေတ္တအမည်ခံထားစေခဲ့ပြီး ဇနီးဖြစ်သူဒေါ်ကြွင်းကြူနှင့် နှစ်ဦးဂရန်အမည်ပေါက်ဖြင့် နေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။

၂။ ဦးချစ်တင်ဆုံးသောအခါ (ဦးချစ်တင်)၏မိခင် ဒေါ်ရှောက်အေးက ၎င်းအား အငှားအမည်ဖြင့် ထားခြင်းဖြစ်သောပစ္စည်းကို မိမိအသိစိတ်ဖြင့် မိမိဆန္ဒအလျောက် ဆုံးဖြတ်၍ ပစ္စည်းရှင်နှင့်သက်ဆိုင်သူအားပြန်ပေးရန် စည်းကမ်းနှင့်အညီ (ဦးချစ်တင်)၏ ဇနီးဖြစ်သူ ဒေါ်ကြွင်းကြူသို့ ခိုင်မာသောစွန့်လွှတ်စာချုပ်မှတ်ပုံတင်ပြုလုပ်၍ ၎င်းအား ဂရန်အမည်ပြောင်းဖြင့် ပြန်လည်လွှဲအပ်ပေးပြီးဖြစ်ပါသည်။

၃။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှောက်အေးနှင့်မသက်ဆိုင် မပိုင်ဆိုင်ပါ၍ ဒေါ်ရှောက်အေး၏သားသမီးများကလည်း မသက်ဆိုင် မပိုင်ဆိုင်ပါသောကြောင့် ဒေါ်ရှောက်အေး၏ သားသမီးများထံမှ သဘောတူညီမှုတောင်းခံရယူရန်လို မလိုကိစ္စသည်လည်း အရေးပါ အရာရောက် အကျိုးသက်ရောက်မှုမရှိသောကိစ္စဖြစ်ကြောင်း သိစေအပ်ပါသည်။

၄။ (ဦးချစ်တင်)၏ ဇနီးဒေါ်ကြွင်းကြူအား ဒေါ်ရှောက်အေးက အမွေအဖြစ်ပေးကမ်းခြင်း မဟုတ်ကြောင်းလည်း အများသိစေအပ်ပါသည်။

၅။ ထို့ကြောင့် အထက်ဖော်ပြပါလိပ်စာရှိ နေအိမ်မြေပစ္စည်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှောက်အေး၏ပစ္စည်းမဟုတ်သဖြင့် ၎င်းသဘောဆန္ဒအလျောက် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သောကြောင့် ၎င်းအမည်ကို ဂရန်တွင် ထပ်မံထည့်ရန် အကြောင်းမရှိသည့်အလျောက် ထပ်မံထည့်ရန်ပြုလုပ်စေခဲ့ခြင်းလည်းမရှိကြောင်းနှင့် ပြန်လည်လွှဲအပ်ပေးခြင်းခံရသူ ဒေါ်ကြွင်းကြူပိုင်ပစ္စည်းသာဖြစ်ကြောင်း ဒေါ်ရှောက်အေးက အများသိစေရန် လွှဲအပ်ညွှန်ကြားကြေညာစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ရှောက်အေး ၁၃/တကန(နိုင်)၁၂၅၉၀၀
အမှတ် ၅၀/ရ၊ နန်းသီတာလမ်း၊
ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စောမြချယ်
အထက်တန်းရှေ့နေ(၁၉၈၂၀/၉၃)
အမှတ် ၁၅(ခ)/ရ၊ ကမ္ဘောဇလမ်း၊
ရေအေးကွင်းရပ်၊ တောင်ကြီးမြို့

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စန်းနွဲ့ ၁၂/တကန(နိုင်) ၀၀၄၁၇၉ ၏ မြန်မာနိုင်ငံကူးလက်မှတ် M-၆၈၀၁၈၁ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၃၁၆၃၅၇၂၄

အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နန်းသီတာလမ်း၊ ယခင် (အမှတ် ၃၅၅)၊ ယခု (အမှတ် ၅၀/၇)နေသူ ဒေါ်ရှောက်အေး ၁၃/တကန(နိုင်)၁၂၅၉၀၀၏ သားများဖြစ်ကြသော မိုးနဲမြို့နေ ဦးညယ်စောင်းဟွာ ၁၃/တကန(နိုင်)၀၀၉၀၃၇ နှင့် ရန်ကုန်မြို့နေ ဦးကျော်ခေါင် ၁၃/တကန(နိုင်)၁၂၅၈၄၉ တို့သည် မိခင်ဒေါ်ရှောက်အေး၏ သွန်သင်ဆုံးမမှုကို မနာခံသည့်အပြင် မိခင်အား စိတ်ဆင်းရဲစေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ရန်သူကဲ့သို့ ရိုင်းစိုင်းစွာပြောဆိုဆက်ဆံ၊ ဆဲဆိုမှုပြုပြီး ဆွေမျိုးများ၏သိက္ခာကျစေရန်နှင့် မိခင်ဖြစ်သူမှ ခွင့်မလွှတ်နိုင်သည့်ကိစ္စအမျိုးမျိုးတို့ကို အကြိမ်ပေါင်းများစွာပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ ဦးညယ်စောင်းဟွာနှင့် ဦးကျော်ခေါင်တို့အား အမွေစားအမွေခံသားများအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ထို့ပြင် ဦးကျော်ခေါင်၏သဘောဆန္ဒအလျောက် မိုးနဲမြို့တွင်လာရောက်၍ မိခင်ဒေါ်ရှောက်အေးထံမှ အဓမ္မပြုလုပ်ယူသွားသော အထူးကိုယ်စားလှယ်လွှဲစာနှင့် သိမ်းယူထားသော ဒေါ်ရှောက်အေး၏မှတ်ပုံတင်တို့ကို အသုံးပြုခွင့်မပေးနိုင်ကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်သောကိစ္စရပ်များကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်ရှောက်အေး
၁၃/တကန(နိုင်)၁၂၅၉၀၀

နိုင်ငံတကာအားကစား

ရေကုန်ရေခန်း နွဲကြရဦးမယ့် ယူရိုပါလိဂ် ၃၂ သင်း ဒုတိယအကျော့

မိုးမြင့်လင်းလက်

ယူရိုပါလိဂ် ၃၂ သင်း အဆင့် ဒုတိယအကျော့ ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၇ ရက်နဲ့ ၂၈ ရက်တွေမှာ ကစားမှာမို့ နာမည်ကြီးအသင်းတွေအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းရမယ့်အနေအထား ရှိပါတယ်။ ယူရိုပါလိဂ် နောက်တစ်ဆင့်တက်ရေး အစွမ်းကုန်ကြိုးစားရမှာမို့ ပေါ့ဆလို့မရတဲ့ အခြေအနေတွေကြောင့် ပွဲတိုင်းဟာ ရေကုန်ရေခန်း အားထုတ်ကြရမှာမို့ မလွတ်တမ်း အားပေးရမယ့်ပွဲတွေချည်း ဖြစ်နေပြန်ပါတယ်။

ဖရန့်ဖတ်နှင့် ပေါ်တို

ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ ဒီပွဲဟာ အဝေးကွင်းဆိုပေမယ့် ပေါ်တို အလေးအနက်ထားကစားပါလိမ့်မယ်။ ပေါ်တူဂီကလပ် ပေါ်တိုဟာ ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့် ခံစစ်မှူးတွေ အမှားလုပ်တတ်တာမို့ အထူးသတိပြုရမှာဖြစ်ပါတယ်။ ဘွန်ဒက်စ်လီဂါကလပ် ဖရန့်ဖတ်တို့ကတော့ အိမ်ကွင်းမှာ ခြေမှန်တတ်ပေမယ့် ပွဲတိုင်းရလဒ်ကောင်းအောင်တော့ မစွမ်းဆောင်နိုင်ပါဘူး။ ဒါပေမယ့် ဖရန့်ဖတ်တိုက်စစ်မှူးတွေဟာ အိမ်ကွင်းမှာ ဂိုးရအောင်သွင်းနိုင်ကြတာမို့ ပေါ်တိုတို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ လက်ရှိ ခြေစွမ်းပိုင်းအရ အိမ်ရှင်တို့ အမှားလုပ်မှာ မဟုတ်ဘူးလို့ ယုံကြည်ပါတယ်။

ထရက်ဇွန်စပေါ်နှင့် ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်တို့ ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူထားတာမို့ ဒီပွဲမှာတော့ တူရကီကလပ် ထရက်ဇွန်စပေါ်တို့ ရှုံးကြွေးပြန်ဆပ်ပြီး အနိုင်ရလဒ်ပုံဖော်နိုင်မလားကြည့်ရမှာပါ။ ဒါပေမယ့် ထရက်ဇွန်စပေါ်ရဲ့ တိုက်စစ်မှူးတွေက အဆုံးသတ်ဂိုးသွင်းမှုမှာ အားနည်းကြတာမို့ ပြိုင်ဘက်အသင်းကို ဖိအားပေးကစားတတ်တဲ့ ဂျူဗင်တပ်စ်ရဲ့ ချေမှုန်းမှုအောက်မှာ ထရက်ဇွန်စပေါ်တို့ ယူရိုပါလိဂ်ပြိုင်ပွဲက ထွက်ရမယ့်အနေအထားပါပဲ။

ဖီအိုရင်တီးနားနှင့် အက်စ်ဂျက်

ဒိန်းမတ်ကလပ်အက်စ်ဂျက်ဟာ ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-သုံးဂိုးနဲ့ရှုံးထားတာမို့ အခုပွဲ ဖီအိုရင်တီးနားကွင်းမှာ ပြန်လည်အနိုင်ယူဖို့ဆိုတာ ခက်ခဲမယ့်အနေအထားဖြစ်နေပါတယ်။ စီးရီးအေမှာ ခြေစွမ်းပြနေပြီး တန်းစီဇယားမှာ စတုတ္ထအဆင့်ရပ်တည်နေတဲ့ ဖီအိုရင်တီးနားတို့ကတော့ အိမ်ကွင်းမှာ ခြေစွာတာမို့ အက်စ်ဂျက်ပရိသတ်တွေ အနိုင်အိပ်မက် လက်တွေ့အကောင်အထည်ဖော်ဖို့မလွယ်ပါဘူး။

ကောင်းမြတ်သူ-ရေးသည်

ဆိုချီအိုလံပစ်အားကစားပြိုင်ပွဲ အိမ်ရှင်ရုရှားဆုတံဆိပ်အများဆုံးယူ

ဆိုချီဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကို ၁၇ ရက်ကြာ ကျင်းပပြီး ဖေဖော်ဝါရီ ၂၃ရက်က ပိတ်ပွဲအခမ်းအနား ကျင်းပခဲ့ရာ အိမ်ရှင်ရုရှားနိုင်ငံက ရွှေတံဆိပ်အများဆုံးဖြင့် အဆုံးသတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်ဘတ်ချ်က မိနစ် ၁၃၀ ကြာ ကျင်းပသည့် အဆိုပါ ပိတ်ပွဲအခမ်းအနားကို တရားဝင်ပိတ်သိမ်းပေးလိုက်သည်။ အိုလံပစ်အလံကို ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်အဖြစ် ကျင်းပမည့် တောင်ကိုရီးယားနိုင်ငံ ပြုံချန်း (Pyeongchang) သို့ ပေးအပ်ခဲ့သည်။ အိမ်ရှင် ရုရှားနိုင်ငံက ရွှေတံဆိပ် ၁၃ ခု၊ ငွေ တံဆိပ် ၁၁ ခုနှင့် ကြေးတံဆိပ် ကိုးခု စုစုပေါင်း ဆုတံဆိပ် ၃၃ ခုဖြင့် နံပါတ် ၁ နေရာ ရပ်တည်နိုင်ခဲ့သည်။ ယင်းနိုင်ငံသည် ၂၀၁၀ ဗန်ကူးဗား အိုလံပစ်တွင် ရွှေတံဆိပ်သုံးခု အပါအဝင် ဆုတံဆိပ် ၁၅ ခုဖြင့် နံပါတ် ၁၁ နေရာသာရခဲ့ပြီး ယခု နံပါတ်တစ်နေရာတက်နိုင်ခဲ့သည်။ နော်ဝေက ရွှေတံဆိပ် ၁၁ ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် ၂၆ ခုဖြင့် ဒုတိယနေရာ ရခဲ့သည်။ ကနေဒါက ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၁၀ ခုနှင့် ကြေးတံဆိပ် ၅ ခုဖြင့် တတိယနေရာ ရသည်။ ယင်းအိုလံပစ်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၈၈ နိုင်ငံမှ အားကစားသမား ၂၈၀၀ ပါဝင် ယှဉ်ပြိုင်ခဲ့သည်။

ချန်ပီယံလိဂ် ၊ လီဂူးပွဲစဉ် နှင့် ဂိုးရလဒ်များ

သီဟ

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပွဲစဉ်များ			**ဖေဖော်ဝါရီ ၂၅/၂၆**
ဇင်းနစ်	-	ဒေါ့မွန်	ည ၁၁း၃၀
အိုလံပီယာကော့စ်	-	မန်ယူ	နံနက် ၂း၁၅
ပြင်သစ်လီဂူး ပွဲစဉ်-၂၆			**ဖေဖော်ဝါရီ ၂၅**
ဘော်ဒိုး	-	လော်ရီယန့်	ည ၁၂း၀၀

အိုလံပီယာကော့စ် Vs မန်ယူ

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပထမကျော့တွင် ဂရိမြေမှာလက်ခံကစားရမှာဖြစ်လို့ အိမ်ရှင် အိုလံပီယာကော့စ်က ဂရိစူပါလိဂ်တွင် ဇယားထိပ်ဆုံးမှာ ရပ်တည်နေပြီး စူပါလိဂ် နောက်ဆုံးအိမ်ကွင်း ငါးပွဲမှာ ငါးပွဲစလုံးဂိုးပြတ်နိုင်ထားလို့ အိမ်ကွင်းမာကျောတဲ့အသင်းတစ်သင်းပါ။ ညှော့သည်မန်ယူက ပရီမီယာလိဂ်တွင် အဆင့်၆မှာရှိနေပြီး ယူရိုပါလိဂ်အဆင့်ကိုဝင်ဖို့ ရုန်းကန်နေရတဲ့ အသင်းပါ။ ပရီမီယာလိဂ် နောက်ဆုံးအဝေးကွင်းငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ရထားပါတယ်။ မန်ယူဟာ အဝေးကွင်းမှာ သရေလောက်ရအောင်ခံကစားမှာပါ။ အိမ်ကွင်းမာကျောတဲ့ အိုလံပီယာကော့စ် တိုက်စစ်က စူပါလိဂ်မှာ ခြေစွမ်းပြနေပြီး မန်ယူနောက်တန်းဟာလည်း ဖရိုဖရဲ ဖြစ်နေလို့ ဒီပွဲမှာ အိုလံပီယာကော့စ်တို့ ဂရိမြေမှာ အောင်ပွဲခံနိုင်မှာပါ။

ဖေဖော်ဝါရီ ၂၃/၂၄ ရက် ဂိုးရလဒ်များ

နယူးကာဆယ်	၁-၀	အက်စ်တွန်ဗီလာ
နော့ဝှစ်ချ်	၁-၀	စပါး
တူးလော့စ်	၂-၄	ပီအက်စ်ဂျီ
နန့်တက်စ်	၀-၃	ရန်းနက်စ်
လိုင်လီ	၀-၀	လိုင်ယွန်
ဖရန့်ဖတ်	၀-၀	ဝါဒါဘရီမင်
ဟန်နိုဗာ	၀-၄	ဘိုင်ယန်မြူးနစ်
လီဗော်နို	၂-၃	ဗီရိုနာ
အူဒီးနိစ်	၁-၁	အတ္တလန္တာ
အင်တာ	၁-၁	ကက်ဂလီယာရီ
ချီယေဗို	၂-၀	ကာတာနီးယား
ဆမ်ဒိုးရီးယား	၀-၂	အေစီမီလန်
ဂျူဗင်တပ်စ်	၁-၀	တိုရီနို
လာဇီယို	၃-၂	ဆက်ဆူအိုလို
ဗယ်လက်ကာနို	၀-၁	ဆီဗီလာ
ဘက်တစ်	၀-၂	ဘီလ်ဘာအို
ဗလင်စီယာ	၂-၁	ဂရန်နာဒါ
အိုဆာဆူနာ	၃-၀	အက်သလက်တီကို

ပြည်တွင်းသတင်းနှင့် ကျော်ငြာ

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၅။ **မုဒုံ-မြဝတီလမ်းမိုင် (၈၆/၆)မှ အလယ်ဘိုတဲကြားပြင်ဆင်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ (၁၉၅သန်း၊၂၈၅သန်း၊ သန်း ၇၀)ဖြင့် ဆောင်ရွက်ပြီးစီးတော့မည် ဖြစ်ပါသည်။

၆။ **ဂျိုင်းတံတား ဖွင့်/ပိတ်ချိန် ပြောင်းလဲသတ်မှတ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၁၀-၂-၂၀၁၄ရက်မှစ၍ ဂျိုင်းတံတားကို နံနက် ၅ နာရီတွင် ဖွင့်ပြီး ည ၉ နာရီတွင် ပိတ်ရန် ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **အိန္ဒူ-ဇာသပြင်လမ်းသည် လမ်းလှိုင်းများဖြစ်ပေါ်၍ လမ်းများ ဆိုးရွားစွာ ပျက်စီးနေပါသည်။ နှစ်စဉ်မိုးရာသီတွင် ရေကျော်သည့် လမ်းပိုင်းများရှိပါသည်။ ကတ္တရာလမ်းပျက်စီးနေမှုကို ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် နှစ်စဉ် မိုးရာသီ ရေကျော်သည့်လမ်းပိုင်းများကို ရေလွတ်အောင် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** အိန္ဒူ- ဇာသပြင်လမ်းသည် ၁၅ မိုင်ရှည်လျားသော ကတ္တရာလမ်းဖြစ်သည်။ ၁၁-၂-၂၀၁၀ ခုနှစ်မှစ၍အေးကိုမိသားစုကုမ္ပဏီမှ (B.O.T)စနစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ရန်ပုံငွေကျပ်သန်း ၃၅၀၀ သုံးစွဲခဲ့ပါသည်။ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လမ်းချိုင့်ခွက်ကြီးများအား ၁၅-၂-၂၀၁၄ ရက်မှစတင်၍ ကတ္တရာဖြင့် ဖာထေးသွားပါမည်။ ရေကြီးနစ်မြုပ်မှုကြောင့် လမ်းပျက်စီးမှု နည်းပါးစေရန် လမ်းတာပေါင်ဖို့ခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ **ကော့ကျိုက်-ဇာသပြင်လမ်း နှစ်စဉ်မိုးရာသီရေကျော်သည့် အပိုင်းများကို ရေလွတ်အောင်ဆောင်ရွက်ပေးပါရန်မေးမြန်းချက်နှင့်ပတ်သက်၍** ကော့ကျိုက်-ဇာသပြင်လမ်းကို အေးကိုမိသားစုကုမ္ပဏီသည် ၁၁-၂-၂၀၁၀ ရက်မှ စတင်၍ B.O.T လမ်းအဖြစ် စတင်တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ကော့ကျိုက်-ဇာသပြင်လမ်းသည် ၁၇ မိုင် ၇ ဖာလုံရှည်လျားသော ကတ္တရာလမ်း ဖြစ်ပြီး လမ်းအကျယ် ၂၂ပေရှိကာ ကောင်းမွန်သော ကတ္တရာလမ်းဖြစ်ပါသည်။ မိုးရာသီတွင် ရေကြီးသောနှစ်များ၌ လမ်းပိုင်းအချို့မိုင် (၆/၀-၈/၀၊ ၉/၀-၁၀/၅)တို့၌ ရေကျော်သော်လည်းအချိန်တိုကာလသာဖြစ်ပါသည်။ ယာဉ်သွားမှုပြတ်တောက်ခြင်းမရှိပါ။ ၂၀၁၂-၂၀၁၃ ခုနှစ် မိုင်(၀/၁-၀/၃)အထိ နှစ်ဖာလုံ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ မိုင် (၁၂/၆-၁၄/၆)အထိ လမ်းပခုံးမို့မောက်သောနေရာ၌ (Grader)ဖြင့် ထိုးညှိခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ၎င်းလမ်းပေါ်ရှိ တံတား ၁၀ စင်း၏ အတက်အဆင်းချောမွေ့ပြေပြစ်စေရန် ၂၀၁၄ ခုနှစ် မတ်လအတွင်း အပြီးသတ်ဆောင်ရွက်ပေးပါမည်။ လာမည့်နှစ်များတွင် ယာဉ်သွားလာမှု ကောင်းမွန်စေရန် ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **နောင်လုံတံတားသည် ယာဉ်အသွားအလာများပြားလာပြီဖြစ်သောကြောင့် နောင်လုံတံတားသည် ကျဉ်းမြောင်းနေပြီး ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့မှုမရှိပါ။ ယာဉ်များသွားလာမှု အဆင်ပြေပြီး ကုန်ချိန်များသော ယာဉ်များဖြတ်သန်းနိုင်စေရန်၊ ယာဉ်သွားလမ်းကျယ်သော တံတားအသစ် ဆောက်လုပ်ပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** နောင်လုံတံတားကို(JICA) အကူအညီဖြင့် အသစ်ပြန်လည်ဆောက်လုပ်နိုင်ရန် (Japan ODA)ချေးငွေရရှိရေးအတွက် (JICA Consultant)များက (Feasibility Survey)ခေါ်သည့် ကြိုတင်တိုင်းတာလေ့လာမှုများဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၁၀။ **ဘားအံမြို့နယ်အတွင်း အနယ်နယ်မှရောက်ရှိပြီး တာဝန်ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းများရှိပါသည်။ ဘားအံမြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာအချို့ရှိသော်လည်း ဝန်ထမ်းနှင့် အိမ်ရာမျှတမှုမရှိ၍ ဝန်ထမ်းအများစုမှာ နေအိမ်အခက်အခဲများ ရှိပါသည်။ ပြင်ပ နေအိမ်ငှားရမ်းခနှုန်းများမှာလည်း အဆမတန် မြင့်မားနေပါ၍ ဝန်ထမ်းများမှ ရရှိသောလစာနှင့်အိမ်ခန်းများငှားရမ်းရန် များစွာအခက်အခဲများရှိနေကြပါသည်။ သို့ပါ၍ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ဝန်ထမ်းနေအိမ်များတိုးချဲ့ဆောက်လုပ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကရင်ပြည်နယ် ဘားအံမြို့တွင် အိုးအိမ်ဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာများဖြစ်သော ခြောက်ခန်းတွဲတိုက် ၁၃ လုံး၊ ၇၈ခန်း၊ လုံးချင်းအိမ်ရာတိုက်အလုံး ၃၀ ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၅၂၀ ဒသမ ၂၄ သန်းဖြင့် လှာကမြင်တိုးချဲ့ကွက်သစ်တွင် ခြောက်ခန်းတွဲနှစ်ထပ်နှစ်လုံး၊ လေးခန်းတွဲနှစ်ထပ်တစ်လုံး၊ နှစ်ခန်းတွဲနှစ်ထပ်တစ်လုံး ဆောက်လုပ်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခြောက်ခန်းတွဲနှစ်ထပ်နှစ်လုံး၊ လေးခန်းတွဲနှစ်ထပ်တစ်လုံး၊ နှစ်ခန်းတွဲနှစ်ထပ်တစ်လုံးဆောက်လုပ်ရန် ရန်ပုံငွေကျပ် ၆၀၆ ဒသမ ၆၀ သန်းတင်ပြတောင်းခံထားပါသည်။ ဝန်ထမ်းအိမ်ရာများ ဆက်လက်ဆောက်လုပ်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ **ဘားအံ-လှိုင်းဘွဲလမ်းသည် လက်ရှိကျန်ရှိနေသည့် ၁၂ ပေအကျယ် ကတ္တရာလမ်းအား လမ်းချဲ့ပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** ဘားအံ-လှိုင်းဘွဲလမ်းသည် မိုင် (၂/၆-၂၄/၄) အထိ ၂၁ မိုင် ၆ ဖာလုံ ကတ္တရာလမ်းဖြစ်သည်။ မိုင် (၂/၆-၇/၄) အထိ ၄ မိုင် ၆ ဖာလုံ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ မိုင် (၇/၄-၁၀/၅) အထိ ၃ မိုင် ၁ ဖာလုံ ယာဉ်သွားလမ်းအကျယ် ၃၆ ပေ၊ မိုင် (၁၀/၅-၁၁/၃) အထိ ၆ ဖာလုံ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ မိုင် (၁၁/၃-၂၀/၁) အထိ ၈ မိုင် ၆ ဖာလုံ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ မိုင် (၂၀/၁-၂၃/၆) အထိ ၃ မိုင် ၅ ဖာလုံ လမ်းချဲ့ရန်ကျန်ရှိပါသည်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၈၁၄ ဒသမ ၈၄ သန်းဖြင့် ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ အုတ်ခုံခံသံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများဆောင် ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုင် (၂၀/၁-၂၃/၆) အထိ ၃ မိုင် ၅ ဖာလုံအား အကျယ် ၁၂ ပေမှ ၁၈ ပေသို့ လမ်းချဲ့နိုင်ရန်အတွက် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကျပ် ၃၂၄ သန်းတင်ပြတောင်းခံထားပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၂။ **ထီးဖိုးကလုံး-မြိုင်ကြီးငူကတ္တရာလမ်းသည် လမ်းပေါက်၊ လမ်းချိုင့်များ ဖြစ်ပေါ်ပြီး လမ်းအနိမ့်အမြင့်လှိုင်းများဖြစ်ပေါ်လျက်ရှိပါသည်။ ၎င်းလမ်းအား ပြင်ဆင်ပေးစေလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ထီးဖိုးကလုံး-မြိုင်ကြီးငူလမ်းသည် ၃၄ မိုင် ကတ္တရာလမ်းဖြစ်ပြီး နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၁၇ သန်းဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ၎င်းလမ်းကို အနိမ့်အမြင့် ဖြေညှိခြင်းနှင့်လမ်းပေါက်ဖာခြင်းလုပ်ငန်းများကို ရွှေသံလွင်ကုမ္ပဏီမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

တရားစီရင်ရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စများထပ်ဆင့်ရှင်းလင်း

မော်လမြိုင် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားရုံးအဆင့်ဆင့်တို့၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ အမှုများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန်စစ်ဆေးစီရင်ရေး၊ လာဘ်ပေး လာဘ်ယူ ကင်းရှင်းရေး၊ တရားရုံးများဂုဏ်သိက္ခာမြင့်မားရေးနှင့် ပြည်သူများက တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်မှုရှိလာစေရေး၊ တရားစီရင်ရေးမဏ္ဍိုင် လွတ်လပ်ပြီး အားကောင်း ခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်ရေး စသည့် ပြည်ထောင်စု တရားသူကြီးချုပ် လမ်းညွှန်မှာကြားခဲ့သည့် မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ် တရားလွှတ်တော် တရားရေးဦးစီးမှူး၊ မော်လမြိုင်နှင့် သထုံခရိုင်တရားသူကြီးများက ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြပြီး မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ မှာကြားဆွေးနွေးကြသည်။ ပြည်နယ်တရားလွှတ်တော်တရားရေးဦးစီးမှူးက ခရိုင်နှင့်မြို့နယ်များ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီးနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ **ကျော်သန်း(မော်လမြိုင်)**

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊မန္တလေး၊မော်လမြိုင်၊တောင်ကြီး)
အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း

သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ် ဇွန် ၁ရက်မှစ၍ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး)တို့တွင် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းတက်ရောက်ရန် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် (၈/၉/၁၀)တန်း တက်ရောက်မည့် ကျောင်းသားကျောင်းသူများသာ ဖြစ်ရမည်။
(ဂ) လျှောက်ထားသူများသည် အဋ္ဌမတန်းအတွက် အသက်(၁၃)နှစ်ထက်မငယ်၊ (၁၄)နှစ်ထက်မကျော်လွန်သူများ ဖြစ်ရမည်။
(ဃ) နဝမတန်းအတွက် အသက်(၁၄)နှစ်ထက်မငယ် (၁၅)နှစ်ထက်မကျော်လွန်သူများ ဖြစ်ရမည်။
(င) တက္ကသိုလ်ဝင်တန်းအတွက် အသက်(၁၅)နှစ်ထက်မငယ် (၁၆)နှစ်ထက် မကျော်လွန်သူများ ဖြစ်ရမည်။
(စ) ကိုယ်ခန္ဓာပြေပြစ်ပြီး အရပ်အမောင်းကောင်းရမည်။
(ဆ) ကျန်းမာကြံ့ခိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် အသက်နှင့် ပညာအရည်အချင်းမှန်ကန်မှုအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။
၃။ လျှောက်ထားသူများအားလုံး ပညာအရည်အချင်းစစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းနှင့်ဆေးဘက်ဆိုင်ရာစစ်ဆေးခြင်းများ အဆင့်ဆင့်စစ်ဆေးဆောင်ရွက်သွားမည်။
၄။ ပညာအရည်အချင်းစစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်နှင့်ဆေးစစ်အောင်မြင်သူများကို အခြေခံအားကစားကြံ့ခိုင်မှု စုပေါင်းသင်ကြားလေ့ကျင့်ပြီးနောက် သက်ဆိုင်ရာအားကစားနည်းများအလိုက် ရွေးချယ်သင်ကြားလေ့ကျင့်ပေးသွားမည်။
၅။ သင်တန်းတက်ရောက်ခွင့်ရရှိသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နှစ်နှစ်ဆက်တိုက် စာမေးပွဲကျရှုံးပါက ကျောင်းမှထုတ်ပယ်ခြင်းခံရမည်ဖြစ်ပြီး နှစ်စဉ် အတန်းအောင်မြင်ပါက နိုင်ငံတော်မှ အကုန်ကျခံ၍ ဘွဲ့ရရှိသည်အထိပညာသင်ကြားပေးမည် ဖြစ်သည့်အပြင် အားကစားဝန်ကြီးဌာနတွင် နည်းစနစ်မှူး (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)နှင့် ဦးစီးအရာရှိ (လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရာထူးနေရာများတွင် အားကစားအရည်အချင်းကိုမူတည်၍ ခန့်အပ်တာဝန်ပေးသွားမည် ဖြစ်ပါသည်။
၆။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့်အကျုံးဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ (ရန်ကုန်၊ ပဲခူး၊ ဧရာဝတီနှင့် ရခိုင်)
၇။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)နှင့်အကျုံးဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ (မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်နှင့် ချင်း)
၈။ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)နှင့်အကျုံးဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ (တနင်္သာရီ၊ ကရင်နှင့် မွန်)
၉။ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)နှင့် အကျုံးဝင်သော ပြည်နယ်များမှာ (ရှမ်းနှင့် ကယား)
၁၀။ လျှောက်ထားလိုသူများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများမှတစ်ဆင့် သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဖုန်း-၀၁-၄၀၀၀၃၇၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဖုန်း-၀၂-၈၀၉၃၆၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၅၇-၂၄၈၃၂ နှင့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၈၁-၂၁၁၆၅ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၆၉၅၀ (7A/6950)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/ ၆၅၅၈၉ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၇/ညလပ(နိုင်)၁၀၀၄၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ဖခင် အမည်မှန်

ပုဏ္ဏားကျွန်း အထက အဋ္ဌမတန်း(A)မှ မောင်မောင်အေးစိုး၏ ဖခင်အမည်မှန်မှာ ဦးဒိုးအောင်ကျော် ၁၁/ပတန(နိုင်)၀၂၂၃၄၇ ဖြစ်ပါကြောင်း။

ဦးဒိုးအောင်ကျော်

နွေရာသီပန်တျာသင်တန်းသားနှင့် ပန်းချီသင်တန်းသားခေါ်ယူခြင်း

၁။ **သင်တန်းဖွင့်မည့်နေရာ**	(က)	အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်မြို့။
	(ခ)	အနုပညာအထက်တန်းကျောင်း၊ မန္တလေးမြို့။
၂။ **အသက်**		အသက်(၅)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။
၃။ **သင်တန်းသားခေါ်ယူခြင်း**		၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၉ရက်အထိ
၄။ **သင်တန်းစတင်ဖွင့်မည့်ရက်**		၂၀၁၄ ခုနှစ် မတ် ၁၀ ရက်
၅။ **သင်တန်းကာလ**		ရက်သတ္တပတ် လေးပတ်
၆။ **တက်ရောက်လိုသောသင်တန်း**	(က)	ပန်တျာ (အဆို/အက)
	(ခ)	ပန်းချီ (အခြေခံအဆင့်သင်တန်းတက်ရောက်ပြီးသူများ တန်းမြင့်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။) (တန်းမြင့်သင်တန်းပြီးဆုံးပါက သင်ရိုးကုန်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။)
၇။ **သင်တန်းချိန်**		နံနက် ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
၈။ **သင်တန်းကြေး**		၁၅၀၀၀ိ/-ကျပ်
၉။ **လျှောက်လွှာ**		သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ကျောင်းများတွင် ရယူလျှောက်ထားနိုင်ပါသည်-
		(က) အနုပညာအထက်တန်းကျောင်း(ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
		(ခ) အနုပညာအထက်တန်းကျောင်း(မန္တလေး) ၆၆ လမ်း၊ ၁၄×၁၅လမ်းကြား၊ မန္တလေး။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နှစ်ပေါင်း ၂၂၀ ကျော်က ကြေးခေါင်းလောင်းကြီး ဝမ်းတွင်းမြို့နယ် ဉာဏ်ကန်ကျေးရွာတွင် ထိန်းသိမ်းထားရှိ

မိတ္ထီလာ ဖေဖော်ဝါရီ ၂၄

လွန်ခဲ့သောနှစ်ပေါင်း ၂၂၀ ကျော်က ကြေးခေါင်းလောင်းကြီးအား မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဉာဏ်ကန်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း အဆိုပါကျောင်းဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၏ မိန့်ကြားချက်အရ သိရသည်။

"ဒီခေါင်းလောင်းကြီးကို ဉာဏ်ကန်ကျေးရွာတောင်ဘက်ကပ်လျက်ရှိ ရှောက်တောကျေးရွာအနီးမှာ တည်ထားကိုးကွယ်ထားသည့်ကြေးဝါစေတီမြတ်ပရိဝုဏ်ကနေရွှေ့ပြောင်းထိန်းသိမ်း ထားရှိတာဖြစ်ပါတယ်။ ခေတ်ကာလအရ ခေါင်းလောင်းကြီး မပျောက်မပျက်အောင်ဒီလိုထိန်းသိမ်းထားရှိတာဖြစ်ပါတယ်။ ကြေးဝါစေတီတော်မြတ်ကို အမရပူရ ပထမမြို့တည်မင်း ဘိုးတော်မင်းတရားကြီးနဲ့ သားတော်အိမ်ရှေ့မဟာဥပရာဇာတို့ ကိုးကွယ်တော်မူတဲ့ ဝံသာလင်္ကာရသဒ္ဓမ္မ အဘိဇမဟာဓမ္မရာဇာဓိရာဇ်ဂုရု ဘွဲ့တံဆိပ်တော်ရမုံတောဆရာတော်က ဒေသပြည်သူတွေနဲ့အတူ စုပေါင်းတည်ထားခဲ့တယ်။ အဲဒီနောက်စေတီတော်မြတ်တည်ထားကိုးကွယ်ပြီးလေးနှစ်ခန့်အကြာမှာ စေတီတော်အနီး ခေါင်းလောင်းတော်ကြီးတစ်ခု ကောင်းမှုပြုလိုတဲ့ ဆန္ဒရှိတာကြောင့် မျက်နှာဝ ၁၈ လက်သစ်၊ လုံးပတ် ၄၁ လက်သစ်၊ ဖောက်(အမြင့်) ၁၁၂ လက်သစ်၊ ထုလေးလက်သစ်ရှိပြီး ကြေးပိဿာချိန် ၂၀၀ ရှိသော ခေါင်းလောင်းကြီး ပြုလုပ်တယ်။ မြန်မာသက္ကရာဇ် ၁၁၅၂ ခုနှစ် ကဆုန်လဆန်း ၁၂ ရက်မှာ ခေါင်းလောင်းတော်ကြီးကို လှူဒါန်းတော်မူခဲ့တယ်။ ခေါင်းလောင်းစာမှာလည်း လှူဒါန်းတဲ့အချိန်ကာလ၊ လှူဒါန်းရတဲ့ အကြောင်းအရာတို့နဲ့အတူ ခေါင်းလောင်းကြီးရဲ့ အရွယ်အစားအလေးချိန်ကိုလည်း ရေးထိုးထားတဲ့အပြင် မုံတောဆရာတော်က ဒီကောင်းမှုအလှူဒါနကို အကြောင်းပြုပြီးဘုရားဆုပန်တယ်။ ပြီးတော့ ၃၁ ဘုံသတ္တဝါတွေကိုလည်း ကုသိုလ်အမျှရပါစေလို့ ရေးထိုးထားတာတွေ့ရတယ်။ အခုဆို ခေါင်းလောင်းကြီးသက်တမ်းကလည်း နှစ်ပေါင်း ၂၂၀ ကျော်ခဲ့ပြီး တိတိကျကျဆိုရရင် ၂၂၃ နှစ်ထဲရောက်နေပါပြီ"ဟု ဆရာတော်က မိန့်သည်။

ကြေးခေါင်းလောင်းကြီး၏ ဆွဲကွင်းတွင် ရှေးဆန်သောခြသေ့ နှစ်ကောင်နောက်ကျောပေး မျက်နှာလှည့်ထားပြီး ၎င်းအောက်တွင် ပလ္လင်လည်ရစ်နှင့်ကြာမှောက်များကို ခေါင်းလောင်းကြီးပတ်လည်တွင်တွေ့ရသည်။ ခေါင်းလောင်းစာကိုလည်း ပေစာ၊ ပုရပိုဒ်စာများအသွင် ပုံဖော်ပြီး ရေးထိုးထားကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သတင်းတို

ကမာရွတ် လှည်းတန်း(၆)လမ်း ဖွင့်ပွဲကျင်းပ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကမာရွတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ကမာရွတ်လှည်းတန်း (၆) လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်လှည်းတန်း (၆)လမ်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။ ကမာရွတ်လှည်းတန်း(၆)လမ်း၊ တစ်ဖက်ပွင့်လမ်း ၁၂၆ ပေ× ၁၀ပေ× ၆ လက်မ လမ်းသစ်ဖောက်လုပ်ခြင်း၊ (၆)လမ်းအရှေ့ပိုင်း၊ ပေ၂၀၀ × ၁၈ ပေ × ၆ လက်မနှင့် (၆)လမ်း အနောက်ပိုင်း ပေ၂၀၀× ၁၈ ပေ× ၆ လက်မတို့ကို ကွန်ကရစ်လမ်းခင်းခြင်းနှင့် လှည်းတန်းလမ်းမနှင့် ပေ ၅၀ လမ်းဆက်သည့်လမ်း ၁၀၅ ပေ× ၁၈ ပေ× ၆ လက်မကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုလွှတ်တော် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ဥပုတ်ချောင်းတံတားဦးထိပ် ကမ်းပါးပြိုကျမှုမြေထိန်းနံရံများတည်ဆောက်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မိုးရေချိန်ထူးကဲစွာရွာသွန်းခဲ့မှုကြောင့်ကလေးမြို့နယ်အတွင်းချောင်းရေများတိုက်စားကာ ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် တံတားဦးတံတားအထက်ဘက်ကမ်းပါးပြိုကျမှု ကာကွယ်နိုင်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၏ ညွှန်ကြားမှုကိုခံယူကာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေး ကောင်းကောင်းမွန်မွန်ရရှိရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိရာသတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးရေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကမ်းပါးပြိုကျ ရေတိုက်စားမှုများကာကွယ်နိုင်ရေးအတွက် ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၁၄၁ ဒသမ ၃ သန်းကို ခွင့်ပြုခဲ့ရာ သံဆန်ခါအခြေပြု ကျောက်စီမြေထိန်းနံရံ ပေ ၉၀၀ ကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်ဆောင်ရွက်နေပြီး ထိုကျောက်စီနံရံ၏ အထက်ဘက် မျောဂရစ်တန်း ကမ်းထိန်းလုပ်ငန်း ပေ၂၄၀ ကို တည်ဆောက်နိုင်ရေးအတွက်နိုင်ငံတော်မှခွင့်ပြုငွေကျပ်၅၃ ဒသမ ၆သန်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။ **သျှင်နေမင်း**

ဝိသုဒ္ဓိပရဟိတဆေးခန်း တစ်နှစ်ပြည့်အထိမ်းအမှတ် ဆေးဝါးကုသ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ ဝိသုဒ္ဓိပရဟိတ ဘုန်းတော်ကြီးကျောင်း၊ ဝိသုဒ္ဓိ ကုသိုလ်ဖြစ်ပရဟိတဆေးခန်း၏ ဆေးကုသမှုနှင့် ပညာဒါနတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တရဠသာရ၏ စီစဉ်မှုဖြင့် အာရှတော်ဝင်ဆေးရုံမှ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန် ပါမောက္ခဒေါက်တာဘုန်းမြင့်နှင့် အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာချယ်ရီကို၊ အရေပြား အထူးကုဆရာဝန် ဒေါက်တာစန်းရီရီဆွေ၊ အရိုးအထူးကု ဆရာဝန်မောင်မောင်ဦး၊ အထွေထွေရောဂါကုဆရာဝန်များဖြစ်ကြသော ဒေါက်တာကျော်စွာဖြိုး၊ ဒေါက်တာမျိုးအောင်၊ ဒေါက်တာမျိုးခန့်ဇော်၊ ဒေါက်တာထွန်းအောင်ကျော်၊ ဒေါက်တာကေဇင်ပွင့်သော်တို့သည် သူနာပြုဆရာမများ၊ စေတနာရှင်လုပ်အားပေးများ လိုက်ပါကာ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သုံးခွကျေးရွာတွင် လူနာ ၄၀၀ ကျော်၊ ကျိုက်လတ်ကမာချိုင့်ကျေးရွာတွင် လူနာ ၃၀၀ ကျော်၊ ကွင်းကောက်မြို့ ဘန့်ဘွေးကုန်းကျေးရွာတွင် လူနာ ၁၀၀ ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ ဗိုလ်အောင်ကျော်အိမ်ရာတွင် လူနာ ၁၅၀ ကျော်တို့ကို ရောဂါရှာဖွေခြင်း၊ ဆေးကုသပေးခြင်း လိုအပ်သော ဆေးဝါးများပေးအပ်ခြင်းဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ဝိသုဒ္ဓိကုသိုလ်ဖြစ်ပရဟိတဆေးခန်းသည် ဆေးခန်းမှတ်ပုံတင်ရယူကာ စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးလှူဒါန်းမှုဖြင့် ရက်သတ္တတစ်ပတ်လျှင် တနင်္ဂနွေနေ့တိုင်း လူနာများလိုအပ်သော ဆေးဝါးငွေကျပ် နှစ်သိန်းကျော် အကုန်အကျခံကာ ကျောင်းတိုက်တွင် လူနာ ၁၀၀ ကျော်အား လူမျိုးဘာသာမရွေးအခမဲ့ ကုသိုလ်ဖြစ်ဆေးဝါးကုသပေးလျက်ရှိပြီးဆေးခန်းရေရှည်တည်တံ့ရပ်တည်နိုင်ရန်အတွက် ဆေးဝါး၊ အလှူငွေ လှူဒါန်းလိုသူများနှင့်ဆေးဝါးငွေပဒေသာပင် စိုက်ထူလိုသူများအနေဖြင့် ဖုန်း-၀၉-၃၁၅၉၀၈၂၁၊ ၀၉-၃၁၀၅ ၆၄၄၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ခင်မောင်သော်(ကမာရွတ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စာမေးပွဲဖြေဆိုမည့်ရက်သတ်မှတ်ခြင်း
ကြော်ငြာစာအမှတ် (၁/၂၀၁၄)
၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

၁။ ၁-၁၂-၂၀၁၃ ရက်မှ ၃-၁၂-၂၀၁၃ ရက်အထိ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့သော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁)/ဒုတိယဦးစီးမှူးရာထူး ၃၅၆နေရာ ခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

ရက်စွဲ	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၄-၂၀၁၄ ရက် (စနေနေ့)	မြန်မာစာ	၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ
၅-၄-၂၀၁၄ ရက် (စနေနေ့)	အင်္ဂလိပ်စာ	၁၃:၀၀ နာရီမှ ၁၅:၀၀နာရီအထိ
၆-၄-၂၀၁၄ ရက်(တနင်္ဂနွေနေ့)	အထွေထွေဗဟုသုတ	၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ

၂။ စာစစ်ဌာနနှင့် ခုံအမှတ်များကို လျှောက်လွှာတင်သွင်းခဲ့သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် သွားရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖြေဆိုခွင့်ကတ်များကို ဧပြီ ၃ ရက်နှင့် ၄ ရက်များတွင် အောက်ဖော်ပြပါစာစစ်ဌာနများ၌ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း)၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မူရင်း)များကို ပြသ၍ ရုံးချိန်အတွင်း သွားရောက် ထုတ်ယူရန်ဖြစ်ပါသည်-

(က) **မန္တလေးစာစစ်ဌာန(မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး) ကချင်၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း (မြောက်)၊**

(ခ) **နေပြည်တော်စာစစ်ဌာန (နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး) ကယား၊ မကွေး၊ ရှမ်း (တောင်/အရှေ့)၊ နေပြည်တော်၊**

(ဂ) **ရန်ကုန်စာစစ်ဌာန(ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး) ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ။**

၃။ အသေးစိတ်သိရှိလိုပါက **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၁၀)** ဖုန်း-၀၆၇-၄၁၂၄၁၅၊ ၀၆၇-၄၁၂၄၀၆၊ **မန္တလေးစာစစ်ဌာန** ဖုန်း-၀၂-၃၉၀၈၁၊ ၀၂-၃၆၉၁၆၊ နေပြည်တော်စာစစ်ဌာန ဖုန်း-၀၆၇-၅၅၀၂၁၅၊ ၀၆၇-၅၅၀၂၁၆၊ **ရန်ကုန်စာစစ်ဌာန** ဖုန်း-၀၁-၂၁၇၅၃၆၊ ၀၁-၂၂၁၀၃၀ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဖခင် အမည်မှန်

ပထဝီ(တတိယနှစ်) မှတ်ပုံတင်အမှတ် ၇/ဒဥန(နိုင်)၁၄၃၀၇၉ ဒပ-၁၄၁ မောင်အေးချမ်းအောင်၏ ဖခင်အမည်ရင်းမှာ ဦးအောင်မြင့်စိုး ဖြစ်ပါသည်။

ဦးသန်းနိုင်ဦး(ခ)ဘီယာဗိုက်(ခ)စောထွေး ၁၃/တကန(နိုင်)၁၉၀၀၇၆ နှင့်

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ စန္ဒာလမ်း၊ အိမ်အမှတ်-၄၂၉ နေ ဦးလေးရွှေ ၁၃/တကန(နိုင်)၀၇၉၉၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ ဦးကြီးခမ်းလှော်လမ်း၊ ဦးကြီးခမ်းရပ်ကွက်၊ အိမ်အမှတ် ၁၆၀ နေ ဦးသန်းနိုင်ဦး ၁၃/တကန(နိုင်)၁၉၀၀၇၆ ကိုင်ဆောင်သူသိစေရန်မှာ ဦးသန်းနိုင်ဦးမှာ ဦးလေးရွှေနှင့်ဒေါ်ခင်မာဆွေတို့မှ မွေးဖွားလာသောသားကြီးတစ်ဦးဖြစ်ပါသည်။ ဖခင်ဦးလေးရွှေမှ ယုံကြည်အားကိုး၍ လွှဲအပ်ခဲ့သည့် ကိစ္စရပ်များကို မိမိသဘောဖြင့် ပြုမူဆောင်ရွက်ခဲ့ပြီး ဖခင်အား ရန်သူသူစိမ်းသဖွယ် မချေမငံပြောဆိုဆက်ဆံခြင်း၊ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြုမူဆောင်ရွက်ခဲ့သဖြင့် ဦးသန်းနိုင်ဦးအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဦးလေးရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စဝ်ဥမ္မာကြည်
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၆၁/၉၉)
အမှတ် ၃၂၊ ကျောက်တလုံးလမ်း
သစ်တောရပ်ကွက်၊ တောင်ကြီးမြို့

လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ အခြေစိုက်အလုပ်ရုံ(ရန်ကုန်)ရှိ အောက်ဖော်ပြပါ ပစ္စည်းဟောင်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်-

(က) **ပစ္စည်းအမျိုးအမည်** - ယာဉ်/ယန္တရားစက်ပစ္စည်းအဟောင်းများနှင့် ဘက်ထရီအဟောင်းများ

(ခ) **လေလံတင်ရောင်းချမည့်နေ့ရက်** - ၁၂-၃-၂၀၁၄ ရက်၊ နံနက် ၉ နာရီ

နေရာ - အခြေစိုက်အလုပ်ရုံ(ရန်ကုန်)၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်မြို့နယ်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
အခြေစိုက်အလုပ်ရုံ(ရန်ကုန်)
ဖုန်း-၀၁-၅၂၂၂၈၉၊ ၀၁-၅၂၈၉၆၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ တိုက်အမှတ် ၄၃၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်ပေ(၁၅×၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလနေထိုင်သူ ဒေါ်နီလာသန်း MTNT-၀၀၄၄၆၅ ထံမှ (၂၃-၇-၂၀၁၃)ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ပြီး ယနေ့တိုင် နေထိုင်သူ ဦးဇော်ဝင်း ၁၂/ဗတထ(နိုင်)၀၀၇၆၁၂မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်သွန်းချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင် ရပ်ကွက်ရှိပရိယတ္တိဓမ္မဗိမာန်တော်ကြီး ဖွင့်ပွဲအလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက် (ဖေဖော်ဝါရီ ၁၆ ရက်) နံနက် ၈ နာရီက ပရိယတ္တိဓမ္မဗိမာန်တော်ကြီးရှေ့၌ကျင်းပသည်။

ရှေးဦးစွာ ပရိယတ္တိဓမ္မဗိမာန်တော်ကြီးကို နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဝဲပုံကျောင်းတိုက် ဦးစီးပဓာန ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယာဘိဝံသ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဒေါ်ကြည်ကြည်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝဲပုံကျောင်းတိုက် ဦးစီးပဓာနဆရာတော်ကြီး ဘဒ္ဒန္တဝိဇယာဘိဝံသက ပရိယတ္တိဓမ္မဗိမာန်တော်ကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်း ပေးကြသည်။

ယင်းနောက် မွန်ပြည်နယ် သံဃနာယကဥက္ကဋ္ဌ မော်လမြိုင်မြို့ အတုလ ရန်အောင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ(ဂန္ထဝါစကပဏ္ဍိတ)က ပရိယတ္တိဓမ္မဗိမာန်တော်ကြီး အောင်မြင်စွာဆောက်လုပ်လှူဒါန်းနိုင်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက် သြဝါဒကထာချီးမြှောက်ထားသည်။ မွန်ပြည်နယ် သာသနာ့ကျက်သရေဆောင် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသော ကုသိုလ်ရှင်များအား ဝဲပုံကျောင်းတိုက် ဦးစီးပဓာန ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယာဘိဝံသ၊ နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ကြသည်။ အခမ်းအနားအပြီးတွင် ကြွရောက်တော် မူလာကြကုန်သော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ယခုဖွင့်လှစ်သော ပရိယတ္တိဓမ္မ ဗိမာန်တော်ကြီးသည် အလျားပေ ၂၀၀၊ အနံပေ ၉၀၊ အမြင့် ၉၈ ပေရှိပြီး အာရ်စီလေးထပ်အဆောက်အအုံဖြစ်ကာ အလှူရှင်များက ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော် အကုန်အကျခံလှူဒါန်းခဲ့ကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်

သီပေါ ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာနသည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်(၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၇)အုပ်စုအတွင်း စီမံချက်ချဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း၊ ဒုတပ်ကြပ် စိုင်းဆိုင်ဝမ်းနှင့်တပ်ဖွဲ့ဝင်များသည် ဒေသခံအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စက်ရုံအလုပ်ရုံများတွင် မီးဘေးကြိုတင်ကာကွယ်ထားရှိမှုများ၊ စက်သုံးဆီအရောင်းဆိုင်များ၌ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အပြည့်အစုံထားရှိမှုအခြေအနေများ၊ စားသောက်ဆိုင်များ၊ မီးဖိုထားရှိအသုံးပြုမှု အနေအထားများကို ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေလှောင်ကန်များ၌ ရေဖြည့်တင်းခြင်း**(အပေါ်ပုံ)**၊ မီးငြိမ်းသတ်ရေးယာဉ်နှင့်စက်ကိရိယာများ အစဉ်ကြွခိုင်နေစေရေးအတွက် အသင့်ပြင်ဆင်ထားရှိခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ စည်းကမ်းများကို သတိပေးနှိုးဆော်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

စိုင်း(သီပေါ)

ဟိုပန်၌ ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ရန် မြေနေရာရွေးချယ်သတ်မှတ်

ခေတ်မီဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်လျက်ရှိသည့် သတင်းအချက်အလက်ပေးပို့ခြင်း၊ အသိပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်းအပြင် ထင်သာမြင်သာသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ တင်ပြရာတွင် ပြည်သူတစ်ရပ်လုံးအချိန်နှင့်တစ်ပြေးညီ သိရှိရန် လိုအပ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာနသည် နယ်စပ်ဒေသရှိ ကျေးလက်နေပြည်သူများထံ ရုပ်မြင်သံကြား ထုတ်လွှင့်မှု လွှမ်းခြုံနိုင်ရန် ရည်ရွယ်၍ ထပ်ဆင့်လွှင့်စက်ရုံများတိုးချဲ့တည်ဆောက်လျက်ရှိရာ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ ပြည်သူများ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ဟိုပန်မြို့ ပန်ကောက်ကျေးရွာရှိ ကျေးရွာပိုင်မြေဧရိယာ ၀ ဒသမ ၂၁ ဧကကျယ်ဝန်းသော ကုန်းပေါ်တွင် ထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်သွားမည်ဖြစ်သည်။

စက်ရုံတည်ဆောက်မည့် မြေနေရာအား ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်၊ နတလ ဦးစီးမှူး ဦးနေလင်းထွန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးကျော်စိုးသိန်း၊ မြို့နယ်အင်ဂျင်နီယာမှူး ဦးဝင်းလှိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ထွန်းတို့အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက ဟိုပန်မြို့ ပန်ကောက်ကျေးရွာတွင် မြေနေရာရွေးချယ်ပေးခဲ့ပြီး ဇေယျာဖြိုးကုမ္ပဏီက စက်ရုံတည်ဆောက်မှုလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူများဘဝ တိုးတက်စေမည့် ကျေးလက်စာကြည့်တိုက်များ

မကွေး ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိရာမှ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားရရှိစေရန်နှင့်စာဖတ်ခြင်းအလေ့အထကောင်းများရရှိစေရန်ရည်ရွယ်၍ ကျေးရွာစာကြည့်တိုက်များကို ဖွင့်လှစ်ထူထောင်ပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ထူထောင်ရာတွင် ယခင်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအဖြစ် ကျေးရွာများတွင် ဒေသထွက် သစ်၊ ဝါး၊ သက်ငယ်၊ ဓနိများဖြင့်သာ ဆောက်လုပ်ထူထောင်ဖွင့်လှစ်ခဲ့ရသဖြင့် အချိန်ကြာလာသည်နှင့်အမျှ ပျက်စီးယိုယွင်းပျောက်ကွယ်သွားခဲ့ရသည်။

၂၀၁၃ ခုနှစ်တွင် မြေပြင်ရှိ ခိုင်မာသည့်စာကြည့်တိုက်များအဖြစ် ပြန်လည်စိစစ်ရွေးချယ်ရာ မကွေးတိုင်းဒေသကြီးအတွင်း ယခင်က စာကြည့်တိုက် ၄၇၅၂ တိုက်မှ ၆၇၂ တိုက်သာ စံငါးရပ်ညီခိုင်မာသည့် စာကြည့်တိုက်များအဖြစ် ကျန်ရှိနေခဲ့သည်။ အဆိုပါ ကျန်ရှိစာကြည့်တိုက်များမှ နိုင်ငံတော်က ရေရှည်တည်တံ့ခိုင်မြဲစေရန်ရည်ရွယ်၍ ကျေးရွာစာကြည့်တိုက်တစ်တိုက်လျှင် မတည်ငွေကျပ် ၁၀ သိန်းကျော်ထောက်ပံ့၍ ပြည်သူနှင့်အလှူရှင်များလှူဒါန်းငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း စာကြည့်တိုက် ၁၀၁ တိုက်ဆောက်လုပ်နိုင်ခဲ့သည်။ နိုင်ငံတော်မှစာကြည့်တိုက်၁၀၁တိုက်အတွက် မတည်ငွေကျပ်၁၀၁သိန်းနှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၁၄၂၆၈၉၂၆၅ ဖြင့် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းများနှင့် ရေရှည်ခိုင်မာစွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်အလိုက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှလည်း ကျေးရွာစာကြည့်တိုက်များ ခိုင်မာစွာရပ်တည်ဖွင့်လှစ်ထားနိုင်ရန် ထောက်ပံ့ငွေကျပ်သိန်း ၆၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် စာကြည့်တိုက် ၁၀တိုက်ထပ်မံဆောက်လုပ်နိုင်ခဲ့သည်။

အချို့ကျေးရွာများတွင် တစ်ဦးတည်းအလှူရှင်ပေါ်ပေါက်၍ စာကြည့်တိုက်များထူထောင်ဖွင့်လှစ်ပေးခြင်း၊ စုပေါင်းအလှူရှင်များဖြင့် စာကြည့်တိုက်များ ဆောက်လုပ်ပေးခြင်းများလည်းရှိသည်။

စာကြည့်တိုက်များတည်ဆောက်ပြီးသည်နှင့် ပရိဘောဂနှင့်စာအုပ်စာစောင်အလှူရှင်များကလာရောက်လှူဒါန်းပေးခြင်းအပြင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှလည်း စာအုပ်စာစောင်များအခမဲ့ ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။

စာကြည့်တိုက် ဖွင့်ပွဲများတွင် ကျေးလက်နေပြည်သူများ၏ ဝမ်းသာပီတိစကားသံများဖြင့် ပြည့်လျှံနေလျက်ရှိရာ ထိုအထဲမှ ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာမှ အသက် ၇၅ နှစ်အရွယ်ရှိ အဘိုးတစ်ဦးက “အရင်ကတော့ စာကြည့်တိုက်ဖွင့်ခဲ့ပါတယ် ကြာတော့လည်း ပျက်စီးပြီး စာအုပ်တွေလည်းပျောက်ကုန်ခဲ့တယ်။ အခုဆောက်တဲ့စာကြည့်တိုက်က ကွန်ကရစ်တစ်ထပ်တိုက်ဆိုတော့ သားစဉ်မြေးဆက် တည်တံ့မှာသေချာတယ်”ဟုရင်တွင်းပီတိစကားသံလည်းကြားသိခဲ့ရသည်။ ယခုအခါ စာကြည့်တိုက်များ ခိုင်မာစွာထူထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် အသိပညာဗဟုတများစွာဖွံ့ဖြိုးတိုးတက်ရရှိလာမည်ဖြစ်ပေသည်။ **သူရထွန်း(မကွေး)**

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလိုစက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များ ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၆) အထည်စက်ရုံခွဲ(မုံရွာ)ရှိ အသုံးမလိုပိုလျှံ စက်နှင့်စက်အရန်ပစ္စည်း(အဟောင်း) (၁၃)မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

စဉ်	စက်အမျိုးအမည်	အရေအတွက်
	Weaving Machineries	
(က)	Tsuda Koma K-Type Looms	20 Lot
(ခ)	Tsuda Koma L-Type Looms	10 Lot
(ဂ)	Hokuriku Looms	3 Lot
(ဃ)	Picanol Looms	11 Lot
(င)	Pirn Winder	3 Lot
(စ)	Horizontal Pirn Winder	2 Lot
	စီမံကိန်းလက်ကျန်လျှပ်စစ်ပစ္စည်းများ	
(ဆ)	RCC Post (8m)	4 Nos
(ဇ)	Cable 1C × 95	330 meter
(ဈ)	Cable 3C × 150 + 2 × 70	14 meter
(ည)	Cable 1C × 50	30 meter
(ဋ)	Cable 3C × 185 + 2 × 95	30 meter
(ဌ)	Cable 3C × 150 + 1 × 70	92 meter
(ဍ)	Cable 4C × 185	70 meter

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** -၂၈-၂-၂၀၁၄ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
(၁) ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ် (၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(၂) နေပြည်တော် - ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** -၁၉-၃-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** -စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်- ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆၊ ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁

တစ်ချက်တည်းကျင်းဝင်

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးအောင်သူရိန်သည် ကစားဖော်များဖြစ်ကြသော ဦးဇေယျာအောင်၊ ဦးကိုကိုလင်းမောင်၊ ဦးစန်းသော်တို့နှင့်အတူ ၁၂-၂-၂၀၁၄ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Srixon(3) ဘောလုံးကို XXIO Iron(7) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၅၄ ကိုက်ရှိ ကျင်းအမှတ်(၅)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

မသက်ဆိုင်တော့ပါ

ကျွန်တော်၏ဇနီး မခိုင်ဆုမွန် (ဘ) ဦးလှအုန်း ၁၂/ဥကမ(နိုင်)၂၀၃၁၀၉သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို ပြုလုပ်သွားပါ၍ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝ လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

အောင်ဘိုဘိုသော် ၇/ဇကန(နိုင်)၀၄၇၃၉၇

လုပ်ငန်းအခြေခံစံနှုန်းများ စာအုပ်ဖြန့်ချိရန်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် လုပ်ငန်းအခြေခံစံနှုန်းများကို လုပ်ငန်းခုနစ်မျိုးခွဲ၍ FPS ယူနစ်ဖြင့် လည်းကောင်း၊ S ယူနစ်ဖြင့်လည်းကောင်း အင်္ဂလိပ်စာတစ်ဖက်၊ မြန်မာစာတစ်ဖက်ပြုစုထားပြီးဖြစ်၍ ၂၀၁၄/၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်အသုံးပြုနိုင်ရန် ပုံနှိပ်ပြီး ထုတ်ဝေမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ လုပ်ငန်းအခြေခံစံနှုန်းများအလိုက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်တွင် ၃-၃-၂၀၁၄ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါ၍ လာရောက်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

		ဈေးနှုန်း(ကျပ်)
၁။	အဆောက်အအုံလုပ်ငန်းအခြေခံစံနှုန်းများ	၆၀၀၀/
၂။	လေယာဉ်ကွင်းလုပ်ငန်းအခြေခံစံနှုန်းများ	၁၂၀၀/
၃။	လမ်းလုပ်ငန်းအခြေခံစံနှုန်းများ	၄၀၀၀/
၄။	တံတားလုပ်ငန်းအခြေခံစံနှုန်းများ	၃၀၀၀/
၅။	ရေပေးရေးနှင့် သန့်ရှင်းမှုဆိုင်ရာလုပ်ငန်းအခြေခံစံနှုန်းများ	၈၀၀၀/
၆။	လျှပ်စစ်လုပ်ငန်းအခြေခံစံနှုန်းများ	၉၀၀၀/
၇။	သုတေသနနှင့် ဓာတ်ခွဲခန်းဆိုင်ရာအခြေခံစံနှုန်းများ	၃၀၀၀/

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊မြေကွက်အမှတ်၂၄၇/က၊ မြေကွက်တည်နေရာအမှတ်(၂၄၇/က)၊ အနော်မာအရှေ့၆လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သန်းကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းကြည်(မိခင်) နှင့် ဦးမောင်လှ(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်သန်းမြင့် ၁၂/သကတ(နိုင်)၁၁၇၅၆၃၊ (၂)ဦးလှဝင်း ၁၂/သကတ(နိုင်)၁၁၆၉၁၉၊ (၃)ဒေါ်သန်းအေး ၁၂/သကတ(နိုင်)၁၁၆၈၀၁၊ (၄)ဒေါ်စန်းစန်းမြင့် TKA-၀၇၅၁၀၀တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်တွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လူမှုဖူလုံရေး ဥပဒေသစ်အရ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များကို တိုးမြှင့်ခံစားခွင့်ပြုတော့မည်

ခင်မောင်ထွေး

မြန်မာနိုင်ငံတွင် လူမှုဖူလုံရေး စီမံကိန်းကို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေး အက်ဥပဒေအရ၁၉၅၆ခုနှစ်က စတင် အကောင်အထည်ဖော် ခဲ့သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလစာရင်းများ အရ အဆိုပါစီမံကိန်းအောက်တွင် အကျုံးဝင်သည့် အလုပ်ဌာနပေါင်း ၃၃၄၂၃ ဌာနနှင့် အာမခံအလုပ် သမားပေါင်း ၆၈၅၂၈၉ ဦးရှိနေပြီ ဖြစ်သည်။ အဆိုပါ အလုပ်သမား များကို လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ် သမားဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှု ဖူလုံရေး ဆေးခန်းပေါင်း ၉၃ ခန်းနှင့် စက်ရုံကြီးများ၌ ဌာနကြီးဆေးခန်း ၄၂ ခန်းထားရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေး လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးစီမံ ကိန်းကို မျက်မှောက်ခေတ် အခြေ အနေများ၊ ILO ကွန်ဗင်းရှင်းများနှင့် ဘက်စုံလေ့လာသုံးသပ်ပြီး နိုင်ငံ တကာကျင့်သုံးမှုများနှင့်အညီ ဆောင် ရွက်နိုင်ရန် လူမှုဖူလုံရေးဥပဒေသစ် ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ပြဋ္ဌာန်းပေးခဲ့ရာ ဥပဒေအသစ်အရ အာမခံထည့်ဝင်ကြေးနှုန်းထားများကို တိုးမြှင့်သတ်မှတ်ခြင်းနှင့်အတူ ကျန်း မာရေးပြုစုစောင့်ရှောက်မှုနှင့်ငွေကြေး အကျိုးခံစားခွင့်များကိုလည်း တိုးမြှင့် ခံစားခွင့်ပြုတော့မည်ဖြစ်၍ လူမှုဖူလုံ ရေးဆေးကုသဝန် ဆောင်မှုများကို ခေတ်နှင့်အညီ တိုးမြှင့်ဆောင်ရွက် ပေးရန် လိုအပ်လာသည်။

“လက်ရှိ အလုပ်သမားဆေးရုံ ကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများကို အဆင့်မြှင့်တင်ရန် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ် ဆောင်ရွက်နေသကဲ့သို့ လုပ်သား အင်အားများပြားသည့် လှိုင်သာယာ နှင့်ရွှေပြည်သာစက်မှုဇုန်များ၊ အဆိုပါ မြို့နယ်များအတွင်း နေထိုင်ကြသည့် အလုပ်သမားများ အရေးပေါ် ကျန်းမာ ရေးအခက်အခဲများ ကြုံတွေ့ခဲ့ပါက အချိန်မီ ကုသနိုင်ရေးကို ရည်ရွယ်၍ ရွှေပြည်သာမြို့နယ်အတွင်း၌ အလုပ် သမားဆေးရုံတစ်ရုံ ဆောက်လုပ် နိုင်ရေးအတွက် မြေနေရာရရှိရန် စက်မှုဇုန်တာဝန်ခံများနှင့်တိုင်ပင်ပြီး ဒေသအာဏာပိုင် ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့ထံ ဆက်သွယ်ညှိနှိုင်း

နိုင်ငံတကာ ကျင့်သုံးမှုများနှင့်အညီ လူမှုဖူလုံရေး ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ . . .

လျက်ရှိကြောင်း၊ အလုပ်သမားများ အား လုပ်ငန်းခွင်အရောက် ကွင်း ဆင်းကုသပေးနိုင်ရန် ကိုရီးယား သမ္မတ နိုင်ငံမှ နယ်လှည့် ဆေးကုသ ယာဉ်တစ်စီး မှာယူတင်သွင်းပြီး လုပ် ငန်းများကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ အလုပ်သမားဆေးရုံကြီး များနှင့်အလှမ်းကွာဝေးသည့် နေရာ များမှ အာမခံအလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှုကို အလွယ် တကူခံစားနိုင်ရန် စာချုပ်ဆေးရုံ၊ ဆေးခန်းစနစ်ကိုလည်း စတင်စမ်းသပ် အကောင်အထည်ဖော်နိုင်ရန် စီစဉ် လျက်ရှိကြောင်း၊ လူမှုဖူလုံရေးဥပဒေ အသစ်အရ အကျုံးဝင်အာမခံအလုပ် ဌာနများတိုးချဲ့သတ်မှတ်ခြင်း၊ အကျိုး ခံစားခွင့်များတိုးမြှင့်ဆောင်ရွက်ပေး ခြင်းတို့အပြင် မိမိဆန္ဒအလျောက် လူမှုဖူလုံရေးတွင် အာမခံထားရှိနိုင် ခြင်း စသည်တို့ကြောင့် လက်ရှိအာမခံ အလုပ်သမား အရေအတွက် ၆၈၀၀၀၀ ကျော်မှ မကြာမီအချိန် အတွင်း ၁၀ သိန်းကျော်သွားမည် ဖြစ်ကြောင်း” ဖေဖော်ဝါရီ ၂၂ ရက် နံနက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ၌ကျင်းပသည့် မြန်မာ-ဂျပန် သံတမန် ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်း အမှတ်အဖြစ် မြန်မာ့ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုအသင်း၊ မြန်မာ- ဂျပန် ချစ်ကြည်ရေးအသင်း၊ SHIN YE HTUT GROUP, MORI GROUP တို့၏ စီစဉ်မှုဖြင့် အလုပ် သမား၊ အလုပ်ကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးအတွက် လူမှု ဖူလုံရေးအဖွဲ့နှင့် Social Security Board Head Office (SSB) နှင့် Japan International Medical Technology Foundation (JIM-TEF)၊ (FIDR)တို့ ပူးပေါင်းကျင်းပ သည့် Japanese Medical Service For Contributing towards the Advancement of Medical Care ဆေးဘက်ဆိုင်ရာ နည်းပညာဆွေးနွေး ပွဲမှ သိရှိရသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ JIMTEF ၏ ကိုယ်စားပြုဒါရိုက်တာ (FIDR) ၏ ဒါရိုက်တာ မစ္စတာခဲအိချိရောကိုနို ရှိနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီး မစ္စတာမီကိအိုနူမတ တို့က အမှာစကားများပြောကြားကြပြီး JIMTEF အဖွဲ့ကလူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ၌ အသုံးပြုရန် လူနာတင်ယာဉ် နှစ်စီးနှင့် ဆေးရုံသုံးပစ္စည်း ၁၄ မျိုး တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီး ဌာန ကျန်းမာရေးမူဝါဒ၏ လက်ရှိ အခြေအနေနှင့် အခက်အခဲများ၊ ကမ္ဘာ့ ပျမ်းမျှလူ့သက်တမ်းအရှည် ဆုံးဂျပန်နိုင်ငံ၏ ကျန်းမာရေး ဝန်ဆောင်မှု၊ မြန်မာ့အလုပ်သမား ကျန်းမာရေးကဏ္ဍကို ခေတ်မီအဆင့် မြင့်အောင် ပံ့ပိုးခြင်း၊ မြန်မာ့အလုပ် သမားဆေးရုံများ၏ လက်ရှိအခြေ အနေများ၊ ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာများ၏ဆေးရုံ၊ဆေးခန်း သုံး စက်ကိရိယာများစနစ်နှင့် ကမ္ဘာ လုံးဆိုင်ရာ ကျန်းမာရေးလွှမ်းခြုံမှု ပမာဏ (UHC)၏အောင်မြင်မှုနှင့် အလုပ်လုပ်နေသူများအတွက် ဆေး ကုသမှုဆိုင်ရာ မြှင့်တင်ခြင်း ခေါင်းစဉ် ဖြင့် အပြန်အလှန်ဆွေးနွေးကြပြီး လူမှုဖူလုံရေးအဖွဲ့ လက်အောက်ရှိ ဆေးရုံကြီးများနှင့် ဆေးခန်းများရှိ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေး ဘက်ဆိုင်ရာ ကျွမ်းကျင် ဝန်ထမ်းများ ၏ကျန်းမာရေးစောင့်ရှောက်မှု အရည် အသွေးများ ပိုမိုတိုးတက်လာစေ ရေးနှင့် စွမ်းရည်မြှင့်တင်ပေးမည့် အနေဖြင့် ဂျပန်ပညာရှင်များက ဆေးဘက်ဆိုင်ရာ နည်းပညာများ ပို့ချခြင်း၊ ဆေးပစ္စည်းကိရိယာများ အသုံးပြုပုံနည်းစနစ်များသင်ကြားပြ သခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြ သည်။ မြန်မာ-ဂျပန် ချစ်ကြည်ရေး အသင်း အထွေထွေအတွင်းရေးမှူး ရှင်ရဲထွဋ်ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲထွဋ်က “ဒီဆွေးနွေးပွဲကတစ်ဆင့် ဂျပန်နိုင်ငံရဲ့ ဆေးဘက်ဆိုင်ရာ နည်းပညာတွေကို မြန်မာ အလုပ်သမားဆေးရုံကြီး တွေက ရရှိနိုင်မှာ ဖြစ်ပါတယ်။ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း အထွေထွေ အတွင်းရေးမှူးအနေနဲ့ ရော ရှင်ရဲထွဋ်ကုမ္ပဏီဥက္ကဋ္ဌ အနေနဲ့ ပါ ဂျပန်-မြန်မာ ဆွေးနွေးပွဲတွေကို ကဏ္ဍအလိုက်ကျင်းပနိုင်ဖို့ တာဝန် ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်ကမြန်မာ-ဂျပန် စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲ ကိုကျင်းပခဲ့ပြီး အခုဆေးဘက်ဆိုင်ရာ ဆွေးနွေးပွဲကိုတော့ မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေးနှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ပူးပေါင်းစီစဉ်ပြီး အောင်မြင်အောင် ကျင်းပနိုင်ခဲ့ပါ တယ်။ ဆက်လက်ပြီး မြန်မာ-ဂျပန် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ဂျပန် မှာရော မြန်မာနိုင်ငံမှာပါ ဆောင် ရွက်နိုင်ဖို့ စီစဉ်နေပါတယ်။ ချစ်ကြည်ရေး၊ ယဉ်ကျေးမှု၊ စီးပွား ရေးကဏ္ဍသာမကဘဲ ဂျပန်-မြန်မာ ဆောက်လုပ်ရေးနည်းပညာ ဆွေးနွေး ပွဲတွေ ဆက်လက်ကျင်းပနိုင်ဖို့ ဂျပန် နိုင်ငံက ထိပ်သီး ဆောက်လုပ်ရေး လုပ်ငန်းရှင်များနဲ့ ဆွေးနွေးနေပါ တယ်။ ဒီဆွေးနွေးပွဲတွေကို တိုင်း ပြည် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ် ပြီးကျင်းပနိုင်အောင် ပူးပေါင်းစီစဉ် ဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။ နောက်ပြီးနည်းပညာတွေ ပိုမိုဖွံ့ဖြိုး တိုးတက်လာအောင်၊ လူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမို ပွင့်လင်းလာအောင်လည်း ရည်ရွယ်ပါ တယ်ဟု ဖြေကြားသည်။

ဂျပန်-မြန်မာယဉ်ကျေးမှု လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒါရိုက်တာအဖွဲ့ဝင် မစ္စတာမိုရိက “ဒီဆွေးနွေးပွဲပြီးသွားရင် ဂျပန်နိုင်ငံရဲ့ နောက်ဆုံးပေါ် အဆင့်မြင့်စက် ကိရိယာပစ္စည်းတွေကို မြန်မာလူမျိုး တွေ ကိုင်တွယ်သွားနိုင်အောင် လေ့ကျင့်မှုတွေစီစဉ်ပေးသွားမှာ ဖြစ် ပါတယ်။ ဒီရလဒ်က အောင်မြင်မှု ရလဒ်လို့ ပြောလို့ရမှာဖြစ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်သွားမယ် ဆိုရင် မြန်မာအလုပ်သမားတွေ အတွက် ကောင်းသောရလဒ်ဖြစ် လာမယ်လို့ မျှော်လင့်ပါတယ်”ဟု ရှင်းပြသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၁)
(၃၈)နှစ်မြောက် အထိမ်းအမှတ်တွေ့ဆုံပွဲ
ဖိတ်ကြားလွှာ

၁။ ၂-၃-၂၀၁၄ရက် (တောင်သူလယ်သမားနေ့) ၀၉း၀၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရေကြည်တော်ဝတ်အသင်းတန်ဆောင်းတွင် ကျဆုံးကွယ်လွန်သူငယ်ချင်းများအတွက် တရားနာ ဆွမ်းကပ်အမျှပေးဝေမယ်။

၂။ ၆-၃-၂၀၁၄ ရက် ၁၈း၀၀နာရီတွင် ပန်ဒါစားသောက်ဆိုင်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်တွင် မိတ်ဆုံစားပွဲပြုလုပ်မယ်။

မိသားစုနှင့်အတူ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၁၇၆၊ မြေကွက်တည်နေရာအမှတ် ၁၇၆၊ သဇင်လမ်းသွယ် ၃ လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာ ဦးကျော်ညွန့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ညွန့်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်ကြည်(ခ)ဒေါ်ကြည်ကြည်မြင့် ၁၃/နမတ(နိုင်)၀၀၆၁၄၄ က သေစာရင်း၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၄၉၁/၁၀-၅-၁၃ဖြင့် လွှဲအပ်ခြင်းခံရသူ အထွေထွေကိုယ်စားလှယ် ဦးတင်မောင်ဆွေ ၁၀/ခဆန(နိုင်)၀၂၈၂၈၁က မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ် ၆၄၊ မြေကွက်တည်နေရာအမှတ် ၆၄၊ ပုသိမ်မြေ၂လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံ ဦးကျော်မြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်(ဖခင်)နှင့် ဒေါ်တင်ညွန့်(မိခင်) တို့ကွယ်လွန်သဖြင့် သားသမီးအရင်းများဖြစ်ကြသော ဦးမြင့်လွင် ၁၂/ဒပန(နိုင်)၀၁၀၁၄၆၊ ဒေါ်ခင်ဌေးကြည် ၁၂/ဒပန(နိုင်)၀၃၇၉၄၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးအကြောင်းကြားခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၇၁၀-ခ၊ မြေကွက်တည်နေရာအမှတ် ၇၁၀-ခ၊ စစ်ကိုင်း ၂၅ လမ်း၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှရှင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အဆောက်အအုံဆောက်လုပ်ရန်အတွက် ဒေါ်လှရှင်၏သမီးဖြစ်သူ ဒေါ်လှမြင့် S/OKA-၀၅၅၃၆၂နှင့် ဆွေးနွေးလိုပါသဖြင့် ခုနစ်ရက်အတွင်း လာရောက်တွေ့ဆုံပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်
ဦးကျော်စိုး-ဒေါ်တင်တင်ညို၊ ဒေါ်ကျင်မြိုင်
ဖုန်း-၀၉-၅၄၁၃၆၂၂

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၂၀၉၊ မြေကွက်တည်နေရာအမှတ် ၂၀၉၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးညွန့်နိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဦးကျော်နိုင်မှ ဒေါပုံမြို့နယ်တရားရုံး ၂၀၁၃ ခုနှစ် တရားမကြီးမှု (၉/၂၀၁၃)ဖြင့် ဦးညွန့်နိုင်နှင့် ဒေါ်နီနီမာတို့အား မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုခဲ့ပြီး ၂-၈-၂၀၁၃ရက်စွဲပါ စီရင်ချက်အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ဇာရီမှုအမှတ် ၁၃/၂၀၁၃ အမိန့်နှင့်ဂရန်မူရင်းတင်ပြပြီး တရားရုံးကိုယ်စား ဘိလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ်၁၀၉၊မြေကွက်တည်နေရာအမှတ် ၁၀၉၊ မင်္ဂလာသိဒ္ဓိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးလှမောင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ရီ ၁၂/ဒပန(နိုင်)၀၁၂၇၉၃ထံမှ GP ၂၅၅၇၅/(၁၂-၁၂-၁၃)ဖြင့် ရရှိသူ ဦးမောင်မင်း ၁၂/ဒဂန(နိုင်)၀၂၁၇၅၉ မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊မင်းရတနာအိမ်ရာရှိ တိုက်အမှတ်(စီ)၊ အခန်းအမှတ် ၀၀၂ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းဝင့်ခိုင်စိုးထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးမောင်မောင်မြင့် ၁၂/ကတတ(ဧည့်)၀၀၀၅၉၉ က ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၁၊ မြေကွက်အမှတ် ၃၂၃၊ မြေကွက်တည်နေရာ အမှတ် ၃၂၃၊ (၉၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးမျိုးကြိုင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမျိုးကြိုင် ၁၂/အစန(နိုင်)၀၂၄၁၈၈ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ် ၂၈၅ အမည်ပေါက် ဦးစိုးဝင်း၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးဝင်းကိုကို ၁၂/တမန(နိုင်)၀၃၂၆၇၇မှ မြေကွက်စလစ်မူရင်း၊ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၉၁၃ အမည်ပေါက် ဦးစိန်ဝင်းလေး၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အေးအေးမာ ၁၂/သလန(နိုင်)၀၇၅၀၉၅မှ မြေကွက်စလစ်မူရင်းနှင့်အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

တရုတ်ကြက်ခြေနီအသင်းမှ Family Kits ၅၀၀၀ ကချင်သို့ လှူဒါန်း

ဝိုင်းမော် ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ်၌ အိုးအိမ်စွန့်ခွာနေကြရသည့် တိမ်းရှောင်အိမ်ထောင်စုဝင်မိသားစုများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက ငွေကျပ်သန်းပေါင်း ၃၆၀ တန်ဖိုးရှိ Family Kits ၅၀၀၀ ကို ဖေဖော်ဝါရီ ၂၂ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ်လူမှုရေး ဝန်ကြီး ဒေါ်ဘောက်ဂျာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ၏ဇနီး ဟော်လင်းတို့ တက်ရောက်ပြီး ကချင်ပြည်နယ်တွင် အိုးအိမ်စွန့်ခွာတိမ်းရှောင်နေကြသော အိမ်ထောင်စု ၅၀၀၀ အတွက် Family Kits ၅၀၀၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အတွင်းရေးမှူးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြား၍ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ၏ဇနီးတို့က လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အဖွဲ့သည် Family Kits ၅၀၀၀ ကို ကန်ပိုက်တည်မြို့နယ်ခွဲ စင်ကြိုင်စစ်ဘေးတိမ်းရှောင်စခန်းသို့ သွားရောက်ပြီး တိမ်းရှောင်မိသားစု ၁၈၈ စုအတွက် Family Kits ၁၈၈ လုံးကို ပေးအပ်ကြရာ တိမ်းရှောင်အိမ်ထောင်စုဝင်မိသားစုများက အသီးသီးလက်ခံယူကြသည်။

Family Kits တစ်လုံးတွင် ဆန်၊ ဆီ၊ ဆား၊ သကြား၊ စောင်၊ ဖိနပ်၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုးပါဝင်၍ မြန်မာငွေကျပ် ၇၂၀၀၀ တန်ဖိုးရှိကြောင်း သိရသည်။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ၏ဇနီးနှင့် အဖွဲ့ဝင်များ ကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေ၊ ပြည်နယ်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **ဆီမီးခုံ-နန်းရီ**

ဝန်ဆောင်မှုအသစ်ပေးမည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်

အန္တရာယ်မပေးသည့် တိရစ္ဆာန်များနှင့် ကလေးငယ်များ တိုက်ရိုက်ထိတွေ့ခွင့်ရမည်

တိရစ္ဆာန်ရုံအတွင်းတွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၃၃ မျိုးနှင့် ငှက်မျိုးစိတ်များ တွားသွားသတ္တဝါများ ထားရှိသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် လာရောက်အပန်းဖြေလေ့လာသူများ၊ ကလေးသူငယ်များအတွက် ဘေးအန္တရာယ်မဖြစ်စေမည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့ လေ့လာခွင့်ပြုရန် စီစဉ်နေပြီဖြစ်ရာ စိတ်လှုပ်ရှားဖွယ်ရာနှင့် ထူးခြားသော ခံစားမှုများ ပေးစွမ်းနိုင်တော့မည်ဖြစ်သည်။

ပြည်သူဗဟိုပြု ဝန်ဆောင်မှုလုပ်ငန်းများကို ကဏ္ဍအသီးသီးတွင် လက်တွေ့ အကောင်ထည်ဖော်လျက်ရှိရာ သက်တမ်း ၁၀၈ နှစ်ရှိပြီဖြစ်သော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ပြောင်းလဲမှုတစ်ရပ်အဖြစ် တိရစ္ဆာန်များနှင့် ကလေးများကို တိုက်ရိုက်ထိတွေ့လေ့လာခွင့်ရရှိရန် စီစဉ်ခြင်းဖြစ်သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးထားရှိရာ လက်ရှိအချိန်တွင် တစ်နေ့လျှင် လူဦးရေ ၁၅၀၀ ခန့်အထိ လာရောက်လေ့လာလျက်ရှိပြီး ရုံးပိတ်ရက်များတွင် ၅၀၀၀ ခန့်အထိ လာရောက်လေ့လာလျက်သည်။ နေ့စဉ် လာရောက်လေ့လာသူများတွင် ကလေးများ အများဆုံးပါဝင်လျက်ရှိရာ ကလေးငယ်များအတွက် အထူးဝန်ဆောင်မှုပေးခြင်းဖြစ်သည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သည် ရန်ကုန်မြို့လယ်တွင်တည်ရှိပြီး ရွှေတိဂုံစေတီ၊ ကန်တော်ကြီး ကရဝိက်တို့နှင့်လည်း နီးကပ်လျက်ရှိသည့်အပြင် သွားလာရေးအဆင်ပြေသဖြင့် နေ့စဉ်လာရောက်လေ့လာမှု များလျက်ရှိသည်။ လာရောက်လေ့လာသူများအနက် ကျောင်းသား ကျောင်းသူများအား ၂၀ ရာခိုင်နှုန်းလျှော့ပြီး ဝင်ကြေး ကောက်ခံနေသော်လည်း ရဟန်းသာမဏေများ၊ သီလရှင်များနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား အခမဲ့ခွင့်ပြုပေးထားကြောင်း သိရသည်။

ယခုလတ်တလောတွင် ရုံးပိတ်ရက်များ၌ ဆင်အက၊ မျောက်အကနှင့် မြွေအကများဖြင့် ဖျော်ဖြေတင်ဆက်နေသော်လည်း နောက်ပိုင်းတွင် ကျေးငှက်များနှင့် အခြားတိရစ္ဆာန်များ၏ ဖျော်ဖြေရေးပြကွက်များဖြင့် ကပြတင်ဆက်သွားရန် အစီစဉ်ရှိကြောင်း သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၀၆ ခုနှစ် ဇန်နဝါရီလက စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၀၆ ခုနှစ်က နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ အဆိုပါ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို တစ်လကြာမျှ ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလက ၁၀၈ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၃၃ မျိုးခန့်ရှိသည့်အပြင် ရှားပါးအပင်မျိုးစိတ်ပေါင်း ၂၀၀ ခန့်လည်းရှိသည်။ ထို့အပြင် ငှက်မျိုးစိတ် ၇၀ ခန့်နှင့် တွားသွားသတ္တဝါ ၂၀ ခန့်လည်း ပါဝင်နေရာ ထူးခြားသော မြင်ကွင်းများကြောင့် ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်နိုင်သည့် နေရာတစ်ခုအဖြစ် ရောက်ရှိလာနိုင်မည်ဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း အရှိန်အဟုန်မြင့် တိုးတက်လာတော့မည့် အခြေအနေတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အား ခရီးစဉ်နေရာတစ်ခုအဖြစ် ပေါ်ထွက်လာစေရန် ထူးခြားသော၊ ဆန်းသစ်သော ၊ စိတ်ဝင်စားဖွယ်ကောင်းသော ဝန်ဆောင်မှုများဖြင့် ဆွဲဆောင်နိုင်သည့်နေရာအဖြစ် ကြိုးစားဆောင်ရွက်သွားပါက ခရီးသွားဧည့်သည်များ ယခုထက်ပိုမိုရောက်ရှိလာမည်ဖြစ်သည်။

မောင်မောင်မြင့်ဆွေ

ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ချထား

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုပြုလိုသည့် အာရှနိုင်ငံအချို့မှ ကုမ္ပဏီများကို ဖေဖော်ဝါရီလအတွင်း ထပ်မံခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များတွင် အလူမီနီယမ်ဖျော်ရည်ဘူးခွံ ထုတ်လုပ်ခြင်းအတွက် Rexam Ashmor Beverage Can Myanmar ကုမ္ပဏီ(စင်ကာပူ)ကလည်းကောင်း၊ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ကိုင်ခြင်းကို Fullway Myanmar Clothing ကုမ္ပဏီကလည်းကောင်း၊ အီလက်ထရွန်နစ် အထောက်အကူပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများကို IIDA electronic ကုမ္ပဏီ (ဂျပန်)ကလည်းကောင်း၊ CMP စနစ်ဖြင့် ဆွယ်တာအမျိုးမျိုးထုတ်လုပ်ခြင်းကို Zuyuan Edenweis Sarwa industry (ဟောင်ကောင်) ကလည်းကောင်း၊ တိရစ္ဆာန်အစားအစာထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း (စက်ရုံအမှတ်-၂)ကို Myanmar CP live stock ကုမ္ပဏီ(ထိုင်း) ကလည်းကောင်း၊ CMP စနစ်ဖြင့် အဝတ်အထည်များ၊ ထိုင်ခုံအစွပ်၊ ကလေး အသုံးဆောင်ထည့်အိတ်များ ချုပ်လုပ်ခြင်းကို Oil-Tex Myanmar ကုမ္ပဏီ (ဟောင်ကောင်) ကလည်းကောင်း မြန်မာနိုင်ငံတွင် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာသဖြင့် နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိမှု မြင့်တက်လာမည့်အပြင် နိုင်ငံသားတစ်ဦးချင်းစီ၏ ဂျီဒီပီနှုန်းများလည်း ပိုမိုမြင့်တက်လာကာ ကျွမ်းကျင်မှုများအရ အလုပ်အကိုင်အခွင့်လမ်းများပါ တိုးမြှင့်ရရှိလာမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ သိရသည်။

သိမ့်သိမ့်မိုး

ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော်၁ရက်အထိ) ဘုရားတပေါင်းပွဲတော် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (တပေါင်းလဆန်း ၁၄ ရက်) ၂၀၁၄ခုနှစ် မတ်၁၄ရက် ဓနုတိုင်းရင်းသားများဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေသင်္ဂဟများ လာရောက်လည်ပတ်နိုင်ပါရန် ဈေးဆိုင်ခန်းများအတွက် လာရောက်ဆက်သွယ်လိုပါက ဓနုဒေသဦးစီးအဖွဲ့ရုံး ဖုန်း-၀၈၁-၆၆၀၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ
ပင်းတယမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကိုအောင်ဇော်မြင့် ၁၂/မဂတ(နိုင်)၀၈၄၄၆၀နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဘန္ဓာကုန်း ၆ လမ်း၊ အမှတ် ၄၇ (မြေညီထပ်)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမိခိုင် ၁၂/ကတတ(နိုင်)၀၀၄၉၀၆၏ တစ်ဦးတည်းသောသား ကိုအောင်ဇော်မြင့်သည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ ဇနီးနှင့်ကလေးနှစ်ဦး မျက်နှာကိုမထောက်ထားဘဲ ဆွေမျိုးများအကြား ဂုဏ်သိက္ခာကျဆင်းစေသည့် ခွင့်မလွှတ်နိုင်သောပြစ်မှုကို ကျူးလွန်သွားသဖြင့် ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေက ကိုအောင်ဇော်မြင့်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်း၏ကိစ္စနှင့်ပတ်သက်၍ မည်သည့် စုံစမ်းမေးမြန်းခြင်းကိုမှ လက်ခံဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မိမိခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်နှင်းမြတ် LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ(စဉ်-၂၉၀၂၈)
အမှတ် ၇၈၈၊ ဇဋိလ ၄ လမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၁၆၇၇၆၈

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်သက်ပိုင်စိုး ၆/လလန(နိုင်)၁၂၈၈၀၃နှင့် မယွန်းဆက်ငြိမ်း ၆/ထဝန(နိုင်) ၁၂၁၄၈၆တို့သည် ကြည့်မြင်တိုင်မြို့နယ် တရားရုံးတွင် ၁၉-၂-၂၀၁၄ ရက်၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးစီးပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်သက်ပိုင်စိုး-မယွန်းဆက်ငြိမ်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊ လူနေရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၂၈၄/ခ၊ နှစ် ၆၀ မြေငှားဂရန်မြေကွက်၊ အကျယ်အဝန်း အလျားပေ ၂၀×အနံပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄)ရပ်ကွက်၊ မြို့မ ၁၁ လမ်း၊ အမှတ် ၂၈၄/ခဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း
LL.B, D.M.A, D.B.L, D.M.L, D.A(Psy)
WIPO, D.L.P(Switzerland)
Diploma in International Law
High Court Advocate & Legal Advisor
ရုံးခန်း-အမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
နေအိမ်-အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃

ခင်ပွန်းအဖြစ် မသက်ဆိုင်ပါကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်ခိုင်ခိုင်လွင် ၁၂/တမန(နိုင်)၀၉၆၁၈၉နှင့် ဦးဝင်းနိုင် ၁၂/တမန(နိုင်)၀၃၉၉၂၃ Dagon Win Win Co.,Ltd. တို့သည် ၂၃-၇-၂၀၁၃ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်သည့်အတွက် ကျွန်မဒေါ်ခိုင်ခိုင်လွင်နှင့် ဦးဝင်းနိုင် Dagon Win Win Co.,Ltd. တို့သည် နောက်နောင်မည်သို့မှ ပတ်သက်ဆက်နွယ်မှုမရှိဘဲ မသက်ဆိုင်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ခိုင်ခိုင်လွင်

ရောင်းမည်

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ပေ၆၀ ပတ်လည် ခြောက်ကွက်တွဲ၊ လူ ၁၀၀ကျော် အသင့်နေထိုင်၊ စားသောက်၊ စာသင်နိုင်သည့်သုံးထပ်တိုက်၊ နှစ်ထပ်တိုက်၊ စာသင်ခုံများ၊ ထမင်းစားခုံများ၊ အသင့်စား၊ သရက်၊ လေချိုးပင်၊ အပင် ၁၀၀ ကျော်၊ ရေလောင်းအိမ်သာ၊ ရေချိုးခန်း(၅)လုံး၊ ရေကန်ကြီး(၅)ကန်၊ ဂရန်ခြောက်ခု၊ ရေ၊ မီး၊ အစုံ၊ ပညာရေးကျောင်းဘော်ဒါဆောင် ပရဟိတလုပ်ငန်းများ၊ အထူးဈေးနှုန်း၊ ရောင်းချဈေး ကျပ်သိန်း ၃၅၀၀။

ဆက်သွယ်ရန်ဖုန်း- ၄၇၀၆၃၃၇၆၊ ၆၄၆၃၂၇၁

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၃၇/က၊ မြေကွက်တည်နေရာအမှတ် (၁၁၃၇/က)၊ ယဿဝတီ ၁၇ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအောင်တင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်တင်နှင့်ဇနီး ဒေါ်ခင်မြကွယ်လွန်သဖြင့် ဒေါ်ရင်ရင်ကြည် ၁၂/ဥကတ(နိုင်)၀၆၂၀၁၂က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁ပီ၊မြေကွက်အမှတ် ပဋ္ဌမတန်းစား၁၆၈၊ မြေကွက်တည်နေရာအမှတ် ၅၆/၅၈၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးကြွယ်(ခ)ချောင်တိတ်ချိုင်၊ ဒေါ်စန်းညွန့် အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကြွယ်(ခ) ချောင်တိတ်ချိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဒေါ်စန်းညွန့် ၁၂/မဂတ(နိုင်)၀၁၅၃၆၉က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

မြစ်ဝကျွန်းပေါ်ဒေသများတွင် အုန်းသားခြောက်လုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်နေ

ရန်ကုန်မြို့ အုန်းသားခြောက် ဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်လာသဖြင့် မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေ၊ အုန်းခြံဒေသများတွင် အုန်းသားခြောက်လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေကြောင်း ကမ်းခြေပင်ရင်းဈေးကွက်မှ သိရသည်။

အုန်းသားခြောက်မှာ မြစ်ဝကျွန်းပေါ်ဒေသ၏ ကမ်းခြေဒေသများတွင်သာမကပဲ ကုန်းတွင်းပိုင်းဒေသများတွင်ပါ ထွက်ရှိနေသည့် ဒေသထွက်ကုန်တစ်ခုဖြစ်သည်။ အုန်းသီးအတွင်းက အသားများကို နေပူရှိန်ပြင်းပြင်းတွင် ခြောက်ရက်ကြာ အခြောက်လှန်းထားသည့် အုန်းသီးအသားခြောက်များဖြစ်သည်။ ဘိုကလေး၊ ဖျာပုံနှင့် အမာမြို့နယ် ပင်လယ်ကမ်းခြေဒေသများဖြစ်သည့် အမာ၊ တယ်ပင်ဆိပ်၊ ကဒုံကနီ၊ အေရာ၊ အုန်းပင်စု၊ တောက်တာကုန်း စသည့် အုန်းခြံဒေသများတွင် အုန်းသားခြောက်လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အုန်းသားခြောက်ဈေးနှုန်းများမှာ ပွင့်လင်းရာသီဦးတွင် တစ်ပိဿာ ငွေကျပ် ၇၀ ခန့်သာ ပေါက်ဈေးရှိနေခဲ့ရာမှ တဖြည်းဖြည်းဈေးနှုန်းများ မြင့်တက်လာခဲ့ရာ ယခုအခါ အုန်းသားခြောက်တစ်ပိဿာ ငွေကျပ် ၁၈၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း ဘိုကလေးမြို့နယ် အုန်းသားခြောက်ကုန်သည် ဦးအောင်မြင့်ထံမှ သိရသည်။

နေလှန်းထားသည့် အုန်းသားခြောက်များ။သတင်းနှင့်ဓာတ်ပုံ-မင်းသစ္စာလှိုင်(ကဒုံကနီ)

အုန်းသားခြောက်များကို အုန်းဆီလုပ်ငန်း၊ အလှကုန်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများနှင့် ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများတွင် အသုံးပြုကြောင်း လေ့လာသိရှိရသည်။ အုန်းသားခြောက်ပြုလုပ်ရန် အုန်းသီးများကို အခွံနွှာ၍ ထက်ခြမ်းခွဲပြီးနေလှမ်းရသည်။ ခြောက်ရက်ဆက်တိုက် နေလှမ်းထားသည့် အုန်းသားခြောက်များကို အစိတ်ကလေးများပြုလုပ်ကာ ရန်ကုန်မြို့ အုန်းသီးပွဲရုံ ဈေးကွက်များနှင့် အုန်းဆီစက်များသို့ တင်ပို့ရောင်းချကြသည်။

ပင်ရင်းကမ်းခြေဈေးကွက်များတွင် အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၁၇၀ ပေါက်ဈေးရှိနေသဖြင့် အုန်းသီးတစ်ထောင်အတွက် ငွေကျပ် ၁၇၀၀၀၀ ရင်းနှီးလုပ်ကိုင်ရသည်။ အုန်းသီးအလုံးတစ်ထောင်ကို အုန်းသားခြောက်ပြုလုပ်လျှင် အုန်းသားခြောက်ပိဿာချိန် ၁၂၀ ခန့်ရရှိသည်။ ရန်ကုန်မြို့ ဈေးကွက်များတွင် အုန်းသားခြောက်တစ်ပိဿာ ငွေကျပ် ၁၈၀၀ ဈေးနှုန်းရရှိသဖြင့် ငွေကျပ် ၂၁၆၀၀၀ ရရှိသည်။ ထို့ကြောင့် အုန်းသားခြောက်လုပ်ငန်းများအနေနှင့် အုန်းသီးအလုံးရေ တစ်ထောင်အတွက် အမြတ်ငွေ ၄၀၀၀၀ ကျော်ရရှိကြောင်း အုန်းခြံလုပ်ငန်းပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ကုန်ပစ္စည်းထုပ်ပိုးသယ်ယူစရိတ် တန်ဖိုးသက်သာမှု ငွေကြေးအခြေအနေမှာလည်း အုန်းသားခြောက်လုပ်ငန်းများအတွက် အမြတ်အစွန်းတစ်ခုပင်ဖြစ်သည်။ လက်ရှိတွင် အဆိုပါဒေသများ၌ အုန်းသားခြောက်လုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်နေချိန်ဖြစ်သဖြင့် လက်လုပ်လက်စား အလုပ်သမားများမှာ အုန်းသားနေလှမ်း၊ အုန်းသားထုတ်၊ အုန်းသီးနွှာ စသည့်အလုပ်များ လုပ်ကိုင်ကာ အလုပ်အကိုင်အဆင်ပြေလျက်ရှိသည်။

သန့်ရှင်းမှုနှင့် ရန်ကုန်မြို့

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်ဆိပ်ကမ်း ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်သို့ သွားရာလမ်းပေါ် ပြည်တွင်းရေကြောင်း သင်္ဘောလက်မှတ်ရုံ အနောက်ဘက်ရှိ ပြန့်ကျဲနေသော အမှိုက်ပုံအကြောင်း သတင်းစာတွင် ဖော်ပြလာပြီးနောက် ဆိပ်ကမ်းမြို့နယ် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ မော်တင်ရပ်ကွက်တွင် အမှိုက်ကန်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းနှင့် အမှိုက်သိမ်းယာဉ်များ သိမ်းဆည်းမှုရှိလာကြောင်းဆန်ကုန်သည်တစ်ဦးကဆိုသည်။

သက်ဆိုင်ရာမှ အလွယ်တကူ အမှိုက်စွန့်ပစ်နိုင်ရန် ဘီးတပ်ရွှေ့လျားအမှိုက်ပုံးများကို နေရာအများအပြားတွင် ချထားပေးထားသည်။ အမှိုက်စွန့်ပစ်သူအချို့မှာ အဖုံးမဖွင့်ဘဲ အဖုံးပေါ် တင်ခြင်း၊ ပုံးအနီး ပြင်ပတွင် စုပုံခဲ့ခြင်းများရှိနေရာ လမ်းမတော်မြို့နယ်အတွင်း အမှိုက်ပုံးကြီးအချို့တွင် အဖုံးမဖုံးဘဲ ဖွင့်လျက်အနေအထားကို နေရာအချို့၌ မြင်တွေ့နေရသည်။ အဖုံးဖွင့်ထားသဖြင့် အမှိုက်များမှ ထွက်ပေါ်သော အနံ့အသက်ဆိုးများ ပြင်ပသို့ ပျံ့လွင့်ခြင်းကြောင့် လမ်းသွားလမ်းလာများ ကျန်းမာရေး ထိခိုက်နိုင်ကြောင်း လမ်းသွားလမ်းလာတစ်ဦးက ပြောသည်။

လမ်းမ၊ လူသွားလမ်း၊ နောက်ဖေးလမ်းကြားများတွင် အလွယ်တကူ အမှိုက်ထုပ်များ လွှင့်ပစ်တတ်သည့် မြင်ကွင်းများ မြင်တွေ့နေရဆဲရှိရာ သန့်ရှင်းရေးဆောင်ရွက်မှုတွင် ဝိုင်းဝန်းကူညီစောင့်ထိန်းရန် လိုအပ်နေကြောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုအပေါ် ဝိုင်းဝန်းတားဆီးရန် လိုအပ်ကြောင်း၊ တားမြစ်ချက်များ ချိတ်ဆွဲရုံဖြင့် မလုံလောက်ကြောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်မြို့လယ်ရှိ ပန်းခြံကြီးတစ်ခုအတွင်း အမျိုးသား၊ အမျိုးသမီးစုံတွဲက ချထားခဲ့သော အမှိုက်ထုပ်ကို ယင်းနေရာသို့ ရောက်ရှိသူ နိုင်ငံခြားသားတစ်ဦးက ကောက်ယူကာ အဆိုပါစုံတွဲအား အမှိုက်ထုပ်ကိုပေးအပ်ပြီး အနီးရှိ အမှိုက်ပုံးသို့ စွန့်ပစ်ပါရန် ပြောဆိုသည့် မြင်ကွင်းကို မြင်တွေ့ခဲ့ရသည်။

ယင်းသို့သော ဆောင်ရွက်မှုကြောင့် စည်းကမ်းမဲ့မှုများ လျော့နည်းလာနိုင်ကြောင်း၊ တစ်ဦးချင်း စည်းကမ်းလိုက်နာပြီး သန့်ရှင်းရေးဆောင်ရွက်ပါက ရန်ကုန်မြို့တွင်း နေ့စဉ်ပုံမှန် သန့်ရှင်းရေးများဖြင့် လုံလောက်မှုရှိပြီး မကြာခဏ ပြုလုပ်ရလေ့ရှိသော အထူးသန့်ရှင်းရေးလုပ်ငန်းများ လုပ်ကိုင်ရခြင်းမျိုး လျော့နည်းလာနိုင်မည်ဟု ရန်ကုန်မြို့နေသူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

ဘီးလင်းမြို့နယ်တွင် အခမဲ့ဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်းများဆောင်ရွက်

ဘီးလင်း ဖေဖော်ဝါရီ ၂၄

သထုံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ရွှေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်ကုသခြင်း၊ ပညာပေးဟောပြောခြင်း၊ မူကြိုကလေးငယ်များအား အဝတ်အထည်များ ထောက်ပံ့ခြင်းနှင့် အဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက်က ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ကဇိုင်းကျေးရွာ မူကြိုကလေးငယ် ၃၂ ဦးတို့အား အရုပ်များနှင့် အဝတ်အထည်များ ထောက်ပံ့ခြင်းနှင့် အာဟာရကျွေးမွေးခြင်း၊ ဘီးလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာအတွင်းရှိ ဝေဒနာရှင် ၇၉ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာအုပ်စု၌ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

ကော့မှူး ဖေဖော်ဝါရီ ၂၄

ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဖိတ်ခေါ်ဖလား ဘောလုံးပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က သခွတ်ပင်ကျေးရွာ ဘောလုံးကွင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြိုင်ပွဲဝင်ကျေးရွာ ၁၅ ရွာမှ ဘောလုံးအသင်း ၁၅ သင်းနှင့် အသင်းအုပ်ချုပ်ကြီးကြပ်သူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖ ပြည်သူ ၃၀၀ ခန့် တက်ရောက်ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ အသင်း ၁၅ သင်း ပါဝင်ပြီး အုပ်စု သုံးစုခွဲကာ ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၁၀ ရက်အထိ အုပ်စုပတ်လည်ပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲများ၊ ဗိုလ်လုပွဲများ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။

မျိုးမင်းထွန်း

ဖောင်းကြွနံ့ပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၅၁၈၈၏ ဖောင်းကြွနံ့ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံ့ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ H၊ မြေကွက်အမှတ် ၄၄၈၊ မြေကွက်တည်နေရာအမှတ် ၃၁၊ နီလာလမ်း၊ ဗဟန်းမြို့နယ်၊ ဦးတင်ဖေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးတင်ဖေ(မိခင်)ဒေါ်မြသင်း ကွယ်လွန်သဖြင့် (၁)ဦးနေဦး ၁၂/ဗဟန(နိုင်) ဝ၆၃၈၇၂၊ (၂)ဒေါ်မြင့်မြင့်ကြည် ၁၂/ဗဟန(နိုင်)ဝ၆၄၃၁၆၊ (၃) ဒေါ်မြင့်မြင့်ရီ ၁၂/တမန(နိုင်) ဝ၆၃၅၆၀၊ (၄) ဦးစိုးဝင်း ၁၂/ဗဟန(နိုင်)ဝ၆၃၈၆၁၊ (၅) ဒေါ်အေးအေးမြင့် ၁၂/ဗဟန(နိုင်) ဝ၆၆၈၀၀၊ (၆) ဒေါ်ရီရီနွယ် ၁၂/ဗဟန(နိုင်)ဝ၆၃၈၇၀၊ (၇)ဒေါ်သန်းသန်းအေး ၁၂/တမန(နိုင်) ဝ၃၄၉၀၆၊ (၈) ဒေါ်မာလာအေး ၈/ပခက(နိုင်)ဝ၆၅၀၇၈တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း ဦးနေဦးကိုယ်တိုင်နှင့် ဒေါ်အေးအေးမြင့်+၃ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၆၀၇ (၁၂-၁၂-၁၃) ဒေါ်မြင့်မြင့်ကြည်+၂ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၆၆၈/၁၂-၁၂-၁၃ရရှိသူ ဒေါ်ဇေရယ်ထွန်း(ခ)အေးသီတာထွန်း ၁၂/ဗဟန(နိုင်)ဝ၉၁၄၅၅မှ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ထားဝယ်ခရိုင်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈ နှင့်ဆက်နွှယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

မသီသီခိုင် နှင့် ၁။ မသန်းသန်းငွေး
၂။ ကိုမြင့်ဇော်ဦး

တရားနိုင် **တရားရှုံးများ**

ဒေါ်သန်းသန်းငွေး၊ ဦးမြင့်ဇော်ဦး၊ ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ ဆန်စက်လမ်း၊ အမှတ် ၅၉နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၂၈ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သိန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ထားဝယ်ခရိုင်တရားမရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀ နှင့်ဆက်နွှယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄

ဒေါ်ငွေးငွေးဆင့် နှင့် ၁။ ကိုမြင့်ဇော်ဦး
၂။ မသန်းသန်းငွေး

တရားနိုင် **တရားရှုံးများ**

ဦးမြင့်ဇော်ဦး၊ ဒေါ်သန်းသန်းငွေး၊ ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ ဆန်စက်လမ်း၊ အမှတ် ၅၉နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၃၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၂၈ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သိန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

ဦးကျော်အောင် နှင့် ဦးစိန်
(အခွင့်ရကိုယ်စားလှယ်
ဒေါ်ဇာနည်နိုင်)

တရားနိုင် **တရားရှုံး**

လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၅၁၀နေ ဦးစိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၉တွင် အမိန့်ချမှတ်သည့်အတိုင်း ဝယ်ယူလက်ရောက်ရရှိပြီးသောအိမ်နှင့်မြေအား တရားဝင်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေရန် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးကျော်အောင် (အခွင့်ရကိုယ်စားလှယ် ဒေါ်ဇာနည်နိုင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၇၅ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန့်သန့်သင်း)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလို စက်အရန်ပစ္စည်း(အဟောင်း)များ ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၁) အထည်စက်ရုံခွဲ (မရမ်းကုန်း)ရှိ အသုံးမလို ပိုလျှံစက်အရန်ပစ္စည်း(အဟောင်း) ၈၂၂ မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

စဉ်	စက်အမျိုးအမည်	အရေအတွက်
(က)	ရက်ကန်းစက်အရန်ပစ္စည်းများ	၁၆၆ မျိုး
(ခ)	နိုင်လွန်ဇာစက်အရန်ပစ္စည်းများ	၁၇ မျိုး
(ဂ)	အချောကိုင်စက်အရန်ပစ္စည်းများ	၅၇ မျိုး
(ဃ)	အထွေထွေစက်အရန်ပစ္စည်းများ	၅၈၂ မျိုး
	စုစုပေါင်း	**၈၂၂ မျိုး**

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၄ ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

(၁) ရန်ကုန် - အထည်အလိပ်လုပ်ငန်း (ရုံးခွဲ) အမှတ် (၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(၂) နေပြည်တော် - ရုံးအမှတ် (၃၇)၊ အထည်အလိပ်လုပ်ငန်း နေပြည်တော်

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၃-၂၀၁၄ ရက် ၁၆:၀၀ နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး (ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆၊
ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁

အများသိစေရန်ကြေညာခြင်း

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(**ရန်ကုန်သစ်**)၊ မြေကွက်အမှတ် **၉၄၉**၊ ဧရိယာ **၀ ဒသမ ၀၄၃** ဧက၊ (**၃၃/၃၂ပေ×၅၈ပေ**)အကျယ်ရှိ နှစ် ၆၀ဂရန်မြေကွက်ကြီးအနက်မှ တောင်ဘက်ခြမ်းမြေကွက်အမှတ် (**၉၅၀**)နှင့်ကပ်လျက်ရှိသော (**ပေ၂၀× ပေ ၆၀**)အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို မြေအမည်ပေါက် ဒေါ်စန်းစန်းငွေးထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုသူ ဦးတင်မောင်မွန် ၁၂/ကတတ(နိုင်)၀၀၀၃၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၆၃၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(က)၊ လူနေရပ်ကွက်အမှတ် (က)၊ မြေကွက်အမှတ် ၉၆၊ မြေအမျိုးအစား(ဂရန်)မြေ ဒေါ်ရင်ရွှေအမည်ပေါက် အလျားပေ ၂၀×အနံပေ ၆၀ ယခုအခေါ် (က)ရပ်ကွက်၊ မေယု ၃ လမ်း၊ အမှတ် က/၉၆ဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသောသူများထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်နိုင် ၁၂/ဥကမ(နိုင်)၁၀၃၆၄၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးမြတ် LL.B Wipo (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၈၀)
အမှတ် ၃၊ သမာဓိလမ်း (တရားရုံးဘေး)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၁၅၂၄၃၄

ဖြူးမဟာစည်ရိပ်သာ(ဖြူးမြို့) နွေရာသီတရားစခန်းဖွင့်မည်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီမဟာစည်သတိပဋ္ဌာန် ဝိပဿနာ သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၉ ရက် (တနင်္လာနေ့)မှ ၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (တနင်္လာနေ့)အထိ (၇-၄-၂၀၁၄ ရက်မှ ၂၁-၄-၂၀၁၄ ရက်အထိ) ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D. INDIA ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိကသံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်လှူဒါန်းလိုသူများသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၅၄- ၄၀၇၇၁၊ ၀၅၄- ၄၀၀၁၂၊ ၀၉-၅၃၉၈၀၄၁၇၊ ၀၉-၅၀၅၆၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အင်းလေးရိပ်သာလမ်း၊ အမှတ် ၈၂/စီနေ
သုခမ္မမဏ်ဓောတရေ ဦးဌေးလှိုင်-ဒေါ်ငွေစမ်း (Shwe War Hlaing Company Limited) တို့၏သား

မောင်ဝေယံလှိုင်
Adv. Diploma in Business Management (ABE-UK)
Director, Shwe War Hlaing Company Limited

နှင့်

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်နေ
ဦးမျိုးသန့်-ဒေါ်အေးအေးကြိုင် (ကေသီဦးသယ်ယူပို့ဆောင်ရေးနှင့် ကားရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ ကေသီဦးစက်သုံးဆီရောင်းဝယ်ရေး)တို့၏သမီး

မအေးနိုင်နိုင်ကျော်
B.A(Korean), MUFL

တို့၏ ၁၉-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ Sedona Hotel (Grand Ballroom, Level I)ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးဝင်းဆွေ (ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ်)နှင့် ဇနီးဒေါ်နန်းနှင်းဆီအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးအောင်ခင် (ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)နှင့် ဇနီးဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့တက်ရောက်ချီးမြှင့်ပေးပါသော သီရိပျံချီ ဦးဇော်မင်း (ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)နှင့် ဇနီးဒေါ်ခင်မိမိ၊ ဦးကျော်စိုး (ဆောက်လုပ်ရေးနှင့် သစ်တောရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သောဆွေမျိုးများနှင့် ဂုဏ်သရေရှိမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိဘဲ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး တေးသီဆိုပေးပါသော တေးသံရှင် ဒေါ်နှင်းရီသန့်နှင့် နိုက်တင်ဂေး တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မဝတီမိုးဆက်နှင့် ညစာစားပွဲတွင် ပန်းကြဲပေးပါသော မရတနာမေဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ရွက်ပေးပါသော မနန်းဗိုလ်ခမ်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ရွက်ပေးပါသော မခင်ပြည့်စုံ၊ မင်္ဂလာသတို့သားအရံ မောင်မင်းထက်အောင်၊ မောင်ဝင်းထွဋ်ဟန်၊ မင်္ဂလာသတို့သမီးအရံ မရည်မွန်အောင်၊ မချစ်နိုးဝေတို့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဒီဇိုင်းဖန်တီးပေးပါသော မပုံ့(My Favourite)နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေး ပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ အခမ်းအနားဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးကြပါသော သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် ပန်းများအလှဆင်ပေးပါသော Rosana မှ ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော Sedona မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ညစာစားပွဲတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော စိမ်းလန်းစိုပြည်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကြွရောက်ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေယံလှိုင်-မအေးနိုင်နိုင်ကျော်

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၃၀၀၊ မြေကွက်တည်နေရာအမှတ် ၃၀၀၊ မင်းလမ်း၊ ရွှေပြည်သာမြို့နယ် ဗိုလ်မှူးမောင်ဦး အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးမောင်ဦး ၁၂/ရပသ(နိုင်)၀၁၆၂၀၅ကိုယ်တိုင်မှ ပါမစ်မိတ္တူတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၂၈၉(က)၊ မြေကွက်တည်နေရာအမှတ် ၂၈၉/က၊ သမာဓိလမ်းသွယ်၊ ရွှေပြည်သာ ဦးမိုးမင်းမြင့် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမိုးမင်းမြင့်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဦး SPTA-၀၁၃၀၇၂ က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၁၀၆/က၊ မြေကွက်တည်နေရာအမှတ် ၁၁၀၆/က၊ ကုန်းဘောင် ၁၂လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ ဦးလှဌေး၊ ဒေါ်တင်မြင့်မော် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှဌေး ၁၂/ဥကတ(နိုင်)၀၅၆၀၁၇ (TTN-၁၄၀၇၁၀)(Passport No.၃၂၃၃၅၇) နှင့် ဒေါ်တင်မြင့်မော် ၁၀/ခဆန(နိုင်)၀၁၂၀၆၂(CZN-၁၂၁၈၈၂)(Passport No. ၀၉၃၀၃၈) တို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၉(၁၅-၂-၂၀၀၅)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးသိန်းအောင် ၁၂/ဥကတ(နိုင်)၀၁၀၆၀၆ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၅၁(၁၉-၁၀-၁၃)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၃၇၊ မြေကွက်တည်နေရာအမှတ် ၁၃၇၊ ဦးဖိုးလက်လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးမိုးဇက်ချစ် AD-၀၂၂၁၄၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမိုးဇက်ချစ် ကွယ်လွန်သဖြင့် (၁) ဒေါ်နန့်လေးလရန် မိုးဇက်ချစ် ၁၂/အလန(နိုင်)၀၁၇၉၆၁၊ (၂) ဦးစံသိန်းအောင် ၁၂/အလန(နိုင်)၀၁၇၉၅၅၊ (၃) ဒေါ်နန့်အေးအေးချို ၁၂/အလန(နိုင်)၀၁၇၉၆၀၊ (၄) ဒေါ်နန့်အေးအေးချစ် ၁၂/အလန(နိုင်)၀၁၇၉၂၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၆၉/၁၃ (၁၂-၁၂-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်မျိုးဆက် ၁၂/လမတ(နိုင်)၀၀၂၃၆၃ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၃၂၊ ဧရိယာ ၀ ဒသမ ၀၅၆ဧက၊ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် ၃၂ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသိန်းရွှေ HZA-၁၈၉၂၃၆ က အမည်ပေါက်လျက်ရှိပြီး တရားဝင်အမွေဆက်ခံခွင့်ရရှိသူ ဒေါ်လှစန်း ၁၂/မရက(နိုင်)၀၆၃၂၆၁ [၎င်း၏ကိုယ်စား မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၂၁/၂၀၁၄(၁၃-၁-၂၀၁၄)ရရှိသူ ဦးထွန်းအောင် ၁၂/တမန(နိုင်)၀၀၉၆၀၅]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးနန္ဒာဝင်း	**ဒေါ်မိတင်ဇာလင်း**
LL.B, D.B.L, D.M.L	**LL.B, D.B.L, D.M.L, D.I.L**
အထက်တန်းရှေ့နေ(စဉ်-၂၈၀၂၆) ဖုန်း-၇၃၀၃၉၅၈၆	**အထက်တန်းရှေ့နေ (စဉ်-၃၀၄၉၁)**

မင်းမဟာ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်
အမှတ် ၃၈၊ ဒုတိယထပ်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ပါရမီလမ်းရုံးချုပ်
ဖုန်း-၀၉-၇၃၁၆၂၇၇၂၊ ၀၉-၄၉၃၀၅၇၅၇၊ ၀၉-၄၃၁၄၄၄၅၆၊
မြောက်ဒဂုံ(ရုံးခွဲ) ဖုန်း-၀၉-၂၅၀၆၃၆၁၂၃၊ ၀၉-၄၂၂၄၇၇၇၇၃

အများသိရှိစေရန် အသိပေးကြေညာချက်

ဦးဝေချမ်း(ခ)ဦးကျန်းဝေချမ်း ၁၃/ဟပတ(နိုင်)၀၀၀၈၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်ခရိုင် ဟိုပန်မြို့ဈေးရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ် ၈၂/၁၆၊ ဦးပိုင်အမှတ် ၄၀၊ RC နှစ်ထပ်တိုက်အပါအဝင် အိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများသည် ဦးဝေချမ်း(ခ)ဦးကျန်းဝေချမ်းမှ မန္တလေးရှိ သမီးဖြစ်သူထံ ဆေးကုသရန်ရောက်ရှိနေ၍ အဆိုပါနေအိမ်၌ထားရှိစဉ် ပျောက်ဆုံးသွားပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးထားခြင်းမရှိပါကြောင်း၊ အဆိုပါအိမ်၊ ခြံ၊ မြေအား ဦးဝေချမ်း(ခ)ဦးကျန်းဝေချမ်း၏ ခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ကြပါနှင့် ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် ၁၁၈၄၊ မြေအကျယ်အဝန်း အလျား×အနံပေ (၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်သောင်းမြင့် အေအေ-၀၃၃၄၈၆ အမည်ဖြင့် တည်ရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နီနီရှိန် ၁၂/ရကန(နိုင်)၀၀၇၁၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း LL.B အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ စာဂ ၁၇လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၄၊ (၆)ကွက်၊ ဦးပိုင်အမှတ်(၃၄-က)၊ မြေယာအမှတ်(၂၇၇-A)၊ မြေဧရိယာ ၀ ဒသမ ၁၂၃ ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်များနှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေဒေါ်ခင်သာ၏ ၁၆-၂-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင်အများသိစေရန်

ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ စံနန်းတော်(Q)တွင် နေထိုင်သော ဦးစံဌေး ၁၂/မရက(နိုင်)၁၂၂၈၆၉နှင့် ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၄)၊ (၆)ကွက်၊ ဈေးကြီးလမ်း၊ အမှတ် ၁၄ တွင် နေထိုင်သော ဦးထွန်းထွန်းဟန် ၉/မမန(နိုင်)၀၃၅၉၈၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သာ၏ကြေညာချက်ပါ အဆိုပါမြေနှင့်နေအိမ်တို့မှာ ၄င်း၏မိတ်ဆွေများဖြစ်သော ဦးခင်မောင်ဦးနှင့်ဒေါ်ငယ်တို့ ပိုင်ဆိုင်ကြသည်ဆိုခြင်းမှာ အလုံးစုံ မမှန်ကန်ပါ။ ၄င်းတို့နှစ်ဦးမှ ဒေါ်ဆာရာဘီ၏ အမွေစားအမွေခံများထံမှ အဆိုပါမြေကွက်ကိုသာ ဝယ်ယူခွင့်ရှိပါသည်။

အဆိုပါမြေကွက်ပေါ်ရှိ အဆောက်အအုံ၏မြောက်ဘက်အစွန် အောက်နှစ်ခန်းနှင့်အပေါ်ထပ်နှစ်ခန်းတို့ကို ၂၀-၁၂-၁၉၇၈ ရက်က ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပျောက်စနစ်ဖြင့် ထိုလေးခန်းကို ဝယ်ယူခဲ့ပြီး ယနေ့တိုင်လက်ဝယ်ပိုင်ဆိုင်၍ နေထိုက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများအနေဖြင့် အဆိုပါတိုက်ခန်းလေးခန်းကို ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း၊ ငှားရမ်း၍ နေထိုင်ခြင်း၊ ကျူးကျော်၍ နေထိုင်ခြင်းတို့မဟုတ်ဘဲ အပျောက်စနစ်ဖြင့် ဝယ်ယူနေထိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းလေးခန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေများက ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်ခွင့်ရှိပါကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သာနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးစံဌေး ဦးထွန်းထွန်းဟန်
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးသောင်း (LL.B)	**ဦးသောင်းအေး(B.A,H.G.P.,R.L.,D.B.L)**
တရားလွှတ်တော်ရှေ့နေ စဉ်-၄၂၇၃	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၀၆)**
အမှတ် ၈၄၊ တတိယလွှာ	**cc-၁/၄၆၊ ၅၉လမ်းနှင့်**
(ခေါင်းရင်းခန်း)၊ စိတ္တသုခလမ်း၊	**ဘုရင့်နောင်လမ်းထောင့်၊**
ကျောက်မြောင်း၊ တာမွေမြို့နယ်၊	**ကန်သာယာမြို့သစ်၊ မန္တလေးမြို့၊**
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၆၃၇၈	**ဖုန်း-၀၉-၄၃၁၀၃၃၆၈**

အများသိစေရန်အသိပေးကြေညာခြင်း

နမ့်ခုံးချယ်ရီကုမ္ပဏီလီမိတက်(NAM KHONE CHERRY Co., Ltd.)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

တောင်ကြီးမြို့တွင် အခြေစိုက်တည်ထောင်ထားရှိသော နမ့်ခုံးချယ်ရီကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တည်ထောင်ထားရှိပါသည်။ ကုမ္ပဏီတည်ရှိရာဒေသများတွင်လည်း နာမည်ကောင်းတစ်ခုဖြင့်ရပ်တည်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

နမ့်ခုံးချယ်ရီကုမ္ပဏီသည် ဆောက်လုပ်ရေးလုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ စာပေထုတ်ဝေဖြန့်ချိရေးလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ ကွန်ပျူတာလုပ်ငန်းစသည်တို့ကို တရားဝင်လုပ်ကိုင်လျက်ရှိပါသည်။ တောင်ကြီးမြို့ပြလမ်းညွှန်ကိုလည်း တစ်ဦးတည်းစဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နမ့်ခုံးချယ်ရီကုမ္ပဏီမှ ထုတ်ဝေလျက်ရှိသော စာပေထုတ်ဝေဖြန့်ချိရေးလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းများနှင့်ပတ်သက်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပ၍ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေ အတုအပမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ကြော်ငြာထားသည့်အတိုင်းတွေ့ရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဇော်ဦး(စဉ်-၆၉၂၈/၀၁)
တရားလွှတ်တော်ရှေ့နေ
ဦးသော်ဝင်းနိုင်(၄၂၂၃၃/၁၃) ဦးမောင်မောင်(၄၁၈၅၅/၁၃)
အထက်တန်းရှေ့နေများ
အမှတ် ၁၅/၈၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊
ဖုန်း-၀၈၁-၂၀၁၁၃၄၊ ၀၉-၄၂၈၃၄၀၂၅၇

ဒေါ်ခင်မာဆွေ ၁၃/တကန(နိုင်)၀၇၉၉၈၆နှင့်
အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ စန္ဒာလမ်း၊ အိမ်အမှတ် ၄၂၉ နေ ဦးလေးရွှေ(ခ)ဦးမြင့်ဆွေ ၁၃/တကန(နိုင်)၀၇၉၉၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလေးရွှေနှင့် ဒေါ်ခင်မာဆွေတို့သည် ၁၉၈၂ ခုနှစ်မှစ၍ ယနေ့တိုင် တရားဝင်ဇနီးတစ်ဦး ဖြစ်ပါသည်။ လင်မယားနှစ်ဦး စိတ်အခန့်မသင့်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မာဆွေမှာ မိမိနေအိမ်သို့ ပြန်လာခဲ့ခြင်းမရှိပါ။

ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံး ဦးလေးရွှေ(ခ)ဦးမြင့်ဆွေထံ ပြန်လာရန်နှင့် အခြားမလိုလားအပ်သောပြဿနာများ ပိုမိုရှုပ်ထွေးလာပါက ဒေါ်ခင်မာဆွေ၏ တာဝန်သာဖြစ်ကြောင်း၊ ပြဿနာကိစ္စအဝဝကို ဖြေရှင်းပြီးပါက အပြစ်များအားလုံးခွင့်လွှတ်ပြီး မိသားစုအားလုံး ပျော်ရွှင်စွာ နေထိုင်သွားမည်။ မဖြေရှင်းဘဲ ဆက်လက်၍ ရှောင်တိမ်းနေမည်ဆိုပါက ဥပဒေကြောင်းအရ ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာဆွေအား ကျွန်ုပ်အမှုသည် ဦးလေးရွှေ၏ခွင့်ပြုချက်မရှိဘဲ လက်ခံခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း ပြုလုပ်သူများကို ဥပဒေကြောင်းအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးလေးရွှေ(ခ)ဦးမြင့်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စဝ်ဥမ္မာကြည်
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၆၁/၉၉)
အမှတ် ၃၂၊ ကျောက်တလုံးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့

လွမ်းဆွတ်တမ်းတခြင်း(၃)နှစ်ပြည့်အမှတ်တရ
ဗိုလ်မှူးကြည်ဝင်း(ငြိမ်း)
အပတ်စဉ်(၁၈) (D.S.A)၊ ကြည်း(၁၄၀၀၃)
(၂၅-၂-၂၀၁၁ မှ ၂၅-၂-၂၀၁၄)
အသက်(၅၆)နှစ်

ကျေးဇူးရှင်ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့တာ ဒီနေ့(၃)နှစ်ပြည့်ခဲ့ပါပြီ။ (၃)နှစ်တာရှိခဲ့ပေမယ့် မနတို့မိသားစုမှာ မနေ့ကလိုပဲ ခံစားနေရပါတယ်။ သတိမရတဲ့ရက်ဆိုတာ တစ်ရက်မှမရှိခဲ့တဲ့အတွက် အမြဲသတိရနေပါတယ်ဆိုတဲ့စကားကိုလည်း မသုံးချင်တော့ပါဘူး ကိုကြည်ဝင်းရေ-

မဆုံးခင် (၃)ရက်အလိုမှာပြောခဲ့တဲ့စကားကိုသတိရမိပါတယ်။ **ကိုခရီးသွားရင် တစ်ပတ်ပဲနေလို့ရတယ်။ တစ်ပတ်ကျော်ရင် အိမ်ကိုပဲပြန်လာချင်တယ်လို့** ပြောသွားခဲ့တာကို အခုတိုင်ကြားယောင်မိပါတယ်၊ အခုတော့ မလွန်ဆန်နိုင်တဲ့သဘောမို့ တမလွန်ခရီးကို ထွက်သွားခဲ့ရပြီပေါ့နော်။

မနတို့မှာ လွမ်းတိုင်း၊ သတိရတိုင်း ကျေးဇူးရှင်အတွက် အမြဲနေ့စဉ်၊ လစဉ်၊ နှစ်စဉ် အလှူအတန်းကိုအမြဲလှူဒါန်းပေးနေပါတယ်နော်၊ ကောင်းမြတ်သောဘုံအဆင့်ကိုရောက်ပါစေ၊ ယနေ့သုံးနှစ်ပြည့်လှူဒါန်းသောကောင်းမှုကိုရရှိပြီး သာဓုခေါ်ဆိုနိုင်ပါစေ-

ကိုကြည်ဝင်းရေ အမျှ အမျှ အမျှ
ဇနီး - ဒေါ်နုနုကြိုင်
သား - မောင်ကြည်ထက်ဝင်း B.A(Eng)
သား - မောင်ကြည်ဉာဏ်ဝင်း B.A(Mya)-မနွေနွေထွန်း B.A(Eco)
မြေး - မောင်ကြည်ခန့်ဝင်း(ခ)သားချစ်
တူမ - မတူး၊ မအေးခိုင်မိသားစု

တစ်နှစ်ပြည့်အလွမ်း
ယာယီတပ်ရင်းမှူး ဗိုလ်မှူးစိုးဝင်းအောင်(B.A History)
တဗ(၂၅)
အသက်(၃၆)နှစ်

သံယောဇဉ်ကြီးမားလှတဲ့ ကျေးဇူးရှင်ချစ်ခင်ပွန်းကို ကချင်ပြည်နယ်ရဲ့တစ်နေရာမှာ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း မမျှော်လင့်ဘဲမိသားစုနှင့်ခွဲခွာသွားသည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်ရက်မှမေ့မရနိုင်ပါ၊ ပြုသမျှကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး - မလှိုင်မြတ်စုအောင်
ချစ်သား- မောင်ပိုင်စိုးမြတ်

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုအကျဉ်းထောင်နေ ဒေါ်နန်းအောင်မှ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇ လမ်း၊ (၂၆×၂၇)ကြားနေ ဒေါ်ယဉ်ယဉ်မြင့် ၁၃/တကန(နိုင်)၁၃၂၈၀၀ ထံသို့ လွှဲအပ်ထားသော ၂၂-၃-၂၀၁၃ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၀၆၈/၂၀၁၃)အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဒေါ်နန်းအောင် ၁၃/တကန(နိုင်)၀၁၅၆၇၂

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၃၃၆၅၉၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မာဌေး ၂/လကန(နိုင်) ၀၆၆၁၇၇ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၉၉၂၄၇ ကမ်ဘို ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၁၃/ညရန(နိုင်)၀၀၈၈၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၈ လမ်း၊ တိုက်အမှတ် ၁၂၊ အခန်းအမှတ်(ခြေရင်းခန်း)၊ အကျယ်အဝန်း ၁၁$\frac{1}{2}$ ပေ× ၄၇ ပေ(ပထမထပ်) တိုက်ခန်းအား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုပြောဆိုသူ ဦးအာကာထွန်း ၁၂/လသန(ပြု)၀၀၀၁၅၉ ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြတ်မြတ်ခိုင်
ဆက်သွယ်ရန်-အမှတ် ၅/D၊ မြို့မ Condo၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်
ဖုန်း-၀၉-၇၃၂၂၅၄၅၇

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈/က၊ မြေကွက်အမှတ် ၁/ဃ၂၊ မြေကွက်တည်နေရာအမှတ် ၃၊ လေးဒေါင့်ကန်လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် နာမဒါး အမည်ပေါက် ဘီ (မြေပိုင်)မြေအား သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၂၆/၂၀၁၃ နှင့် တရားမဇာရီမှုအမှတ် ၂၉/၂၀၁၃ တို့တင်ပြ၍ ဘိလစ် ဒေါ်နိုင်နိုင်အောင်မှ အဆိုပါမြေကွက်ကြီး၏ တရားဝင် မခွဲမစိတ်ရသေးသော ဧရိယာပေ (၂၀×၇၀) အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅·H၊ မြေကွက်အမှတ် ၆၃၊ မြေကွက်တည်နေရာအမှတ် ၅၁၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ် ဦးစောလှထွန်း၊ ဒေါ်အေးအေးကျော်၊ ဦးထွန်းဖေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးထွန်းဖေကွယ်လွန်သဖြင့် ဒေါ်ကျားညွှန့်စိန် ၁၂/ဗဟန(နိုင်)၀၄၃၃၀၉ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ကျန်ပူးတွဲပိုင်ရှင် ဒေါ်အေးအေးကျော် ၁၂/လမတ(နိုင်)၀၁၀၁၂၉၊ ဦးစောလှထွန်း ၁၂/လမတ(နိုင်) ၀၁၉၇၁၁တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ
အသက် (၈၅)နှစ်

ဦးကျော်နိုင် - ဒေါ်ကျင်ထွေး (ဖက်ရှင်မီနီမတ်ကက်-တောင်ကြီးမြို့) ၏မိခင် ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ အသက် (၈၅) နှစ်သည် ၂၁-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဖက်ရှင်၊ ဗွီးရှင်း၊ မေသျှမ်းဝန်ထမ်းများ

(၆)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှဝေခြင်း

ပါနန်းခမ်းအင် အသက်(၈၄)နှစ်အတွက် ၁၈-၂-၂၀၁၄ ရက်၌ တောင်ကြီးမြို့၊ ကျိုင်းတုံကျောင်းတွင် သံဃာတော်များအား ဆွမ်းခဲဖွယ်များနှင့် လှူဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းပါသည်။ မေမေ၊ ဘွားဘွား၊ ကုသိုလ်ကောင်းမှုအလှူဒါနအဝဝကို သာဓုခေါ်ဆိုပါ။

အမျှ-အမျှ-အမျှ
ကျန်ရစ်သူခင်ပွန်း၊ သားသမီး၊ မြေး၊ မြစ်

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါ်အုံးကြည်(ငြိမ်း)
သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်
(အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)
အသက်(၈၃)နှစ်

မိခင်ကြီးကဲ့သို့ လေးစားကြည်ညိုချစ်ခင်ရပါသော ဆရာမကြီးပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း)၊ သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်(အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်) သည် ၁၇-၂-၂၀၁၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဒေါ်ပြုံး ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ/ဆရာမများ
သမိုင်းဌာန၊ မြင်းခြံဒီဂရီကောလိပ်

အထူးကျေးဇူးတင်ရှိခြင်း

၁၄-၂-၂၀၁၄ရက်(သောကြာနေ့) ည ၁၁း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဦးဇော်မင်း အကောက်ခွန်ဦးစီးအရာရှိ(ငြိမ်း) အသက်(၇၃)နှစ်၏ ဈာပနဝတ်ကို ဆောင်ရွက်ပေးခဲ့ကြသော ခရစ်တော်၏အသင်းတော်မှ သိက္ခာတော်ရ ဆရာမဒေါ်သန်းသန်းဌေး၊ သိက္ခာတော်ရ ဆရာစောမြမင်းလွင်၊ အသင်းတော်ဥက္ကဋ္ဌ ဆရာဦးကိုကိုကြီးနှင့်အသင်းသူ၊ အသင်းသားများအား လည်းကောင်း၊ အားပေး၊ နှစ်သိမ့်၊ သတင်းမေး၊ လိုက်ပါကူညီပို့ဆောင် ပေးခဲ့ကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းဟောင်းများ၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ၊ ကူရှင်ကျောင်းသားဟောင်းများအားလည်းကောင်း၊ အဏုမြူရောင်ခြည်ဌာနမှ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ Myanmar Zircon ကုမ္ပဏီမှ ဝန်ထမ်းများအားလည်းကောင်း၊ အလက(၂)မှ ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာဆရာမဟောင်းများအားလည်းကောင်း၊ မကျန်းမာစဉ်တစ်လျှောက် စောင့်ရှောက်ကုသပေးခဲ့ကြသော ပါမောက္ခ ဦးနေဝင်းနှင့်တကွ ဗဟိုစည်ဆေးရုံမှ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးနိုင်သိန်းအောင်(ငြိမ်း) ကြည်း/၂၂၅၉၉
(DSA အပတ်စဉ်-၃၂)
Assistant General Manager
(M.K.T Construction Co., Ltd. Yangon)
အသက်(၄၅)နှစ်

သည် အတူလက်တွဲဆောင်ရွက်နေရာမှ ၂၁-၂-၂၀၁၄ ရက်တွင် ရုတ်တရက်ထာဝရ ခွဲခွာသွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးနိုင်သိန်းအောင် "ကောင်းရာသုဂတိလားပါစေ။"

MD နှင့် ဝန်ထမ်းများ
M.K.T Construction Co., Ltd.

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပခုက္ကူမြို့၊ မြို့သစ်၊ A(၅၇)၊ ခွာညိုလမ်းနေ(ဗိုလ်မှူးမျိုးမြင့်)(ငြိမ်း)-ဒေါ်ခင်ဝင်းတို့၏သမီး မကေသီမျိုးမြင့် MYG-၁၉၃၉၂၄ သည် မိဘဆွေမျိုးသားချင်းများအား စိတ်ဆင်းရဲအောင်အမျိုးမျိုး ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်း ၈/မမန(နိုင်)၀၀၂၁၆၈

ကြော်ငြာ

ဦးအောင်မြ (မော်လမြိုင်)

အသက်(၉၀)

သထုံမြို့နေ (ဦးခွေးညဏ်-ဒေါ်မာအို)တို့၏သား၊ (ဦးပိန်-ဒေါ်ကျော့ခင်)တို့၏သားသမက်၊ သထုံမြို့နေ (ဦးကျန်စိန်-ဒေါ်ခင်တင့်)၊ (ဦးလှညွန့်)-ဒေါ်တင်ညွန့်တို့၏ညီ၊ (ဦးအောင်မြင့်-ဒေါ်အေး)၊ (ဦးမြမောင်-ဒေါ်ကြည်ထွန်း)၊ (ဦးပျို)-ဒေါ်တင်လှတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ဇီဇဝါလမ်း၊ ၅၁ 4B နေ ဒေါ်အေးသွင်၏ခင်ပွန်း၊ ဦးဇော်မင်း၊ ဦးသက်ဇော်၊ ဦးတင်ဝင်း-ဒေါ်အေးအေးမြတ်၊ ဒေါ်ယဉ်ယဉ်မြတ်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဇီဇဝါလမ်းနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအယ်လ်မိန်းဒိန်း (Director, Grand Wynn Enterprises Ltd.)၊ ဒေါ်စန်းယုမော်(လ/ထ ညွှန်မှူး၊ စာရင်းစစ်ချုပ်ရုံး)တို့၏မိခင် ဒေါ်အယ်(လ်)ပရီလွမ်း အသက်(၈၂)နှစ်သည် ၂၂-၂-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Grand Wynn Enterprises Ltd. ဝန်ထမ်းများ

Head Office

ဒေါက်တာမာလာနေဝင်း

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်

အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ် ၅၇၉၊ ရဲရိပ်သာလမ်း၊ မြောက်ရွာနေ (ဦးနေဝင်း-ဒေါ်ခင်နွဲ့နွဲ့)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးဟိုစိန်-ဒေါ်အင်စိန်)တို့၏သမီးချွေးမ၊ ဦးမြတ်ကို(ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့)-ဒေါ်ဇေကရီခိုင်(ကထိက၊ငြိမ်း)တို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၂၁ (သုံးလွှာ)၊ တန်ဆောင်းကြီးလမ်း၊ကြည့်မြင်တိုင်မြို့နယ်နေ Captain တင်မောင်အေး၏ဇနီး၊ မမေသက်နှင်းတင်မောင်အေး(Grade-X, B ၊ အထက-၂၊ ပုသိမ်)၏မိခင်၊ ဒေါ်သရဖီခိုင်ဇာ၊ ဒေါက်တာသပြေခိုင်ဇာ - ဒေါက်တာမျိုးထက်အေး၊ ဒေါက်တာသုတ - ဒေါက်တာအိနှင်းဖြူတို့၏အဒေါ်သည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (တန်ဆောင်းကြီးလမ်းနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဇော်မိုး (အင်းစိန်)

အသက်(၅၅)နှစ်

ဦးချိုမြင့် (MD) မြင့်မိသားစုကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံဟိုတယ်(နေပြည်တော်)-ဒေါ်စန္ဒာ(Executive Director) မြတ်နန်းယုံကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံဟိုတယ်(နေပြည်တော်)တို့၏ အစ်ကိုဖြစ်သူ ဦးအောင်ဇော်မိုးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နေ့လယ်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမြင့်(ဒါရိုက်တာ-အသေးစားနှင့်အလတ်စားစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)

(ဥက္ကဋ္ဌ၊ မြင့်မိသားစုကုမ္ပဏီလီမိတက်)

ဒေါ်ရီရီညွန့်(ဒု-ဥက္ကဋ္ဌ၊ မြင့်မိသားစုကုမ္ပဏီလီမိတက်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဇော်မိုး (အင်းစိန်)

အသက်(၅၅)နှစ်

ယောက်ဖ ကိုအောင်ဇော်မိုး ခင်ဗျားကို ကျွန်တော်ပြောပြောနေတယ်။ အစောကြီး လုပ်မသွားနဲ့လို့ ပြောခဲ့တယ်။ ခင်ဗျားက အစောကြီး ဒီခရီးကို သွားတာကိုး။

ခင်ဗျားကို ဆုံးရှုံးရလို့ အရမ်းဝမ်းနည်းကြေကွဲခံစားရပါတယ်။ နောင်ဘဝ ဆက်တိုင်း ဒီလိုအဖြစ်မျိုး မကြုံပါစေနဲ့လို့ ကျွန်တော်ဆုတောင်းလိုက်ပါတယ်။

အရမ်းဝမ်းနည်းကြေကွဲရတယ် ယောက်ဖရေ-

ဦးချိုမြင့်-ဒေါ်စန္ဒာ

(Managing Director)

မြင့်မိသားစုကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံကုမ္ပဏီလီမိတက်

မြတ်နန်းယုံဟိုတယ်(နေပြည်တော်)

မြတ်နန်းယုံငွေရေးကြေးရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းဝင်းဆွေ (လက်ထောက်ညွှန်ကြားရေးမှူး)

အသက်(၃၉)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းဆွေသည် ၂၃-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ

အနုပညာဦးစီးဌာန

ဗိုလ်ကြီးစောနိုင်ဟိန်း

ကြည်း-၃၉၇၄၁၊ (D.S.A-47)၊ မဟာသိပ္ပံဘွဲ့(အီလက်ထရွန်နစ်)

အသက်(၂၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ မြကန်သာ ၃လမ်း၊ အမှတ်(၈၂၀-က)နေ (ဦးစစ်ညွန့်-ဒေါ်မိ)၊ (ဦးထွန်းလှ)-ဒေါ်ဖြူတို့၏မြေး၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဝန်းကျေးရွာနေ ဦးခင်မောင်ကြည်-ဒေါ်ကျင်လှ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးတိုးမြင့်-ဒေါ်ဝင်းကြည်၊ ဦးညဏ်ထွန်း-ဒေါ်သန်းဋ္ဌေးဝင်း၊ သာကေတမြို့နယ်နေ ဦးလှဝင်း-ဒေါ်ဝင်းစန်း၊ လှိုင်သာယာမြို့နယ်နေ ဦးဖိုးချစ်-ဒေါ်တင်တင်လှတို့၏တူ၊ ဦးအောင်လှ-ဒေါ်မြင့်ကြည်တို့၏သား၊ ကိုသန်းဋ္ဌေး-မသီတာခိုင်ဦး၊ ကိုလှထွန်းတင်(မြန်မာ့ဆက်သွယ်ရေး၊ မရမ်းကုန်းအိတ်ချိန်း)-မမာလာခိုင်ဦးတို့၏ညီ/မောင်၊ မသိန်းသန်းသန်းစိုး၊ မနေခြည်လင်းလက်အောင်၊ ချစ်ဘုန်းလှိုင်၊ မင်းသုခ၊ လမင်းအောင်၊ သဒ္ဒါမောင်တို့၏ဦးလေးသည် ၂၃-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လူပိုရှို့(ခ)ဒေါ်လူရှုတ်

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ (၅)ရပ်ကွက်၊ အမှတ် ၁၅၊ ခြောက်လွှာနေ (ဦးဝီးယား)၏ဇနီး၊ ဦးကျင်းပင်-ဒေါ်တင်ကြည်တို့၏အစ်မ၊ ဒေါ်ဗိုကျစ်(ခ)ဒေါ်ခင်လေးခိုင်-ဦးသိန်းထွန်း၊ ဦးကတ်ဂှါ-ဒေါ်လင်းရှုယု (USA)၊ ဦးကတ်လှိုင်(ခ)ဇော်ထွန်း-ဒေါ်အောင်လေကျုပ်(ခ)ဒေါ်ခင်ခင်အေးတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ခြောက်ယောက်၏ ဘွားဘွားကြီးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသိန်းငွေ

အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)၊ ကုန်သွယ်/လယ်ယာ(ငြိမ်း)

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဖက်စပ်(၂)

အသက်(၈၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉/၇၉၅၊ အောင်သစ္စာ(၁)လမ်း၊ (၂၉)ရပ်ကွက်နေ(ဦးဘခင်-ဒေါ်သိန်း)တို့၏သား၊ (ဦးစံဝင်း-ဒေါ်မြသွေး)တို့၏သားသမက်၊ (ဒေါ်ခင်စီစီ၊ ထ-၁၊ တ/ဥ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်ကျော့ကျော့မွန်(အထက-၂၊ သင်္ဃန်းကျွန်း)၊ ကိုရဲဆုမွန်(Mega Lifesciences Ltd.)၊ မဇင်ဇင်မာ(ရိုးမဘဏ်)တို့၏ဖခင်၊ (ဦးသိန်းဟန်-ဒေါ်ရီရီ)၊ ဦးစိုးညွန့်-(ဒေါ်တင်ဥ)၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်ရီတို့၏အစ်ကိုကြီး၊ (ဦးစံဗိုလ်-ဒေါ်သန်းသန်း)၊ (ဒေါက်တာတင်မောင်-ဒေါ်ခင်ကြည်)၊ (ဦးကိုလေး-ဒေါ်တင်မေ)၊ (ဗိုလ်မှူးကြီးပန်းအောင်)-ဒေါ်ခင်ညွန့်ညွန့်၊ (ဒေါက်တာလှမောင်)-ဒေါ်မော်လီခင်သန်းနွယ်၊ ဒေါက်တာရွှေသာထွန်း-ဒေါ်တင်တင်ရီ၊ ဒေါ်ညွန့်ညွန့်မော်တို့၏အစ်ကိုသည် ၂၄-၂-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးစံမြင့်(ရှမ်းကွင်းကြီးကျေးရွာ) အသက်(၈၁)နှစ်

ဒု-ကြီးကြပ်ရေးမှူး (ကူး/ဆေး)

မြန်မာ့ရုပ်ရှင်လုပ်ငန်း(ဓာတ်လမ်းရုပ်ရှင်၊ ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ် ၇၁၈(မြေညီ)ခေါင်းရင်းခန်းနေ(ဦးဖိုးကင်း-ဒေါ်မယ်သန့်)တို့၏သား၊ ဒေါ်အေးယုံ၏အစ်ကို၊ (ဦးငွေစိုး)-ဒေါ်လှမြိုင်တို့၏ညီ/မောင်၊ ဒေါ်လှလှနွဲ့၊ ဒေါ်စန်းစန်းရီ(လမ်းတံတား စည်ပင်)၊ ဦးထွန်းအောင်(ရေနံ/သယ်ပို့)-ဒေါ်စိုးစိုးနိုင်၊ (ဦးစိန်အောင်)-ဒေါ်အေးအေးသန်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်စန်းစန်းမြင့်၊ (ဦးလှဝင်း)၊ (ဦးသန်းစိန်)-ဒေါ်စန်းစန်းဦး(ရေနံ/သယ်ပို့)၊ ဒေါ်သန်းသန်းနု(ရေနံ/သယ်ပို့)တို့၏ ဦးလေး၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညွန့်မောင်

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်း/ကွက်သစ်၊ အမှတ် ၈၊ အောင်သုခလမ်းနေ ဒေါ်အုံးကြည်၏ခင်ပွန်း၊ ဦးငွေသန်း-ဒေါ်စန်းစန်းအေး (အမက-၄၂၊ သာကေတ)၊(ဦးငွေအောင်)၊ ဒေါ်ခင်ငွေသန်း(အမက-၂၈၊ တာမွေ)၊ ဦးစိန်ဝင်းဗိုလ်၊ ဦးဟန်ဆွေ-ဒေါ်ခင်စောယု၊ ဦးစန်းနိုင်-ဒေါ်ခင်ညွန့်ဝေ၊ မညွန့်ညွန့်အေးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်ဇေယျာစိုး

အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ (၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ခြံအမှတ်(ခ/၄၁)နေ ဦးစိုးမြင့် (အုပ်ချုပ်မှုဒါရိုက်တာ၊ ပဒေသာစားသောက်ဆိုင်လုပ်ငန်း)-ဒေါ်ခင်အေးမူတို့၏တစ်ဦးတည်းသောသား၊ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အေဝမ်းခြံ၊ ဦးမောင်မောင်စိုးလမ်း၊ အမှတ် ၂၇/ကနေ ဦးတင်မောင်ဝင်း-ဒေါ်လဲ့လဲ့ဆွေတို့၏သားသမက်၊ မအေးမွန်နီနီ၏ခင်ပွန်း၊မမေသက်ခိုင်(ခေတ္တ-USA)၊ မရွှေအိန္ဒြေနှင်း(ခေတ္တ-USA)၊ မကျော့မေခိုင် - မောင်ဋ္ဌေးလှိုင်ဝင်း (ခေတ္တ-စင်ကာပူ)တို့၏မောင်၊ ဦးခင်ဇော် - ဒေါ်သိန်းသိန်းမြင့် (ခေတ္တ-USA)၊ ဦးခင်မော်-ဒေါ်ကေသီညွန့် (ခေတ္တ-USA)၊ ဒေါ်မိမိခင်(ခေတ္တ-USA)၊ ဦးဋ္ဌေးနိုင် - ဒေါ်မြမြမင်း (ခေတ္တ-USA)၊ ဒေါက်တာမြင့်စော-ဒေါ်အေးအေးစု(ခေတ္တ-USA)၊ ဦးရေမွန်ကြည်စိုး-ဒေါ်ဖြူဖြူ(ခေတ္တ-USA)တို့၏တူ၊ မောင်ဘုန်းမြတ်နိုင်၊ မောင်လရောင်အေးတို့၏ဖခင်သည် ၂၄-၂-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၂နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးအောင်တင်

ပရိယတ္တိသာသနာ့နုဂ္ဂဟ အသင်းတော်ကြီး ဒုဥက္ကဋ္ဌ

အသက်(၈၅)နှစ်

အမှတ် ၇၆၈၊ (၁၆/၁)ရပ်ကွက်၊ ရတနာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးဖိုးသူ-ဒေါ်ချစ်)တို့၏သား၊ (ဒေါ်နုကြည်)၏ခင်ပွန်း၊ ဦးစိုးလွင်-မနန်းဋ္ဌေးအောင်၊ ဦးသိန်းလွင်-ဒေါ်ကေသီလှ၊ဦးသန်းလွင်-ဒေါ်မာလာညွန့်၊ ဦးအေးလွင်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၄ရက်နံနက်၅း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်သန်း (အလုံ)

အသက်(၇၈)နှစ်

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)၊ ဒုအထွေထွေမန်နေဂျာ အာရှနေဘဏ်(ငြိမ်း)၊ မြန်မာ့ရှေ့ဆောင်ဘဏ်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ ဦးလူကလေးလမ်း၊ အမှတ် ၂၃နေ (ဦးအောင်ခင်-ဒေါ်လှတင်)တို့၏သား၊ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ (ဦးကျော်ဝင်း)-ဒေါ်အုန်းကြည်၊ ဦးရန်ရှင်း-ဒေါ်တင်တင်ဝေ၊ ဦးတင်ရွှေတို့၏အစ်ကိုကြီး၊ (ကိုအောင်သန်းဦး)-မစန္ဒာဝင်း၊ ကိုနိုင်ဇော်ထူး-မအေးအေးသန်း(မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ကိုအောင်နိုင်ဝင်း (Global Sea Hawk Co.,Ltd.)-မသက်ယုကြည်၊ ကိုဇော်မင်းပိုက် (Shine Hope Co., Ltd.)-မခင်သူဇာသန်း၊ ကိုအောင်မြင့်စိုး-မခင်ဖြူပြာသန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်သက်

အသက်(၉၃)နှစ်

အမှတ် ၁၁၅၊ (၃)လမ်း၊ နောက်လယ်ရပ်၊မြိတ်မြို့နေ(ဦးရွှေထူး)၏ဇနီး၊ (ဦးစံထွန်း-ဒေါ်ကြိုင်သင်း)တို့၏သမီး၊ (ဦးကြာသွန်း - ဒေါ်ရွှေမိ)တို့၏သမီးချွေးမ၊ ဦးထွန်းအေး-(ဒေါ်မြမြဝင်း)၊ ဒေါ်စန်းစန်းနွယ်၊ (ဦးမြင့်ရွှေ)-ဒေါ်အောင်မြင့်၊ ဒေါ်စီစီနွယ် (အထက-ခွဲ၊ အလက-၃၊ မြိတ်)၊ ဦးမြင့်ဝေ-ဒေါ်တင်ရီတို့၏၏မိခင်ကြီး၊ မြေး ၁၃ ယောက်၊မြစ်၁၄ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) ည ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမျိုးမြင့်

လက်ထောက်အင်ဂျင်နီယာချုပ်(ငြိမ်း)

M.E.P.E

အသက်(၇၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ရွှေပေါက်ပင်ရွာနေ (ဦးလူဋ္ဌေး-ဒေါ်မျှင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေရတနာလမ်း၊ ၁၈-D/၆နေ (ဦးဘသိန်း-ဒေါ်စိန်တင့်)တို့၏သားသမက်၊ ဒေါ်ခင်စိန်ကြည်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ မသူဇာမြင့်-ကိုနေဝင်း(စင်ကာပူ)၊ (ဒေါက်တာစိုးလှိုင်မြင့်)၊ ကိုကျော်ဆန်း - နန်းမေအေးရင်၊ ကိုသီဟ - မမြတ်မာညွန့် (စင်ကာပူ)တို့၏ဖခင်၊ Winnie Chan, Raymond Chan (စင်ကာပူ)၊ မဆုအိဝင့်(G-3, K, TTC)၊ မောင်သန့်ဇော်မြတ်တို့၏အဘိုးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမျိုးမြင့်

လက်ထောက်အင်ဂျင်နီယာချုပ်(ငြိမ်း)

M.E.P.E

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေရတနာလမ်း၊ ၁၈-D/၆နေ ဒေါ်ခင်စိန်ကြည် (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ (ဒေါ်ခင်စိန်ရီ၊ အထက်တန်းပြ၊ ငြိမ်း)၏အစ်ကို၊ ဦးကျော်ဝင်း - ဒေါ်ဋ္ဌေးဋ္ဌေး (ငွေနဂါး အထည်စက်၊ စစ်ကိုင်း)၊ ဒေါက်တာလှိုင်မျိုးထွန်း-ဒေါက်တာဝင်းဝင်းမင်း၊ မသန်းငြိမ်း၊ မခင်စန်းတင့်၊ မသန်းသန်းဋ္ဌေးတို့၏ဦးလေး၊ မဝေဝေလွင်၊ မကြီး၊ မငယ်တို့၏ဘကြီးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတူ၊တူမများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ငွေကြည်

အသက်(၇၅)နှစ်

သံတွဲမြို့နေ (ဆရာကြီး ဦးငွေခဲ-ဆရာမကြီး ဒေါ်စောရီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ အုတ်ကျင်း၊ မာလာမြိုင်(၈)လမ်း၊ တိုက်အမှတ် ၅၀၊ ငါးလွှာနေ ဦးလွန်းတင်၏ဇနီး၊ ကိုနေလင်း(ပုသိမ် လေတပ်စခန်းဌာနချုပ်) - မသီဂီအောင် (ရန်ကုန်အပြည်ပြည်ဆိုင်ရာလေကြောင်း)၊ ဗိုလ်ကြီးခိုင်ထွန်း(ဆေးသုတေသန၊ အထက်မြန်မာပြည်)-မလဲ့လဲ့ဝင်း (အမက၊ တိုးကြီးကုန်း၊ ပြင်ဦးလွင်)၊ မဝင့်ဝါထွန်း(CISM)တို့၏မိခင်၊ မောင်ခိုင်ခန့်ကျော်၊ မမေဇင်ဖူးတို့၏အဘွားသည် ၂၃-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ပြင်ဦးလွင်ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၂-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင် အနီးစခန်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသြဘာသ

(ရပ်ကွက်သံဃာ့နာယကဥက္ကဋ္ဌ၊ အောင်သပြေ၊ ရွှေညောင်မြို့)

သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

